
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၈၅၇၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၀၉၀၀၈၀၈

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊ ၅၅၂၁၈၃၊ ၅၅၂၁၀၄၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄။
ပထမအကြိမ် - ၂၀၀၉ ခုနှစ်၊ (ဇန်နဝါရီလ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်




## စာရေးသူ၏အမှာစာ

ကျွန်တော့်ရဲ့စာပေခရီးလမ်း လျှောက်လှမ်းခဲ့ရာ လမ်းတစ်လျှောက်ကို ပြန်ကြည့်လျှင် နှစ်ပေါင်းသုံးဆယ်ကျော်ခဲ့ပေပြီ။

ထိုခရီးလမ်းတစ်လျှောက်တွင် တွေ့ခဲ့ရသော အတွေ့အကြုံများမှာ မနည်းလှပေ။ ထိုအထဲတွင် ပရလောကသားများနှင့် ပတ်သက်သော အကြောင်းများစွာတို့လည်း ပါဝင်ခဲ့လေသည်။

ထိုအကြောင်းများကို ""တြိစက္က၊ တြိစက္ခ၊ တြိသစ်"" အမည်ဖြင့် ရေးသားသောဝတ္ထုများ၌ ထည့်သွင်းရေးသားခဲ့ရာ အုပ်ရေ(၁၀၀)ကျော် ခဲ့ပေပြီ။

ယခု ပညာဒီပ အမည်ဖြင့် ရေးသားသောဝတ္ထုများမှာ ပရလောကသားဟု ခေါ်သော တစ္ဆေသရဲများ၏အကြောင်းများသာဖြစ် သည်။

ထိုအကြောင်းများကို ပိုမိုစိတ်ဝင်စားသော စာဖတ်ပရိသတ်များ ပိုမိုအကြိုက်တွေ့စေမည့် ဇာတ်လမ်းများဖြစ်ပါသည်။ ရှေ့ဆက်၍ လည်း ထိုဇာတ်လမ်းများ ဆက်လက်တင်ဆက်ပေးပါမည်ဟု ပန်ကြား ရင်းနှင့်...

စာဖတ်သူများ၏မေတ္တာရိပ်အောက်မှ...

ပညာဒီပ

www.burmeseclassic.com

www.burmeseclassic.com

သာမန်မျက်စေ့ဖြင့် မြင်တွေ့နိုင်သည့်
အစွယ်ရှိသော ဆင်၊ ကျားတို့သည်လည်းကောင်း၊
အဆိပ်ပြင်းသော မြွေနဂါးတို့သည်လည်းကောင်း၊
ကြောက်မက်ဖွယ်ကောင်းလှသည့်။
အသက်အန္တရာယ် မရှိစေလိုက ဝေးရာက ရှောင်ကြဉ်ရာ၏။

သာမန်မျက်စေ့ဖြင့် မမြင်တွေ့နိုင်သည့်
ပရလောကသားဟု ဆိုအပ်သော
သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ ကျွတ်၊ နတ်ဆိုး အစရှိသည်တို့သည်
ကြောက်မက်ဖွယ်ကောင်းလှသည်။
အသက်အန္တရာယ် မရှိစေလိုပါက ဘုရား၊ တရား၊ သံဃာ
အစရှိသော ရတနာသုံးပါး ဂုဏ်တော်များနှင့် ကာကွယ်ရာ၏။

ရှောင်ကြဉ်၍သော်လည်းကောင်း၊
ကာကွယ်၍သော်လည်းကောင်း
မရနိုင်သော အန္တရာယ်ကား
မိမိရင်ထဲမှာပင် ပုန်းခိုနေ၏။

အခြားမဟုတ်ပေ။
အစွဲအလန်း...
ဥပါဒါန်ပင်ဖြစ်၏။

ဒေါက်တာကျော်စွာ




## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) ရင်ခွဲရုံအနီးမှ အရိပ်မည်း
အခန်း(၂) ပြုစားတတ်သောပညာများ
အခန်း(၃) သုသာန်မှ ထလာသောဝိညာဉ်
အခန်း(၄) သစ်ကနက်သားရုပ်တုနှင့် ဆန်းကြယ်မှု
အခန်း(၅) အသက်ဝင်လာသောရုပ်တု
အခန်း(၆) သံသယဥပါဒါန်
အခန်း(၇) အရိပ်မည်းနှင့် ထူးဆန်းမှု
အခန်း(၈) သရဲခြောက်သောအိမ်ကြီး
အခန်း(၉) သရဲစီးနေသော သစ်ကနက်ရုပ်ထု
အခန်း(၁၀) ထွက်ပြေးသွားသည့် မကောင်းဆိုးဝါး
အခန်း(၁၁) သေသူ၏ဝိညာဉ်များ
အခန်း(၁၂) သံသယနိဂုံး အပြုံးမျက်နှာ


www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁)

# ဂုင်ခွဲဂုံအနီးမှ အဂိုပ်မှုသိုး

(၁၉၅၀)ခုနှစ် ရှေးပိုင်းကာလများ၌ မော်ကျွန်းမြို့ကလေးသည် မြို့ဟူ၍သာ အမည်တပ်၍ခေါ်ကြရသော်လည်း မြို့ကွက်အနေအထား အရ လွန်စွာသေးငယ်သော မြို့တစ်မြို့ ဖြစ်ပေသည်။

အင်္ဂလိပ်များ အုပ်ချုပ်စဉ်က မြူနီစီပယ်ရုံး၊ မြို့မဈေး၊ စာသင် ကျောင်း(ယခင်က တန်းမြင့်ကျောင်းဟု ခေါ်ပြီး ယခု အထက(၁) ကျောင်း) ဆေးရုံ၊ တရားရုံး၊ ဂါတ်တဲ အစရှိသည်တို့ကို မြို့လည်တစ်ပိုက် ၌သာ တည်ဆောက်ထားခဲ့ကြသည်။

အနောက်ဘက် တာဝတိံသာဘုရားလမ်း အနောက်ပိုင်းမှာ တော့ ဘုရားနှင့် ကျောင်းများသာ ရှိသည်။

☺ အောင်မြင်စာအုပ် ☺

www.burmeseclassic.com

www.burmeseclassic.com



(၁၃)လမ်းတစ်လျှောက်မှာ စတုဘုမ္မိကကျောင်းနှင့် သူဌေးကျောင်းတို့သာ ရှိပြီး သံသေတ္တာချောင်း ဟိုဘက်မှာ ဘာမှမရှိတော့ပေ။ သံသေတ္တာချောင်းဆိုသည်မှာ မူလအမည်တော့ မဟုတ်ပေ။ ကုလားလူမျိုးတစ်ယောက်က ထိုချောင်းအတွင်းမှ သံသေတ္တာတစ်လုံး ရသွားပြီး ချမ်းသာသွားသောကြောင့် သံသေတ္တာချောင်းဟု အမည်တွင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်း၏တိုက်အိမ်ကြီးမှာ (၁၅)လမ်းဟု ခေါ်သော ကမ်းနားလမ်းနှင့် သံသေတ္တာချောင်းထောင့်ဘက်တွင် ရှိလေသည်။

ရှေးကတော့ တိုက်အိမ်ကြီးမှာ မော်ကျွန်းမြို့ပေါ်တွင် အကြီးဆုံးနှင့် အခန့်ထည်ဆုံး တိုက်ကြီးတစ်လုံးဖြစ်သည်။ ခြံဝန်းကြီးမှာလည်း အကျယ်ကြီး ရှိလေသည်။

၎င်းသူဌေး လှူဒါန်းထားသော ဘုန်းတော်ကြီးကျောင်းမှာ (၁၃)လမ်း၌ ရှိပြီး သူဌေးကျောင်းဟုပင် ခေါ်ကြသည်။ (၁၃)လမ်းနှင့် (၁၂)လမ်းထိပ်တွင် ကုလားဗလီတိုက်ကြီး ရှိသည်။ လွတ်လပ်ရေး ရပြီးစအချိန်တွင် တောနယ်များ၌ ရောင်စုံသူပုန်များ သောင်းကျန်း နှိပ်စက်သောကြောင့် တောမှာ နေကြသူများ ထွက်ပြေးကြရလေသည်။

ထိုလူများသည် မော်ကျွန်းမြို့ပေါ်သို့ တက်ပြေးလာကြရာ (၁၂)လမ်းနှင့် (၁၃)လမ်းတစ်ဝိုက် ကုလားဗလီတိုက်ကြီးကို ပတ်၍ နေအိမ်များ ဆောက်လုပ်၍ နေထိုင်ခဲ့ကြရသည်။ တာဝတိံသာလမ်းတစ်လျှောက်မှာလည်း မဟာဝတ္ထုကံကျောင်း၊ တာဝတိံသာဘုရား၊ ကြေးဆင်းတုဘုရား၊ ကျောက်ဆင်းတုဘုရားနှင့် ဘုန်းတော်ကြီးကျောင်းများ ရှိသည်။

ဘုရားကြီးတိုက်ကျောင်းမှာ ကြေးဆင်းတု၊ ကျောက်ဆင်းတု





ဘုရားနှစ်ဆူကြား၌ ရှိပြီး 'မင်းကျောင်း' ဟူသော ဘုန်းတော်ကြီးကျောင်းမှာ မြောက်ဘက်၌ ရှိသည်။ ထိုဘုန်းကြီးကျောင်းများ နောက်ဘက်တွင် (၁၃)လမ်းက ပတ်ထားကာ ထိုလမ်းက မော်ကျွန်းသုသာန်အထိ ပေါက်လေသည်။

ထိုလမ်းကို မသာချသောလမ်းဟုပင် ခေါ်ကြသည်။

ထိုလမ်း၏အနောက်ဘက်မှာတော့ စပါးစိုက်သော လယ်ကွင်းများသာ ရှိတော့သည်။

(၁၉၆၀)ပြည့်နှစ် နောက်ပိုင်းတွင် ကုလားဗလီတဝိုက်နှင့် သံသေတ္တာချောင်းတစ်ဝိုက်၌ နေထိုင်ကြသူများ အပါအဝင် ကျူးကျော်နေထိုင်သူများကို မြို့သစ်များ ဖွင့်ကာ နေရာချပေးခဲ့လေသည်။

အောင်ရိပ်သာလမ်း၊ ဗိုလ်ချုပ်လမ်းမကြီးနှစ်လမ်းကို အရှေ့အနောက် သွယ်တန်းပြီး ထိုလမ်းမကြီးနှစ်ခုကို လမ်းသွယ်ကလေးများဖောက်ကာ နေရာချပေးခဲ့သည်။

ထိုလမ်းသွယ်များကို ပန်းနာမည်များ ပေးခဲ့သည်။

မြို့သစ်တည်စက ထိုလမ်းမကြီးနှစ်လမ်းမှာပင် ရွှံ့ဗွက်ထသောသောနှင့် ဖြစ်ကာ အချို့လမ်းသွယ်များမှာ ရွှံ့တာလမ်းပင် မဖို့နိုင်သဖြင့် သင်ပေါင်းသား တံတားများ ထိုးထားကြရသည်။ ထိုမြို့သစ်များသို့ ကျူးကျော်တဲများ ရွှေ့ပြောင်းပေးလိုက်သောအခါ ယခင်ကမှ လူနေအိမ်ခြေနည်းလှသော မော်ကျွန်းမြို့ကလေးမှာ ပို၍ခြောက်သွေ့သွားခဲ့လေသည်။

တာဝတိံသာဘုရားလမ်းတစ်ဝိုက်မှာ ပို၍တိတ်ဆိတ်သွားလေတော့သည်။



www.burmeseclassic.com

ထိုအချိန် မြို့သစ်ဘက်မှ မြို့တွင်းသို့ လာသူများမှာ အောင်ိုင်သာဘက်၌ နေထိုင်သူများက ဘုရားကြီးတိုက်ကျောင်းနှင့် ကျောက်တော်ကြီးဘုရားကြားလမ်းမှ လာကြပြီး ဗိုလ်ချုပ်လမ်းမဘက်မှ လာသူများကတော့ ထိုလမ်းအတိုင်း တဖြောင့်တည်း မြို့ထဲသို့ လာကြသည်။

ဈေးအခါက ကျောက်ဆင်းတုဘုရားရှေ့တဝိုက်မှာ မြေကွက်လပ်ကြီး ရှိပြီး ထိုမြေကွက်လပ်အရှေ့ဘက်တွင် မော်ကျွန်းမြို့သူမြို့သားများ အားထားရာ ဆေးရုံရှိလေသည်။

ထိုဆေးရုံတွင် ကုလားဆရာဝန်ကြီးများ၊ ပန်ချာပီဆရာဝန်ကြီးများက လူနာများကို ကုသပေးကြသည်။

ဆေးရုံနှင့် မလှမ်းမကမ်းမှာ ရင်ခွဲရုံလည်း ရှိသည်။

လူသေများကို ရင်ခွဲ၍ ထားသောနေရာဖြစ်သည်။

ထိုရင်ခွဲရုံသည် အုတ်တိုက်ငယ်ကလေးတစ်လုံးသာဖြစ်ပြီး သရဲခြောက်သည်ဟု နာမည်ကြီးလှသည်။

ဘုရားလမ်းနှင့် ဆေးရုံကြားတွင် မြေကွက်လပ်ကြီးသာ (ယခုတော့ ဘောလုံးကွင်း ဖြစ်နေချေပြီ)ရှိပြီး လူနေအိမ်ခြေ မရှိသလိုသွားလူလာလည်း မရှိသောနေရာလည်းဖြစ်သည်။

ညအချိန် မဆိုထားနှင့်၊ နေ့ဘက်အချိန်များတွင် တစ်ယောက်ချင်း နှစ်ယောက်ချင်း မသွားမလာဝံ့ကြပေ။

ညအချိန်တွင် ထိုနေရာမှ ဖြတ်သွားသူတိုင်း တစ်နည်းမဟုတ်တစ်နည်း သရဲအခြောက်ခံကြရသည်။

ထိုအချိန်ကလည်း မော်ကျွန်းမြို့၌ ရှိသော ပတ္တမြားမျက်ရှင်ရုပ်ရှင်နှစ်ရုံတွင် အများအားဖြင့် ပြသသော ဇာတ်ကားများမှာ သိုက်





သမိုင်းဇာတ်ကားများသာဖြစ်သည်။

ရွှေဘ ပါဝင်သော ဇာတ်ကြမ်းကားများနှင့် သိုက်သမိုင်းကားများမှာ လူကြိုက်အများဆုံးဖြစ်သည်။

စုန်းကဝေနှင့် ဆရာ ပညာပြိုင်သောအခန်းများ၊

တစ္ဆေသရဲတို့၏ခြောက်လှန့်ဖျက်ဆီးပုံများ၊

သိုက်နန်းရှင်တို့၏ပညာပြခန်းများ၊

လူနှင့် သိုက်နန်းရှင်တို့၏ကြေကွဲဖွယ်ရာ အချစ်ဇာတ်လမ်းများမှာ လူကြိုက်များခဲ့ကြသည်။

ထိုခေတ်က သရုပ်ဆောင်များ ဖြစ်ကြသော ခင်မောင်ဇင်ကြည်ကြည်ဌေး၊ ဒေါ်မြလေး၊ တာတေကြီးတို့မှာ အကွဲညီလှသောဇာတ်ရုပ်များဖြစ်ခဲ့ကြသည်။

ထိုခေတ်အခါက စုန်း၊ ကဝေ၊ သရဲ၊ သိုက် ဇာတ်ကားများအထူးပင် ခေတ်စား၍ လူကြိုက်များခဲ့လေသည်။

ထိုဇာတ်ကားများ ရုံတင်သောအခါ လူဝင်စေရန် ကြော်ငြာပုံကလည်း ယခုကာလနှင့် မတူပေ။

ရုံရှေ့တွင် မဏ္ဍပ်ကြီးများ ထိုးကာ နတ်ကနားပွဲများ ကျင်းပပြုလုပ်ကာ ကြော်ငြာကြသည်။

မြန်မာလူမျိုး(အမျိုးသမီးများ)များမှာ နတ်ပွဲကို စိတ်ဝင်စားကြသဖြင့် တိုးဝှေ့ကြည့်ရင်းမှပင် ဇာတ်ကားဆီသို့ စိတ်ရောက်သွားကာရုံအတွင်းသို့ ဝင်ရောက်ကြည့်ရှုကြသည်။

ထိုအချိန်က သိုက်သမိုင်းကား ပြသသော ရုပ်ရှင်ရုံများရှေ့တွင်နတ်ဒိုးသံများ ဆူညံနေတော့သည်။

နတ်ပွဲကို စိတ်ရောက်ရာမှ ရုပ်ရှင်ရုံအတွင်းသို့ တိုးဝှေ့ဝင်ကြသည်လည်း ရှိသည်။

ထိုအချိန်က ရာဇဝင်ဇာတ်ကား၊ စုန်းကဝေ၊ သိုက်၊ သရဲ ဇာတ်ကားများမှာ အများဆုံး ပါဝင် သရုပ်ဆောင်ခဲ့သူများမှာ ခင်မောင်ဇင်၊ ခင်မောင်ညွန့်၊ အေဝမ်းညွန့်မောင်၊ တင်ညွန့်၊ ရွှေဘ၊ ရွှေကို၊ ကျော်ဖေ၊ မြင့်စိုး၊ ကြည်ကြည်ဌေး၊ မေရီမြ၊ မေရီမြင့်၊ စံရှားတင်၊ ခင်ခင်ဥ၊ ခင်မကြီး၊ မြမြရီ၊ ခင်ဖြူ၊ မေနု အစရှိသော မင်းသား မင်းသမီးများဖြစ်ကြသည်။

ဇာတ်ပို့ဇာတ်ရံအတွဲမှာတော့ တာတေကြီးနှင့် ဒေါ်မြလေးတို့အတွဲမှာ အများဆုံး သရုပ်ဆောင်ကြရသည်။

တာတေကြီးက သရဲသဘက် အခန်းမျိုး သရုပ်ဆောင်ကောင်းပြီး ဒေါ်မြလေးက စုန်း၊ ကဝေနေရာမှ သရုပ်ဆောင် ကောင်းလှပေသည်။

ထိုခေတ်က ဒါရိုက်တာများမှာလည်း ဦးဘဇင်၊ ဦးချစ်ဖေ၊ ဆရာရွှေ၊ အေဝမ်းညွန့်မောင်၊ ဦးစိုးမောင်၊ မျိုးမြင့်အောင်၊ ဦးဘိုးဟန်၊ မောင်မောင်စိန် အစရှိသော ဒါရိုက်တာများမှာ သိုက်သမိုင်းကား၊ တစ္ဆေသရဲကားများ ရိုက်ကူးရာတွင် လက်ရာမြောက်ကြလေသည်။

တစ်ချိန်က နာမည်ကျော်ကြားခဲ့သော ရုပ်ရှင်ဇာတ်ကားများမှာလည်း ပြဒါးရှင်၊ ရှင်ဖြူရှင်ညို၊ မင်းစိန်မင်းသိန်း၊ ဆယ်တော်သခင်မ၊ ရှင်မတောင်သိုက်၊ ဘိုးမယ်တက်ခါး၊ ဘိလပ်ပိုးဥ၊ မှော်ဘီ မနှင်းစိန်၊ ဘန်တော်မောင်နှမ၊ နှစ်ဆောင်ပြိုင်၊ ရတနာရွှေဂူ၊ ရွှေချိုးဖြူမူလခဲ၊ ဒိုင်းအင်းသိုက် အစရှိသည်တို့ ဖြစ်ပေသည်။





နောက်တော့ “(၁၉၆၂)ခုနှစ်၊ ဇူလိုင်လ(၂၇)ရက်နေ့” တွင် စုန်း၊ ကဝေနှင့် သရဲရုပ်ရှင်ကားများ ထုတ်လုပ်ပြသခွင့် မပြုတော့ဟု သတင်းထုတ်ပြန်ကာ အားလုံးကို ရပ်လိုက်လေတော့သည်။

သို့စေကာမူ သရဲ၊ တစ္ဆေ၊ စုန်း၊ ကဝေ စွဲလမ်းစိတ်များက မကုန်ကြသေးဘဲ တစ်စုံတစ်ခုဖြစ်တာနှင့် ထိုအကြောင်းများကိုသာ ယိုးစွပ်ခဲ့ကြလေသည်။

မော်ကျွန်းမြို့ကလေးမှာလည်း လူနေအိမ်ခြေထက် ကြီးမားသော ဘုရားနှင့် ကျောင်းပရဝုဏ်များက ပိုမိုများပြားလေရာ ဘုရားကြား၊ ကျောင်းကြားများနှင့် ပတ်သက်သော တစ္ဆေသရဲ ဇာတ်လမ်းများစွာတို့လည်း ပေါ်ပေါက်ခဲ့ပေသည်။ ရုပ်ရှင်ရုံများမှာ သိုက်သမိုင်း ဇာတ်ကားများ ပြသောညများတွင် ဘုရားကြား၊ ကျောင်းကြားများမှ ဆိုက်ကားခေါ်စီးပြီး လမ်းရောက်ကာမှ ကြောက်မက်ဖွယ်ရာများ တွေ့ပြီး ပြန်ဆင်းပြေးကြရသူများလည်း ရှိသည်။

ထိုထက် ရင်ခွဲရုံနှင့် နီးသောနေရာများတွင် သရဲတစ္ဆေခြောက်လှန့်မှုများက ပိုမိုကြုံတွေ့ရသည်။

ဆေးရုံမှာ အင်္ဂလိပ်လက်ထက်က ဆောက်ထားသော ဆေးရုံ ဖြစ်သောကြောင့် အတော်ကို ဟောင်းနွမ်းလျက်ရှိနေပြီ။

မိုးထားသော အုတ်ကျွပ်ပြားများမှာ ရေညှိအံလိမ်းလိမ်း တတ်လျက် ကွဲသည့်နေရာကကွဲ၊ ပေါက်သည့်နေရာက ပေါက်နေလေသည်။

မှန်တံခါးများဆိုလျှင်လည်း ထိုအတိုင်းပင်။

ရှေးက ပြုလုပ်တပ်ဆင်ထားသည့် မှန်တံခါးများဖြင့် ဆေးရောင်များ လွင့်ပြယ်ကာ မှန်အရောင်များကလည်း မကြည်လင်တော့

www.burmeseclassic.com



ပေ။

ထို့ပြင် မှန်တံခါးအချို့မှာလည်း ကွဲအက်နေသည်။

အဆိုးဆုံးကတော့ ရင်ခွဲရုံဖြစ်သည်။

ရင်ခွဲရုံမှာ ဆေးရုံအနောက်ဘက် ပေတစ်ရာကျော်ခန့်မှာ ရှိပြီး အုတ်ဖြင့် ပြုလုပ်ထားသော တိုက်ငယ်ကလေးဖြစ်သည်။ လေးဖက် လေးတန် ရေညှိများ တက်နေပြီး အမိုးအုတ်ကြွပ်ပြားများကလည်း အချို့ပေါက်ကွဲနေသည်။

မှန်တံခါးများမှာ ကွဲအက်နေပြီး လေတိုက်လိုက်တိုင်း တကျွီကျွီ အချိုင်းဂျိုင်းဖြင့် မြည်နေတော့သည်။

လူသေအလောင်းများကို ရင်ခွဲရာ၌ အသုံးပြုပြီး ဆေးရုံ၌ သေ ဆုံးသွားသော အလောင်းများကိုလည်း ထိုရင်ခွဲရုံ၌ပင် ထားလေသည်။

ယခုခေတ်ကာလကဲ့သို့ ရေခဲတိုက်ကဲ့သို့ အအေးခန်းဖြင့် ထား သည် မဟုတ်သောကြောင့် သွေးညှီနံ့၊ အပုတ်နံ့များက မပြတ်ရှိနေ သည်။

ထိုရင်ခွဲရုံနားကို ညအခါ မဆိုထားနှင့်၊ နေ့ဘက်အချိန်မှာပင် ဝယ်သူမှ မသွားဝံ့ကြပေ။

ထိုအချိန်က ဆေးရုံ၌ အလုပ်လုပ်သော အလုပ်သမားများမှာ ကုလားလူမျိုး များလေသည်။

ဆရာဝန်၊ ဆရာမနှင့် အခြားအလုပ်သမားအားလုံး ကုလား လူမျိုးများသာဖြစ်သည်။

တိုင်းရင်းသား ဆရာဝန်ဟူ၍ တစ်ခါတစ်ရံမှသာ ရောက်လာ လေ့ရှိသည်။





မော်ကျွန်းဆေးရုံတွင် နောက်ဆုံးတာဝန်ထမ်းဆောင်သွား သော ဆရာဝန်မှာ ပန်ချာပီ ဆရာဝန်ကြီး မစ္စတာဆင်းပင် ဖြစ်လေ သည်။

၎င်းရွှေ့ပြောင်းသွားပြီးနောက်တွင် နောက်ထပ် တာဝန်ထမ်း ဆောင်မည့် ဆရာဝန်အသစ် ရောက်မလာသေးသောကြောင့် ရှိသည့် ဆရာမများက ရောဂါဝေဒနာများကို ကုသပေးကြရသည်။

သို့သော်လည်း ၎င်းတို့မှာ ဆေးထိုး ဆေးပေးရုံလောက်သာ ကျွမ်းကျင်ကြသောကြောင့် ခွဲစိတ်ကုသရမည့် လူနာများအတွက်က တော့ အခက်ကြုံကြရသည်။

တစ်နေ့တော့ ဆေးရုံသို့ အရေးပေါ်လူနာတစ်ယောက် ရောက်လာသည်။ ထိုလူနာမှာ ပြင်းထန်သော အဆိပ်ရည်များကို သောက်သဖြင့် မချိမဆန့် ဖြစ်ကာ မျက်လုံးက ပြူးထွက်နေပြီး လျှာပါ ထွက်နေလေသည်။

သူ၏အမည်မှာ မောင်ဘစိန်ဖြစ်ပြီး အသက်(၃၀)အရွယ်ခန့် သာ ရှိသေးသော ကုလားလူမျိုးတစ်ယောက်ဖြစ်သည်။

မောင်ဘစိန်သည် ဈေးကြီးအတွင်းမှာ ကုန်မျိုးစုံ ရောင်းချ သောဆိုင်ရှိပြီး ထိုဈေးထဲမှာပင် အထည်ရောင်းနေသော မိန်းကလေး တစ်ဦးကို အရူးအမူး နှစ်သက်စွဲလန်းရာမှ နည်းအမျိုးမျိုးဖြင့် ကြိုးစားပါ သော်လည်း နောက်ဆုံး မရသဖြင့် စိတ်ညစ်ကာ ပြင်းထန်သော အဆိပ် ရည်များ သောက်ကာ ဆေးရုံသို့ ရောက်လာခြင်းဖြစ်လေသည်။

သူရောက်လာသောအချိန်မှာ ဆရာဝန်အသစ်ကလည်း ရောက်မလာသေးသောကြောင့် ရှိသည့်ဆရာမများက တတ်စွမ်းသမျှ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား၍ကုသကြပါသော်လည်း ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးဖြင့် စူးစူးဝါးဝါး အော်ဟစ်ရင်း နောက်ဆုံး အသက်ထွက်သွားတော့သည်။

မောင်ဘစိန် သေဆုံးသွားသော်လည်း ရာဇဝတ်မှု မကင်းသဖြင့် ချက်ချင်းသင်္ဂြိုဟ်၍မရသေးသောကြောင့် အလောင်းကို ရင်ခွဲရုံသို့ ပို့ထားရလေသည်။

ယခင်က ရင်ခွဲရုံတစ်ဝိုက်မှာ သရဲခြောက်သည်ဟု နာမည်ကြီးနေရာ ယခုကဲ့သို့ မောင်ဘစိန်အလောင်း ရောက်လာပြီး နောက်ပိုင်းမှာ ပိုမိုဆိုးဝါးလာတော့သည်။

မောင်ဘစိန်မှာ ကုလားလူမျိုးတစ်ယောက်ဖြစ်သဖြင့် အသားက မည်းမည်း၊ လူပုံက အရုပ်ဆိုးဆိုးနှင့်ဖြစ်ရာ အဆိပ်သောက်၍ သေဆုံးသွားသောအခါ ၎င်း၏ပုံစံမှာ ပိုမိုကြောက်မက်ဖွယ် ရှိနေတော့သည်။

ညဂျူတီကျသော ဆရာမများ၏ပြောပြချက်အရ ညအချိန်များတွင် ရင်ခွဲရုံဘက်မှ စူးစူးဝါးဝါးအော်သံများ၊ မည်းမည်းသဏ္ဍာန်များ သွားလာလှုပ်ရှားနေသည်ကို မြင်ရကြားရသည်ဟု ပြောကြသည်။

ယခုအခါတွင် ဆေးရုံထောင့်နားတွင် သီးသန့်ဆောက်ထားသော ဆရာဝန်ကြီးအိမ်မှာလည်း နောက်ထပ်ဆရာဝန်အသစ်က ရောက်မလာသေးသောကြောင့် ဒီအတိုင်း ပိတ်ထားရာ ညအချိန်တွင် မှောင်မည်းလျက်ရှိလေသည်။

ညဂျူတီကျသော ဆရာမများနှင့် ညအလုပ်သမားများ၊ မီးလှသိမ်းသောကုလားများ ပြောပြချက်အရ ရင်ခွဲရုံအတွင်းမှ ထွက်လာ





သော မည်းမည်းသဏ္ဍာန်ကြီးမှာ ဆရာဝန် နေသောအိမ်ဘက်သို့ ကူးလိုက်သန်းလိုက် လုပ်နေသည်ဟု ဆိုရာ ဆေးရုံ၌ အလုပ်လုပ်နေသူများမှာ များစွာကြောက်ရွံ့ထိတ်လန့်မှု ဖြစ်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၂)

# ပြုစားတတ်သောပညာများ

မောင်ဘစိန် သေဆုံးသွားပြီးနောက် ဆေးရုံအနောက်ဘက်ရှိ ရင်ခွဲရုံနှင့် ဆရာဝန်ကြီး နေသောအိမ်၌ သရဲခြောက်သည်ဆိုသော သတင်းက မော်ကျွန်းမြို့တစ်မြို့လုံး ပြန့်နှံ့သွားသလို မောင်ဘစိန်နှင့် ခင်မျိုးသွယ်တို့ သတင်းကလည်း တောမီးလောင်သကဲ့သို့ ပြန့်နှံ့သွားလေတော့သည်။

တကယ်တော့ မော်ကျွန်းမြို့ကလေးမှာ ကျယ်ဝန်းလှသည် မဟုတ်သောကြောင့် ထိုသတင်းများမှာ တစ်ဆင့်စကား တစ်ဆင့်ဖြင့် ထိုမှ ချဲ့ကားပြန့်နှံ့သွားခြင်း ဖြစ်ပေသည်။

"ဟဲ့. . . နင်တို့ ကြားပြီးကြပြီလား၊ ဈေးထဲက သံတိုသံစ ရောင်းတဲ့ ကုလားဘစိန်တစ်ယောက် အဆိပ်သောက်သေတာ အထည် ရောင်းတဲ့ ခင်မျိုးသွယ်ဆိုတဲ့ ကောင်မလေးအတွက်ကြောင့်တဲ့ဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့. . . ကုလားဘစိန်က အဲဒီကောင်မလေးကို အရှုံးအမူး ကြိုက်နေတာကိုး၊ မရလို့ အဆိပ်သောက်သေတာ ဖြစ်မှာပေါ့"

"အဲဒါက အရေးမကြီးဘူး၊ အခု ဘစိန်ဘက်က ဆွေမျိုးအသိုင်းအဝိုင်းတွေက သိပ်ကျေနပ်ပုံ မရကြဘူး၊ ကောင်မလေးကို တစ်ခုခုလုပ်မှာ စိုးရိမ်ရတယ်"

"ဟဲ့. . . စိုးရိမ်ရတာပေါ့၊ သူတို့ဘက်မှာ ကုလားအောက်လမ်းဆရာတွေဘာတွေ ရှိတယ်လို့ ပြောတယ်၊ အဲဒီကုလားတွေက တစ်ခါတစ်ခါ ရောက်လာပြီး ရောဂါဖြစ်တဲ့ လူနာတွေကိုတောင် ဆေးကုပေးနေတာပဲ"

"ဒါဖြင့် ကောင်မလေးတော့ သနားစရာပါပဲ"

"ဒါထက် နေပါဦး၊ ဒီလိုကော လုပ်လို့ ပြုစားလို့ ရရဲ့လားဟဲ့"

"မရဘဲ ရှိပ့ါမလား၊ ပြုစားတယ်ဆိုတာ နေရာတကာမှာ ရှိတာပဲ၊ နင်တို့လည်း သိုက်သမိုင်းကားတွေ မလွတ်တမ်း ကြည့်နေကြတာပဲ၊ သိုက်သမိုင်းကားတွေထဲမှာ စုန်းကဝေ လုပ်တဲ့ ဒေါ်မြလေး ပြုစားလို့ ဒုက္ခရောက်တဲ့ဇာတ်လမ်းတွေ အများကြီး ပါတာပဲ"

"ဟုတ်တယ်. . . ဟုတ်တယ်၊ ဒါထက် ငါပြောရဦးမယ်၊ ငါတို့ငယ်ငယ်တုန်းက ငါတို့ဘကြီးတစ်ယောက် ကြုံခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုတောင် ရှိသေးတယ်၊ ငါ အခုမှ သတိရတယ်"

"ဟဲ့. . . ဒီလိုဆိုရင်လည်း ပြောပြစမ်းပါဦး၊ ရုပ်ရှင်ရုံမှာ သွားကြည့်ရင် ပိုက်ဆံငါးမူးတောင် ကုန်ဦးမှာ၊ ငါတို့က အဲဒီလို ထူးဆန်းတဲ့ အကြောင်းတွေကို သဘောကျလို့ပါ"





ဈေးအတွင်း ဈေးရောင်းနေသူများမှာ မနက်ပိုင်း လူစည်ကားသောအချိန်၌ ဂရုတစိုက် ရောင်းချကြပြီး နေ့လည်ဘက် ဈေးကွဲချိန်တွင် နားကြရသည်။

ထိုအချိန်တွင် နေ့လည်စာ စားသောက်ရင်းနှင့် အချင်းချင်း ဝိုင်းဖွဲ့စားသောက်ကာ ထွေရာလေးပါး ပြောဆိုနေကြလေသည်။ ထိုသို့ ဝိုင်းဖွဲ့ရင်းမှာပင် တစ်ယောက်က ၎င်းတို့သားချင်းထဲမှ ကြုံတွေ့ခဲ့ရသောအကြောင်းများကို ပြန်ပြောပြလေသည်။

တစ်ခါက ဆေးဆရာပေါက်စ ကိုဘဖံသည် ယောနယ်စပ်ရှိ ရွာတစ်ရွာသို့ ဆေးကုရန် သွားရောက်လေသည်။

၎င်းမှာ ဆေးကုရာတွင် အစွမ်းအစ ရှိသော်လည်း ပယောဂနှင့် သက်ဆိုင်သောကိစ္စများတွင်မူ ကောင်းစွာမကျွမ်းကျင်သေးပေ။ တစ်ခုတော့ ရှိသည်။ ဘုရားတရားသံဃာ ရတနာသုံးပါးကိုတော့ ကြည်ညိုအားကိုးသူ ဖြစ်ပေသည်။

ဘုရား တရား သံဃာ ရတနာသုံးပါး ဂုဏ်ကျေးဇူးနှင့်ပင် အန္တရာယ် အနှောင့်အယှက် အမျိုးမျိုးမှ လွတ်ကင်းခဲ့ရသူ ဖြစ်ပေသည်။

ထိုရွာသို့ ဆေးကုသွားရာတွင် နောက်မှ တပည့်တစ်ယောက်ကိုပါ ခေါ်သွားလေသည်။

ရွာသို့ မရောက်မီ လမ်းခုလတ် တစ်နေရာတွင် ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ဝင်ရောက်ကာ ညအိပ်တည်းရလေသည်။

ထိုအခါ ကျောင်းထိုင်ဘုန်းကြီးက မေးသည်။

"ဒကာတို့ ဘယ်ရွာသွားကြမှာလဲ"

"မင်းမခရွာ သွားမှာပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက် သွားကြမှာလဲ"

"ဆေးကုဖို့ သွားကြမှာပါဘုရား"

"အရင်က မင်းမခရွာ ရောက်ဖူးသလား၊ ရွာရဲ့အကြောင်းကို ရော ဘယ်လောက်သိထားသလဲ"

"တစ်ခေါက်မှ မရောက်ဖူးပါဘူး ဘုရား၊ ရွာအကြောင်းကို လည်း ဘာမှမသိပါဘူး"

"မင်းမခရွာဆိုတာ သာမန်မဟုတ်ဘူးကွယ့်၊ ပညာသည်တွေ အလွန်ပေါတဲ့ရွာပဲ၊ တစ်ရွာလုံး ပညာသည်တွေချည်းပဲ"

"တပည့်တော်တို့က သူတို့ကို အနှောင့်အယှက်ပေးဖို့ သွားတာ မှ မဟုတ်တာ၊ ဆေးကုဖို့ပဲ သွားမှာဆိုတော့ မနှောင့်ယှက်တန်ပါဘူး ဘုရား"

"အေး. . . ဒါပေမယ့် သတိဝီရိယတော့ ထားပြီး သွားကြ မင်းမခရွာ ရောက်ရင် ရွာထိပ်မှာ ဒေါ်မင်းဇာဆိုတဲ့ အဖွားကြီးတစ် ယောက် ရှိတယ်၊ ရွာရောက်တာနဲ့ သူ့ဆီ အရင်ဝင်ပြီး ခွင့်တောင်းကြပေ တော့"

"တင်ပါ့ဘုရား"

၎င်းတို့ တည်းနေသောကျောင်းမှာ မင်းမခရွာနှင့် မဝေးလှပေ။ ညအချိန်ရောက်သောအခါ ထိုရွာရှိရာဘက်မှ မီးလုံးကြီးများ အပေါ် ဝဲတက်လာလိုက်၊ အောက်သို့ ပြန်ဆင်းသွားလိုက် ဖြစ်နေသည်ကို ကျောင်းပြတင်းပေါက်မှ လှမ်းမြင်နေကြရသည်။

ထိုအခါ တပည့်ဖြစ်သူက မေးသည်။

"ဆရာ. . . ဟိုမှာ လှမ်းမြင်နေရတာ စုန်းတောက်စားတာ





လား"

"ညဘက်တွေမှာ အလင်းရောင် တောက်ပတာ မြင်တိုင်းတော့ စုန်းကဝေ တောက်စားတယ်ရယ်လို့တော့ အတပ်ပြောလို့ မရဘူး၊ သဘာဝပစ္စည်းတွေ တောက်စားတာလည်း ဖြစ်နိုင်ပါတယ်"

"ဘယ်လို သဘာဝပစ္စည်းတွေ တောက်စားတာလဲ ဆရာ၊ ကျွန်တော့်ကို ပြောပြစမ်းပါ"

ကိုဘဇံမှာ စာပေဖတ်ရှုလေ့လာမှု အတော်အတန် ပြည့်စုံသူမို့ အကြောင်းအရာတစ်ခုခုကို သေချာကျနစွာ ပြောပြနိုင်ပေသည်။ တောက်စားခြင်းနှင့် ပတ်သက်၍ နှစ်မျိုးနှစ်စား ရှိသည်။

(က) သဘာဝ ဝတ္ထုပစ္စည်းများ၏ ပင်ကိုယ်ထွန်းလင်းတောက်ပခြင်း ကို သာမန်အားဖြင့် တွေ့မြင်ရသူတို့က တောက်စားသည်ဟု ခေါ်ဝေါ်သတ်မှတ်ကြခြင်း၊

ဥပမာ-ပြဒါးရှင်လုံးကဲ့သို့ အဂ္ဂိရတ်ပစ္စည်းတစ်မျိုးမျိုး တောက် ကင်၍ ဖျံ့ဝဲတောက်ပခြင်းမျိုး ဖြစ်သည်။

(ခ) လောကီဝိဇ္ဇာပညာအားဖြင့် မိမိတို့၏ကိုယ်ခန္ဓာအတွင်း၌ ရှိ သော ထွန်းလင်းတောက်ပစေသည့် အရာဝတ္ထုများကို အရောင်ထွက်စေခြင်း ဖြစ်သည်။

ဥပမာ-နတ်သိကြားတို့ ကိုယ်ရောင်ကိုယ်ဝါ တောက်ပခြင်းတို့ ဖြစ်သည်။

သဘာဝပစ္စည်းတို့ ထွန်းလင်းတောက်ပခြင်းမှာ ဖော့စပရတ် ဟု ခေါ်သော မီးစုန်းဓါတ်၏သဘောကြောင့် ဖြစ်သည်။ ဖော့စပရတ်ဟု ခေါ်သော မီးစုန်းဓါတ်၏သဘောကို ဂျာမ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံမှ ဒေါက်တာဟီနင်ဘရန်းက (၁၆၆၉)ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်။

မြန်မာနိုင်ငံ၌မူ ထွက်ရပ်ပေါက် ဆရာတော် ရှင်အဇ္ဇဂေါဏဟု အမည်တွင်သော ရှင်မထီး ဆရာတော်က ၎င်း၏သိဒ္ဓိမြောက်သော ဓါတ်လုံးမှ တောက်စားခြင်းကို စတင်တွေ့ဟန်ရှိသည်။

မီးစုန်းဓါတ်မှာ မီးစုန်းနီ၊ မီးစုန်းဝါ ဟူ၍ နှစ်မျိုးရှိပြီး အရိုးများ၊ ဆားငန်ရေများ၊ ကျင်ကြီးကျင်ငယ်များတွင် ခိုဝင်နေတတ်သည်။

ပင်လယ်ပြင်၌ မိုးရာသီ ဆားငန်ရေဓါတ် လျော့ပါးနေစဉ် မီးစုန်းဓါတ် မတွေ့ရဘဲ နွေရာသီ ဆားငန်ရေဓါတ် ပြင်းသောအချိန်တွင် မီးစုန်းဓါတ် တောက်စားလေ့ရှိသည်။

လူကို မီးသင်္ဂြိုဟ်သည့်အခါ အရိုး၌ ခိုအောင်းနေသော မီးစုန်းဓါတ်များ ဖြာထွက်လာသည်ကိုလည်း ရှိတတ်ပေသည်။ မြတ်စွာဘုရား၏ရောင်ခြည်တော်မှာ သဗ္ဗညု ဉာဏ်တော်ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်၏။

ရှင်မထီး၏ဓါတ်လုံးကို မစင်တွင်းထဲ ပစ်ချရာမှ အရောင်အဝါ ဖြာထွက်လာခြင်းမှာ မစင်တွင်း၌ ခိုအောင်းနေသော မီးစုန်းဓါတ်များနှင့် တွေ့ရာမှ ဖြစ်ပေါ်လာခြင်းဖြစ်၏။

မီးစုန်းဓါတ်သည် လူ၏ကိုယ်တွင်း၌ အရိုးများ၌သော်လည်းကောင်း၊ လက်သည်းများ၌သော်လည်းကောင်း ခိုအောင်းနေတတ်သည်။

လက်သည်းခြေသည်းမှာ မီးနှင့် တွေ့လျှင် ချက်ချင်းမီးတောက်လွယ်သည်။





သင်္ချိုင်းကုန်းများမှ ညအချိန် မီးစုန်းဓါတ် တောက်ခြင်းမှာ လူ့အရိုးစုများကြောင့် ဖြစ်သည်။

နေ့အချိန် တစ်နေကုန် ပူထားပြီး ညအချိန် အအေးဓါတ်နှင့် တွေ့သောအခါ အရိုးများအတွင်း ကိန်းအောင်းနေသော မီးစုန်းဓါတ်များ ထွက်လာပြီး ပူးပေါင်းသွားသောအခါ အလုံးသဏ္ဍာန် ဖြစ်သွားပြီး အမှောင်ထဲတွင် အဝေးမှ ကြည့်လျှင် မီးလုံးကြီးများ အပေါ်တက်လိုက် အောက်ဆင်းလိုက် မြင်ကြရသည်။

ထိုအခါ စုန်းတောက်စားသည်ဟု ထင်ကြသည်။

နွေအချိန် ပူပြင်းပြီး ညအချိန် အေးလာသောအခါ မစင်တွင်းများမှ မီးစုန်းဓါတ်များ ထွက်လာပြီး အလုံးကြီးများ ဖြစ်လာကာ တစ်နေရာမှ တစ်နေရာ ပျံ့ဝဲနေသည်ကို အဝေးမှ လှမ်းမြင်ရသောအခါ အိမ်ဒလိမ့်စုန်း(ခေါ်)ချေးစားစုန်းများ တောက်စားနေသည်ဟု အထင်များကြလေသည်။

နွေရာသီ ပင်လယ်ရေခန်းသွားပြီး ဆားငန်ရေဓါတ် ပြင်းလာသောအချိန် နေ့အခါ နေပူရှိန်ကြောင့် ရေမျက်နှာပြင် ပူနေပြီး ညအချိန် အအေးဓါတ်ဖြင့် တွေ့သောအခါ မီးစုန်းဓါတ်များ တောက်ပလာသည်။

အငွေ့များအသွင်မှ အလုံးအခဲအသွင်ပြောင်းပြီး တစ်နေရာမှ တစ်နေရာ ရွေ့လျားနေသည်ကို လှမ်းမြင်ကြသောအခါ 'ပင်လယ်စုန်း' တောက်ပသည်ဟု ထင်ကြသည်။

ရှေးအခါက ပင်လယ်စုန်းနှင့် ပတ်သက်သော အဖြစ်ဆိုးများ ရှိခဲ့ပေသည်။

ရှေးအခါက ပင်လယ်ထွက်သူများမှာ ယခုကာလကဲ့သို့ စက်



www.burmeseclassic.com

www.burmeseclassic.com



တပ်လှေများနှင့် မဟုတ်ဘဲ ရွက်နှင့် လက်ဖြင့် သွားရသော လှေကြီးများဖြင့် သွားကြရသည်။

လှိုင်းဒဏ်၊ လေဒဏ်၊ ပင်ပန်းမှုဒဏ် ခံနိုင်အောင် အရက်နှင့်ဘိန်းများ ယူဆောင်သွားကြသည်။

ပင်လယ်ထဲသို့ ပိုက်ချထားပြီး နားကြစဉ် အရက်ကြိုက်သူက အရက်သောက်၍ ဘိန်းကြိုက်သူက ဘိန်းရှူသည်။

၎င်းအလုပ်သမားများတွင် ဥပါဒါန် အစွဲအလန်းတစ်ခုရှိသည်။ မိမိတို့လှေသို့ ပင်လယ်စုန်း ကပ်လာပါက အခြားသူများက ရန်မရှာခင် မိမိက လက်ဦးမှု ရအောင် လုပ်ရမည်ဟူသော အစွဲအလန်းပင် ဖြစ်သည်။

နေ့အခါတွင် ပင်လယ်ပြင်ပေါ်တွင် မီးစုန်းဓါတ်များက နေရာအနှံ့အပြားတွင် ရှိနေရာ တစ်ကြိမ်မဟုတ်တစ်ကြိမ် လှေပေါ် ရောက်လာတတ်သည်။

အချို့က ရွက်တိုင်မှာ လာကပ်နေသကဲ့သို့ အချို့က လှေဝမ်းထဲအထိ ရောက်လာတတ်သည်။

အချို့ လူကို လာရောက်တွယ်ကပ်နေသည်လည်း ရှိသည်။

ထိုအရာကို ပင်လယ်စုန်း ကပ်သည်၊ မကောင်းဆိုးဝါး ကပ်သည်ဟု အယူအစွဲ ရှိထားရာ အရက်မူးမူး ဘိန်းမူးမူးဖြင့် အမှန်ကို မဆင်ခြင်နိုင်တော့သဖြင့် တစ်ယောက်နှင့်တစ်ယောက် ဓါးနှင့်ခုတ်၊ မှိန်းဖြင့် ထိုးကြရာ လှေတစ်စင်းလုံး သေကြရသည့် အဖြစ်ဆိုးများ ရှိကြလေသည်။

"အလင်းရောင်တွေ ကောင်းကင်ပေါ်မှာ ဝဲပျံနေတိုင်းတော့ စုန်းတောက်စားတာ မဟုတ်နိုင်ပါဘူးကွာ"

ကိုဘဇံက တပည့်ဖြစ်သူအား ပြောပြလေသည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ ဆရာတော်ကို ကန်တော့ပြီး မင်းမခရွာသို့ ခရီးဆက်ကြလေသည်။

ရွာအဝင်ရောက်သောအခါ တဲတစ်လုံး တွေ့ရသဖြင့် ဆရာတော် မှာလိုက်သည့်အတိုင်း ထိုတဲသို့ ဝင်သွားကြသည်။

တဲအတွင်းမှာတော့ အသက်အရွယ် ကြီးရင့်လှပြီဖြစ်သော အဘွားအိုတစ်ယောက် ပြောင်းဖူးဖက် ဆေးပေါ့လိပ်တစ်လိပ်ကို သောက်နေလေသည်။

"ဘယ်သူတွေလဲကွယ့်"

"ကျွန်တော်တို့ တစ်နယ်တစ်ကျေးက လာတာပါ"

"ဒီရွာကို ဘာကိစ္စရှိလို့ လာတာလဲ"

"ကျွန်တော်တို့ အသိမိတ်ဆွေတစ်ယောက်ကို ဆေးကုပေးဖို့ လာတာပါ၊ အဲဒါ အဖွားကို ဝင်ပြီးခွင့်တောင်းတာပါ"

"အေးလေ. . . မိတ်ဆွေအဖြစ်နဲ့ လာကြတာဆိုတော့ လုပ်စရာရှိတာ လုပ်ကြပေါ့၊ ဒါပေမယ့် သူ့စည်းကိုယ့်စည်းတော့ မဖောက်ကြနဲ့"

"စိတ်ချပါ အဖွား"

"အပြန်ကျတော့ ငါ့ဆီ ဝင်ပြီး ထမင်းတစ်နပ်တော့ စားသွားကြ"

"ကောင်းပါပြီ"

ဟု ပြောဆိုနှုတ်ဆက်ကာ ရွာထဲမှ အသိမိတ်ဆွေအိမ်သို့ သွားကာ ဆေးကုပေးလေသည်။







www.burmeseclassic.com

www.burmeseclassic.com



ထိုရက်အတွင်းမှာတော့ အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ရပေ။ အချို့ကတော့ ဆေးကုတာ ကြည့်ရင်းနှင့် မေးသည်။

"အဖွားနဲ့ တွေ့ပြီးခဲ့ကြပလား"

"တွေ့ပြီးပါပြီ. . . သူခွင့်ပြုလို့ လာတာပါ"

ထိုသို့ပြောလိုက်သည်နှင့် နောက်ထပ် ဘာမှမပြောတော့ပေ။

ကိုဘဇံတို့လည်း ဆေးကုသပေးပြီး ပြန်သောအခါ ကတိပေးထားသည့်အတိုင်း ဒေါ်မင်းဇာတဲသို့ ဝင်ကြသည်။

"ကျွန်တော်တို့ ပြန်တော့မလို့ လာပြီးနှုတ်ဆက်တာပါ အဖွား"

"ထမင်းတစ်နပ်တော့ စားသွားကြလေကွယ်"

ကိုဘဇံတို့မှာ ကြောက်သဖြင့် မစားလိုသော်လည်း ကတိပေးထားခဲ့ပြီး ဖြစ်သောကြောင့် ကြောက်ကြောက်နှင့်ပင် စားရလေသည်။

ထမင်းစားသောက်ပြီး နှုတ်ဆက်ကာ ထွက်လာကြလေရာ ရွာအလွန် ရောက်သောအခါ နှစ်ယောက်သား ဝမ်းဗိုက်အတွင်းမှ ကြက်တွန်သံများ ကြားကြရသည်။

"အောက်အီးအီးအွတ်"

"ဟင်. . ."

ရှေ့သို့ ခြေတစ်လှမ်း လှမ်းတိုင်း ကြက်တွန်သံ တစ်ခါကြားရသဖြင့် ရှေ့ဆက်မသွားဝံ့တော့ဘဲ ဒေါ်မင်းဇာ ရှိရာသို့ ပြန်လှည့်ကြရလေတော့သည်။

တဲသို့ ပြန်ရောက်သောအခါ. . .

"အဖွားရယ်. . . ဘယ်လိုများ လုပ်လိုက်တာလဲ၊ ကျွန်တော်တို့က အဖွားကို ဘာများ စော်ကားမိလို့လဲ၊ အခုလို လုပ်တာတော့





မကောင်းပါဘူး"

ဟု ပြောသောအခါ ဒေါ်မင်းဇာက ရယ်နေသည်။

"ငါက ခင်လို့ စတာပါကွယ်၊ နောက်ပြီး ငါ ဘယ်လိုလူဆိုတာ သိအောင်လည်း တမင်ပြုလိုက်တာပါ၊ ကဲ. . . ကဲ၊ ကိုယ့်လမ်းကိုယ် ဖြောင့်ဖြောင့်သာ သွားကြတော့၊ ဘာမှမဖြစ်စေရပါဘူး"

ဟု ရယ်ရယ်မောမောနှင့် ပြောဆိုပြီး ကျောကို လက်ဖြင့် သပ်ပေးလိုက်လေသည်။

ထိုအခါမှစပြီး နောက်ထပ် ဘာမှမဖြစ်တော့ဘဲ မိမိတို့ လိုရာခရီးသို့ အေးအေးဆေးဆေး သွားနိုင်ကြပေသည်။

"ငါတို့ဘကြီး ဦးဘဇံ ကြုံခဲ့ရတာ အဲသည်မျိုးတော့၊ အခုခင်မျိုးသွယ်ကိုလည်း ဟိုဘက်က လူတွေက မကောင်းမကြံဘူးလို့ မပြောနိုင်ဘူး၊ နောက်ပြီး ဘစိန်ကလည်း အစိမ်းသေ သေတာဆိုတော့ သူ့ကို စွဲလန်းစိတ်နဲ့ ကျွတ်ချင်မှ ကျွတ်မှာ၊ ခင်မျိုးသွယ်တော့ ဒုက္ခပါပဲ"

"အို. . . ဒါကတော့အေ၊ သူတို့ ဒီလိုကြုံစည်တော့လည်း ဆရာကောင်းတွေနဲ့ ကုတန်ကုမှာပေါ့၊ ဒီလောက်လည်း တွေးကြောက်နေစရာ မလိုပါဘူး"


"သူပြောတာ ဟုတ်တယ်ဟဲ့၊ ကုလားဘစိန်က သူ့ကို စွဲလန်းတဲ့စိတ်နဲ့ သေတာဆိုတော့ တစ်နည်းနည်းနဲ့တော့ သူ့ဆီ ရောက်လာမှာအမှန်ပဲ၊ ငါတော့ တွေးကြည့်ရုံနဲ့တင် ကျောထဲက စိမ့်လာသလိုပဲ"

ဟု ဈေးသည်အချင်းချင်း ပြောဆိုနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၃)

# သုသာန်မှ ထလာသောဝိညာဉ်

မောင်ဘစိန်အလောင်းကို ရင်ခွဲရုံ၌ ထားကြရာ သုံးရက်မြောက်သောနေ့တွင် ၎င်းနှင့် သက်ဆိုင်သော မိသားစုများ ရောက်လာကြပြီး သုသာန်သို့ ပို့ရန် ပြင်ဆင်ကြလေသည်။

၎င်းတို့သည် ကုလားလူမျိုးတို့ ထုံးစံအရ သင်္ဂြိုဟ်ကြရန် ဖြစ်သော်လည်း မော်ကျွန်း၌ သုသာန်တစ်ခုတည်းသာ ရှိသဖြင့် ထိုသုသာန်သို့ပင် ပို့ရန် စီစဉ်ကြသည်။

အသုဘ ချရန် ပြင်ဆင်ကြသူများထဲတွင် မိသားစုများအပြင် အသက်အရွယ်ကြီးကြီး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးရှည်ရှည်နှင့် လူတစ်ယောက်လည်း ပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် မောင်ဘစိန်မိဘများ ခေါ်လာသော ပယောဂဆရာပင် ဖြစ်သည်။ ထိုလူကပင် အသုဘချရန်ကိစ္စကို စီစဉ်လေသည်။

သုဿန်ရောက်အောင် လှည်းတစ်စီးဖြင့် သယ်ဆောင်သွားကြလေသည်။

ဈေးအတွင်းမှာ ဈေးရောင်းနေသူ ဖြစ်သောကြောင့် လူသိများသဖြင့် အသုဘ ချသောနေ့တွင် လိုက်ပို့သူများ ရှိလေသည်။

မြေမြှုပ်ကာနီးအချိန်ရောက်မှ အသုဘ ပို့သူများက ပြန်သွားကြလေသည်။

ထိုအခါ ပယောဂဆရာက ၎င်းအတွက် စီစဉ်စရာများကို စီစဉ်ပေးလေသည်။

ထိုအချိန်က မော်ကျွန်းသုဿန်၌ သုဘရာဇာအဖြစ် လုပ်ကိုင်နေသူမှာ ဦးအောင်ကိုး ဖြစ်သည်။

ဦးအောင်ကိုးသည် အသက်လေးဆယ်ကျော်အရွယ်ခန့် ရှိပြီး နှစ်ပေါင်းများစွာကတည်းက မော်ကျွန်းသုဿန်တွင် လုပ်ကိုင်နေသူဖြစ်၏။

၎င်းထံ၌ လူရိုးနှင့် ဖော်စပ်ထားသည့် သူငယ်နာဆေးမှာ များစွာအစွမ်းထက်လှပေသည်။

ကလေးများ သူငယ်နာ တက်သည့်အခါ ၎င်းဆေးနှင့် အုပ်ချပါက ချက်ချင်းရောဂါသက်သာလေသည်။

မောင်ဘစိန်မိဘများက ဦးအောင်ကိုးအား မြေကျင်းတူးရန် ပိုက်ဆံပေးလိုက်သဖြင့် အခြားအလောင်းများနှင့် လွတ်ကင်းသော နေရာတွင် မြေကျင်းတူးနေလေသည်။





သုဿန်တွင် လူရှင်းသွားသောအခါ ပယောဂဆရာက မောင်ဘစိန်အလောင်းမှ လက်ချောင်း၊ ခြေချောင်းနှင့် ဆံပင်အနည်းငယ် ဖြတ်ယူလိုက်သည်။

ပြီးလျှင် ခပ်တိုးတိုး ပြောဆိုနေလေသည်။

"မောင်ဘစိန်. . . မင်းက သေသွားပေမယ့် မင်းရဲ့ဝိညာဉ်က ရှိနေသေးတယ်၊ ဒီဝိညာဉ်က ဘယ်နေရာမှ သွားလို့မရသေးဘူး၊ သွားခွင့်မရအောင်လည်း ငါ့အစွမ်းနဲ့ ချုပ်နှောင်ထားလိုက်ပြီ၊

မင်း ငါတို့နဲ့ ပြန်လိုက်ခဲ့ရမယ်၊

မင်း မသေခင်က သိပ်ချစ်တဲ့ သဘောကျတဲ့ ကောင်မလေး ရှိရာသို့ ပြန်သွားရမယ်၊

သူ့အနားမှာပဲ နေပြီး အမြဲချောက်လှန့်နေရမယ်၊

ဒါမှ လိပ်ပြာလွင့်ပြီး သူသေတဲ့အခါ မင်းတို့ ဝိညာဉ်ချင်း တွေ့ခွင့်ရလိမ့်မယ်၊

နောက်တစ်ချက်က မင်းကို အသေဆိုးနဲ့ သေအောင်လုပ်တဲ့ မိသားစုတွေကို ပြန်ပြီး ကလဲ့စားချေရမယ်၊

မင်း ငါတို့နဲ့ ပြန်လိုက်ခဲ့ပေတော့"

ဟု ပြောဆိုကာ သုဿန်၌ ပေါက်နေသော ခေါင်ရမ်းပန်းကိုင်းကို ချိုးယူပြီး အလောင်းကို သုံးချက်ပုတ်လိုက်ပြီးမှ အလောင်းအား ထုံးစံအတိုင်း မြေမြှုပ်သဂြိုဟ်လိုက်လေသည်။

အိမ်သို့ ပြန်ရောက်သောအခါ ညအချိန် မိလ္လာသိမ်းသော ကုလားတစ်ယောက်ကို ခေါ်၍ အရက်တစ်ပုလင်းနှင့် ပိုက်ဆံငါးကျပ် ပေး၍ စေခိုင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအထုပ်ကို ခင်မျိုးသွယ်တို့ အိမ်အောက်မှာ မြှုပ်ထားခဲ့"

ဟု ပြောကာ မြှုပ်ရမည့်အိမ်ကို ပြပေးသည်။

"ဘယ်လိုမြှုပ်ရမှာလဲ"

"ညဘက် မိုလ္လာဝင်သိမ်းရင်းနဲ့ အိမ်အောက် တစ်နေရာမှာ မြှုပ်ထားခဲ့"

"လုပ်ပေးပါ့မယ်"

မိုလ္လာသိမ်းသော ကုလားက မောင်ဘစိန်၏ခြေဆစ်၊ လက်ဆစ်၊ ဆံပင်တို့ကို ထုပ်ထားသော အထုပ်ကလေးကို ညဘက် မိုလ္လာဝင်သိမ်းရင်းနှင့် အိမ်အောက်၌ မြှုပ်နှံခဲ့လေသည်။

ထို့နောက်မှာတော့ ခင်မျိုးသွယ်တို့အိမ်၌ ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်များကို ကြုံတွေ့ရလေသည်။

ညအချိန် ရောက်လာလျှင် အိမ်အနောက်ဘက်၌ မည်းမည်းကြီး ရပ်နေသည်ကို စတင်တွေ့လာရသည်။

တစ်ခါတစ်ရံလည်း အိမ်နံရံများကို လာရောက်ပုတ်ခြင်း၊ အိမ်သာတက်နေစဉ် အိမ်သာကို လာပုတ်ခြင်း၊ အိမ်တစ်ခုလုံး သွက်သွက်ခါသွားအောင် ကိုင်လှုပ်ခြင်းများ ပြုလုပ်ကြလေသည်။

နောက်ပိုင်းရက်များမှာတော့ ခင်မျိုးသွယ်တစ်ယောက် မကြာခဏဆိုသလို ကြောက်မက်ဖွယ်ကောင်းသော အိပ်မက်များ မြင်မက်လေသည်။

အိပ်မက်ထဲတွင်လည်း မည်းမည်းသဏ္ဌာန်ကြီးတစ်ကောင်အား မကြာခဏ တွေ့ရလေသည်။

အသေအချာ ကြည့်သောအခါ ၎င်း၏မျက်နှာမှာ သေဆုံးသွားသော မောင်ဘစိန်မျက်နှာနှင့် တူသလိုလို ရှိလာသည်။

အိပ်မက်ထဲမှာပင် လူမည်းကြီးက ပြောသည်။

"မကြောက်ပါနဲ့ဟာ. . . ငါ ဘစိန်ပါ၊ နင့်ကို မရလို့ ကိုယ့်ကိုယ်ကို သတ်သေသွားတဲ့ ဘစိန်ပါ"

"နင်ဘာကြောင့် လာတာလဲ၊ နင်နဲ့ငါနဲ့က ဘဝခြားသွားပြီမဟုတ်လား"

"ဘဝခြားသွားပေမယ့် ငါ့ဝိညာဉ်က နင့်အနားမှာ ရှိနေသေးတယ်"

ဘယ်လိုပင် နှင်ထုတ်သော်လည်း မသွားဘဲ အိပ်မက်ထဲမှာ ကြောခဏဆိုသလို တွေ့မြင်နေရလေသည်။

နောက်ပိုင်းတော့ မိဘများကို ဖွင့်ပြောရတော့သည်။

"ကျွန်မ ညဘက်ရောက်ရင် ကောင်းကောင်းမအိပ်ရဘူးအမေ"

"ဘာဖြစ်လို့လဲကွယ်"

"အိပ်မက်ထဲမှာ ဘစိန်ကို တွေ့တွေ့နေရတယ်၊ သူ သရဲဘဝရောက်ပြီး ဒီအိမ်မှာ ရောက်နေသလိုပဲ"

"မဟုတ်နိုင်ပါဘူးကွယ်. . . ဘုရားတရားနဲ့ နေတဲ့အိမ်ပဲ၊ တစ္ဆေသရဲတွေ မနေနိုင်ပါဘူး၊ ညည်းစိတ်ထဲက စွဲလန်းနေလို့လည်း ဖြစ်ချင်ဖြစ်မှာပါ၊ စိတ်ပြေလက်ပျောက် ဖြစ်အောင် ဘုန်းကြီးကျောင်းမှာ ယောဂီဝတ်ပြီး တရားလေးဘာလေး ထိုင်ကြည့်ပါလား"

ဟု အကြံပေးသဖြင့် ခင်မျိုးသွယ်တစ်ယောက် ၎င်းမိဘများ ကိုးကွယ်သော မဟာဝိတ္ထုကံကျောင်းသို့ သွားကာ ယောဂီဝတ်၍ တရား







www.burmeseclassic.com

www.burmeseclassic.com



ထိုင်လေသည်။

မဟာဝတ္ထုကံကျောင်းမှာ (၁၂)လမ်းထိပ်၌ ရှိပြီး ကျယ်ဝန်းသော ကျောင်းပရိဝုဏ် ရှိသည်။

ကျောင်းတိုက်ကြီးမှာ ရေစကြိုမှ သူဌေးဦးချင်း၊ ဒေါ်လှဝင်းတို့ တည်ဆောက်လှူဒါန်းခဲ့ပြီး သုံးထပ်ကျောင်းဆောင်ကြီး ဖြစ်သည်။

အရှေ့ဘက်တွင် တာဝတိံသာဘုရားလမ်းနှင့် အနောက်ဘက် မသာချသော (၁၃)လမ်း(ပတ်လမ်း)အထိ ကျယ်သည်။

ကျောင်းပရိဝုဏ်အတွင်းမှာပင် ယောဂီကျောင်းများ ရှိလေသည်။ ယောဂီကျောင်းများမှာ (၁၃)လမ်းဘက်တကြောမှာ ပိုများသည်။ ခင်မျိုးသွယ် နေရသော ယောဂီကျောင်းမှာ မသာချသော (၁၃) လမ်းဘက်နှင့် နီးသောနေရာတွင် ရှိသည်။

မိဘများမှ သမီးကို စိတ်အစွဲအလန်းဖြစ်မည်စိုးသောကြောင့် ဆရာတော်ကြီး ဦးပုညအား လျှောက်ထား၍ ယောဂီကျောင်းသို့ ပို့သော်လည်း ခင်မျိုးသွယ်မှာ တရားထိုင်ခြင်းအတွက် အတွေ့အကြုံရှိသူ မဟုတ်ပေ။

နေ့ဘက်တွင် အသုဘ ချသော ဆိုင်းသံများကို ကြားရလေ့ ရှိသည်။

တစ်ခါတစ်ရံ တစ်နေ့တည်း နှစ်ကြိမ်လောက် ကြားရသည် လည်း ရှိသည်။ တရားထိုင်ရာတွင် အတွေ့အကြုံ မရှိသေးသော ခင်မျိုး သွယ်မှာ မသာချသော ဆိုင်းသံများကို ကြားရသည့်အခါ စိတ်ထဲ၌ တစ်မျိုးဖြစ်လာမိသည်။

နေ့အချိန်တွင် ကျောင်းတိုက်အတွင်းမှာ လူသွားလူလာ





အနည်းငယ် တွေ့ရသော်လည်း ညအချိန်ရောက်လာလျှင်တော့ မတွေ့ ရတော့ပေ။

ကျောင်းတံခါးများ ပိတ်ကာ ကိုယ့်အလုပ်ကိုယ် လုပ်နေကြ တော့သည်။ (၁၃)လမ်းတောက်လျှောက်မှာ စတုဘုမ္မိက ကျောင်းအထိ လောက်သာ လမ်းမီးတိုင် ရှိပြီး အနောက်ဘက်လမ်းမှာတော့ သုသာန် ရောက်သည်အထိ မီးတိုင်မရှိတော့သဖြင့် တစ်လမ်းလုံး မှောင်မည်းနေ လေသည်။

လမ်းမီးတိုင် ရှိသည်ဆိုသော်လည်း မီးစက်မှ အားနည်းသော မီးလုံးများသာ တပ်ဆင်ထားသဖြင့် ဝိုးတဝါး အလင်းရောင်သာ ရှိသည်။

(၁၃)လမ်း တောက်လျှောက်မှာ ကြီးမားသော ကုက္ကိုပင်ကြီး များက အုပ်မိုးထားသောကြောင့် ညအချိန်ရောက်လာလျှင် အလင်း ရောင် လုံးဝမရှိတော့ဘဲ ပိန်းပိတ်အောင် မှောင်မည်းနေတတ်ပေသည်။

ခင်မျိုးသွယ် နေသောကျောင်းမှာ (၁၃)လမ်းနှင့် ခြံစည်းရိုး တစ်ခုသာ ခြားသည်။

ခြံစည်းရိုးမှာ သံဆူးကြိုးများ ကာရံထားသည်။

ညအချိန် ရောက်လာသည်နှင့် ပြတင်းပေါက်တံခါးများကို ပိတ်ကာ တစ်ယောက်တည်း ဘုရားရှိခိုးပြီးနောက် အိပ်ယာဝင်သည်။ သို့သော် အိပ်မပျော်ပေ။

စိတ်ထဲ၌ အပြင်ဘက်၌ တစ်ယောက်ယောက် ရှိနေသည်ဟု ထင်နေမိသည်။

အိပ်မပျော်သဖြင့် တရားမှတ်ရန် ကြိုးစားပြန်တော့လည်း အတွေ့အကြုံ မရှိသူမို့ စိတ်တည်ငြိမ်မှု မရပေ။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တဖြည်းဖြည်းနှင့် ညဥ့်နက်ပိုင်းသို့ ရောက်လာလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပြီး တစ်ခါတစ်ရံ ကျောင်းဝန်းအတွင်းမှ ခွေးအူသံများ ကြားရသည်။

မသာချသော (၁၃)လမ်းဘက်မှ လူအများ စကားပြောသံ၊ လမ်းလျှောက်သံများ ကြားရသဖြင့် အပေါက်မှ ချောင်းကြည့်တော့လည်း ဘာမှမတွေ့ရပေ။

တစ်ခါတစ်ခါတော့လည်း ကျောင်းနှင့် မနီးမဝေးနေရာမှ တီးတိုးစကားပြောသံများ ကြားရသဖြင့် မနေနိုင်သဖြင့် ထပ်မံချောင်းကြည့်သောအခါ မတ်တတ်ရပ်ကာ စကားပြောနေကြဟန်ရှိသော မည်းမည်းသဏ္ဍာန်များကို လှမ်းမြင်ရသည်။

ထိုသဏ္ဍာန်များကို မြင်သောအခါ ထိတ်လန့်သွားသဖြင့် နေရာသို့ ပြန်ထိုင်ချလိုက်သည်။

"ဒုက္ခပါပဲ. . . အိမ်မှာ ကြောက်လို့ ကျောင်းကို လာနေမှ ကျောင်းရောက်ကာမှ ပိုဆိုးနေပါရော့လား၊ အိမ်မှာကမှ အဖေတို့ အမေတို့ ရှိနေသေးတယ်၊ ဒီမှာက ငါတစ်ယောက်တည်းရယ်. . . ဒုက္ခပါပဲ"

ဟု စိတ်တုန်လှုပ်စွာ တွေးတောနေမိသည်။

အချိန်မှာလည်း တဖြည်းဖြည်းနှင့် ညဥ့်နက်ပိုင်းသို့ ရောက်လာချေသည်။

သူမအခန်းတွင်း၌ ဖယောင်းတိုင်တစ်တိုင် ထွန်းထားသောကြောင့်, အလင်းရောင်ကတော့ ရှိနေသည်။

ထိုအခိုက်မှာပင် အပြင်ဘက် အုတ်လမ်းပေါ်မှ တဒေါက်ဒေါက်နှင့် အသံကြားလာရသည်။





"ဒေါက်. . . ဒေါက်. . . ဒေါက်"

ခင်မျိုးသွယ်မှာ အသံကြားရာဘက်သို့ နားစွင့်ကြည့်နေသည်။ ကြားနေရသောအသံမှာ ကျောင်းအရှေ့ဘက် အုတ်လမ်းပေါ်မှ ဖြစ်သည်။ နားထောင်ရင်းနှင့် အသံက တဖြည်းဖြည်း နီးလာသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ခဏကြာတော့ တံခါးပေါက်ဝ ရောက်လာပြီး ငြိမ်သွားသည်။

ခင်မျိုးသွယ်မှာ ဘာလုပ်ရမှန်း မသိဘဲ ကြောက်ရွံ့တုန်လှုပ်နေသည်။ ပိတ်ထားသော တံခါးပေါက်ဝဆီသို့ မျက်လုံးအပြူးသားနှင့် လှမ်းကြည့်နေသည်။

အတန်ကြာသောအခါ အပြင်မှ တံခါးကို လာတွန်းနေသဖြင့် လှုပ်ယမ်းသွားသည်။

"ဟင်. . ."

ထိုအခိုက်မှာပင် ခွေးဟောင်သံများကလည်း စူးစူးဝါးဝါး ပေါ်ထွက်လာသည်။

အပြင်ဘက်မှ တံခါးပုတ်သံက ပေါ်လာသည်။

"ဗုတ်. . . ဗုတ်. . . ဗုတ်"

"ဘယ်သူလဲ"

"ကျုပ်ပါ"

အသံက ခပ်သြသြ ထွက်လာသည်။

အပေါက်မှ လှမ်းကြည့်တော့ လူတစ်ယောက် ရပ်နေသည်။ လက်ထဲမှာ လက်နှိပ်မီးတစ်ဖက်၊ တောင်ဝှေးကို တစ်ဖက်ကိုင်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်. . ဘယ်သူလဲဟင်"

"ကျုပ်ပါ. . . ဦးသာမြိုင်ပါ"

ထိုကဲ့သို့ ပီပီပြင်ပြင် ကြားရတော့မှ တံခါးဂျက်ကို ဖြုတ်ကာ ဖွင့်ပေးလိုက်သည်။

အပေါက်ဝမှာတော့ အသက်အရွယ်ကြီးလှပြီဖြစ်သော အဘိုးကြီးတစ်ယောက် ရပ်နေသည်။

လက်တစ်ဖက်က တောင်ဝှေးကိုင်ထားပြီး ကျန်တစ်ဖက်က ငါးတောင့်ထိုး လက်နှိပ်မီးကြီးကို ကိုင်ထားသည်။ ကတုံးပြောင်အောင် တုံးထားပြီး တဘက်ဟောင်းကြီးတစ်ထည် ပတ်ထားသည်။

ခြေထောက်တစ်ဖက်က ကျိုးနေဟန်ဖြင့် အောက်သို့ ခွင်ကျနေသည်။

"ကျုပ် ကပ္ပိယကြီး ဦးသာမြိုင်ပါ၊ ကျောင်းထဲ လှည့်ရင်း ကျောင်းခန်းထဲက မီးရောင်တွေ့လို့ ဝင်ကြည့်တာပါ၊ တရားထိုင်ရင်းများ အိပ်ပျော်နေသလားလို့ပါ"

ဒီတော့မှ ခင်မျိုးသွယ်မှာ စိတ်သက်သာရာ ရသွားလေသည်။

"ကျွန်မ မအိပ်သေးပါဘူး အဘ"

"တကယ်လို့ အိပ်မယ်ဆိုရင်တော့ မီးတိုင်ကို ငြိမ်းသတ်ပြီးမှ အိပ်ဖို့ လာပြီးသတိပေးတာပါ၊ မီးရေးထင်းရေးက စိတ်မချရလို့ ကျုပ်က လိုက်ကြည့်ပေးနေတာပါ"

"ကျေးဇူးတင်ပါတယ် အဘရယ်၊ ကျွန်မက တရားထိုင်တာ တစ်ခါမှ မလုပ်ဖူးတော့ စိတ်ထဲမှာ ကြောက်နေသလို ဖြစ်နေတာနဲ့ အိပ်လို့မရတာပါ"





"ဘာမှ ကြောက်စရာ မရှိပါဘူး"

"အဘ. . . ဒီကျောင်းဝိုင်းထဲမှာ သရဲတစ္ဆေတွေ ရှိသလားဟင်"

"ဝိညာဉ်လို့ ခေါ်တဲ့ သရဲတစ္ဆေဆိုတာကတော့ နေရာတိုင်းမှာ ရှိနေတာပဲပေါ့၊ သူ့စည်းကိုယ့်စည်းနဲ့ နေရင် ဘာမှ မလုပ်ကြပါဘူး၊ အဲ. . . တစ်ခုတော့ ရှိတယ်၊ သူတို့နဲ့ ပတ်သက်ပြီး ဆက်စပ်မှု ရှိရင်တော့ နှောင့်ယှက်မှု ရှိနိုင်တာပေါ့"

ဦးသာမြိုင်က အပေါက်ဝမှာ ရပ်ရင်း ခင်မျိုးသွယ်ကို အားပေးသည့်အနေဖြင့် အကျိုးအကြောင်း ပြောပြနေသည်။

"ဆက်စပ်မှုဆိုတာ ဘယ်လိုဟာမျိုးလဲ အဘ"

"ဝိညာဉ်တွေဟာ သူတို့နဲ့ ဆက်စပ်မှု ရှိတဲ့၊ ပတ်သက်တဲ့လူတွေကိုပဲ အနှောင့်အယှက် ပေးတတ်ကြတာပါ၊ ကျုပ်အဖြစ်အပျက်ဆိုရင် ဝိညာဉ်ဆိုတဲ့ သရဲတစ္ဆေတွေနဲ့ ပတ်သက်ခဲ့တာပေါ့"

"ဘယ်လိုပတ်သက်တာလဲ အဘ၊ နည်းနည်းလောက် ပြောပြပါလား"

ဦးသာမြိုင်က အပေါက်ဝမှာ ရှိသော တန်းလျားပေါ်မှာ တင်ပလ္လင် ဝင်ထိုင်ရင်း သူ့အကြောင်းကို ပြောပြသည်။

ဦးသာမြိုင်မှာ မဟာဝတ္ထုကံကျောင်းသို့ ကပ္ပိယဘဝနှင့် ရောက်စဉ်က အသက်ငါးဆယ်ကျော်အရွယ်ခန့်သာ ရှိသေးသည်။

သူသည် ကျောင်းမှ ဝေယျာဝစ္စများ ပြုလုပ်ရန်အတွက် တော်ကြီး ဦးပုညက ခေါ်ထားခြင်းဖြစ်ပေသည်။

ပင်စ်တော့

ဝင်းသည် ထင်းခွဲ၊ ရေခပ်၊ ရေနွေးအိုးကျို၊ အာရုဏ်



www.burmeseclassic.com

www.burmeseclassic.com



အစရှိသောအလုပ်များကို လုပ်ရသည်။

အဓိက အလုပ်ကတော့ ထင်းရှာဖွေရသောအလုပ် ဖြစ်သည်။

မဟာဝတ္ထုကံကျောင်း ပရိဝုဏ်မှာ ကျယ်ဝန်းလှသည့်အပြင် ကျောင်းဝန်းထဲတွင် အရိပ်ကောင်းသော သစ်ပင်ကြီးငယ်များစွာတို့ ရှိကြလေသည်။

၎င်းတို့အထဲတွင် ကုက္ကိုပင်၊ မအူပင်၊ သရက်ပင်ကြီးများစွာ ပါဝင်လေသည်။

ဦးသာမြိုင်သည် ထင်းရရှိရေးအတွက် ထိုသစ်ပင်အိုကြီးများကို အားကိုးရလေသည်။

သစ်ပင်ကြီးများမှာ မြို့တည်စကတည်းက ရှိနေသောကြောင့် နှစ်ပေါင်း ရာနှင့်ချီ၍ သက်တမ်းရင့်နေကြပေပြီ။

တစ်နေ့တော့ ထင်းလိုသဖြင့် ကျောင်းခြံအတွင်း လိုက်လံကြည့်ရှုနေစဉ် ခြံထောင့်ဘက် ရောက်သောအခါ အရွက်များ ကြွေကျနေသည့် မအူပင်ကြီးတစ်ပင်ကို တွေ့ရလေသည်။

"ဒီသစ်ပင်ကြီးကို တက်ပိုင်းလိုက်ရင်တော့ ထင်းအတော်များများ ရမှာပဲ"

ဟု မော့ကြည့်ရင်း တွေးလိုက်သည်။

ထိုအခိုက်မှာပင် နောက်ဘက်မှ လေဟပ်သွားသလို ဖြစ်ကာ ကျောထဲမှာ စိမ့်ကနဲ ဖြစ်သွားလေသည်။

သို့သော်လည်း အမှုမဲ့ အမှတ်မဲ့သာ ရှိနေသည်။

တစ

အိပ်လို့ "ဒီကနေ့တော့ အချိန်မရှိတော့ဘူး၊ နောက်တစ်နေ့မှပဲ လာမယ်"





ဟု စိတ်ကူးကာ လှည့်ပြန်လာခဲ့သည်။

ညဘက်ရောက်တော့ အိပ်မက်ထဲမှာ လူမည်းကြီးတစ်ယောက် ရောက်လာပြီး သူ့ကို သတိပေးသည်။

"သာမြိုင် . . . ဒီသစ်ပင်မှာ ငါနေတာ ကြာလှပြီ၊ ငါနေတဲ့ သစ်ပင်ကို လာမခုတ်နဲ့၊ ခုတ်ရင် နင်ဒုက္ခရောက်လိမ့်မယ်"

ထိုအိပ်မက် မက်သော်လည်း ဦးသာမြိုင်မှာ ကြောက်တတ်သူ မဟုတ်သောကြောင့် အမှုမဲ့ အမှတ်မဲ့သာ ရှိနေခဲ့သည်။

နောက်တစ်နေ့တွင် သစ်ပင်ခုတ်ရန်အတွက် ဆရာတော်ကြီးကို သွားရောက်လျှောက်ထားရလေသည်။

ဆရာတော်ကြီးက စကြံန်လမ်းနံဘေးရှိ သီးသန့်ဆောက်ထားသော မှန်ကျောင်းကလေး၌ သီတင်းသုံးနေသည်။

ဦးသာမြိုင် ကျောင်းပေါ် တက်သွားတော့ . . .

"ဘာကိစ္စရှိလို့လဲ သာမြိုင်"

ဟု လှမ်းမေးသည်။

"(၁၃)လမ်းဘက်က မအူပင်ကြီးတစ်ပင် သေနေလို့၊ ထင်းအဖြစ် ခုတ်လှဲခွင့်ပြုပါဘုရား"

ဟု လျှောက်ထားလိုက်သောအခါ ဆရာတော်ကြီးက မျက်စိမှိတ်နေပြီးမှ ပြောသည်။

"သစ်ပင်မှာ မှီနေတဲ့ မမြင်အပ်တဲ့သတ္တဝါတွေကို အခြားတစ်နေရာရာမှာ နေစရာ ထိုင်စရာ စီစဉ်ပေးပြီးမှ ခုတ်"

ဟု ပြောလိုက်သည်။

ထိုစကား ကြားသောအခါ ဦးသာမြိုင်စိတ်ထဲမှာ သိပ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်မကျလှပေ။

ဆရာတော်အား ကန်တော့ပြီး ကျောင်းပေါ်မှ ပြန်ဆင်းလာသော်လည်း စိတ်ထဲ၌ မတင်မကျနှင့်ပင်။

"ဒီမိစ္ဆာကောင်တွေက သူများကျောင်းထဲမှာလည်း မှီခိုနေရသေးတယ်၊ သူတို့ကိုများ အရေးတယူနဲ့ ခွင့်တောင်းနေရဦးမယ်၊ သူတို့နေဖို့ နေရာပေးရဦးမတဲ့၊ သာမြိုင်အကြောင်း သိရောပေါ့ကွာ"

ဟု စိတ်ထဲ၌ တနုံ့နုံ့ တွေးကာ သစ်ပင်ခုတ်ရန် ရဲဒင်းကို ဆွဲ၍ ခြံထောင့်ဘက်သို့ ထွက်လာခဲ့လေသည်။

အရွက်များ ခြောက်သွေ့စ ပြုနေပြီဖြစ်သော မအူပင်ကြီး ရှိရာသို့ ရောက်သောအခါ ကိုင်းများကို ပိုင်းချရန်အတွက် ရဲဒင်းကို ခါးကြားထိုးပြီး သစ်ပင်ပေါ်သို့ ဖက်တက်ခဲ့သည်။

သစ်ပင်ခွဆုံ ရောက်သောအခါ သစ်ကိုင်းတစ်ကိုင်းကို ရဲဒင်းဖြင့် ခုတ်ချလိုက်သည်။

သစ်ကိုင်းကျသွားသံနှင့်အတူ နောက်ဘက်မှ အသံတစ်သံကြားလိုက်ရသည်။

"မလုပ်နဲ့နော်"

ဦးသာမြိုင်က လှည့်ကြည့်တော့ ဘာမှမတွေ့ရပေ။

နောက်တစ်ကိုင်း ဆက်ခုတ်ချသည်။

'ဝေါ'ကနဲ အောက်ပြုတ်ကျသွားသည်။

"မလုပ်နဲ့နော်"

သို့သော်လည်း ဂရုမစိုက်ဘဲ တစ်ကိုင်းပြီးတစ်ကိုင်း ခုတ်ချရာ နောက်ဆုံး အပင်ပေါ်မှာ သစ်ကိုင်းတစ်ကိုင်းသာ ကျန်တော့သည်။





"ဒီတစ်ကိုင်းကို ခုတ်ရင် ငါ့အလွန် မဆိုနဲ့နော်၊ အခုတောင် ဆရာတော်ကြီးကြောင့် အခုလောက် သည်းခံနေတာ"

"အောင်မယ်. . . လူပါးဝလို့၊ ခုတ်တော့ ဘာဖြစ်သလဲကွာ"

ဟု ပြောကာ ကျန်တစ်ကိုင်းကို ဆက်ခုတ်လေသည်။

"ဒီလောက်မှ ပြောမရတာ၊ ငါ့ကို ကြည့်စမ်း"

ဟု အသံကြားသဖြင့် အမှတ်တမဲ့ နောက်သို့ လှည့်ကြည့်လိုက်သောအခါ သစ်ကိုင်းပေါ်မှာ ခွထိုင်နေသော မည်းမည်းသဏ္ဌာန်ကြီးကို အနီးကပ် တွေ့ရလေသည်။

တစ်ကိုယ်လုံး အမွေးစုတ်ဖွားဖြင့် မျက်လုံးက ပြူးပြူး၊ လျှာက အပြင်သို့ ထွက်နေသည်။

နားရွက်နှစ်ဖက်က ဘေးသို့ ကားထွက်နေပြီး ပါးစပ်တွင်းမှ လျှာက အပြင်သို့ ထွက်နေကာ တရမ်းရမ်း ဖြစ်နေလေသည်။

မကောင်းဆိုးဝါးကြီးကို အနီးကပ် တွေ့လိုက်ရသောအခါ ဦးသာမြိုင်မှာ လူက မကြောက်ဘူး ထင်နေသော်လည်း စိတ်က ထိတ်လန့်သွားလေသည်။

"ဟာ. . ."

အလန့်တကြားဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေစဉ်မှာ သစ်ပင်ခွကြားမှာ ထိုင်နေသော သဘက်ကြီးက သူ့ကို လျှာဖြင့် ထိုးချလိုက်သည်။

"အား. . ."

ဦးသာမြိုင်မှာ ခြေလွတ်လက်လွတ် သစ်ပင်အောက်သို့ ပြုတ်ကျသွားကာ ပေါင်တစ်ချောင်း ပိုင်းပိုင်းကျိုး၍ အတွင်းသို့ တိုဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

ကံကောင်းထောက်မစွာဖြင့် အသက်မသေခဲ့သော်လည်း ခြေထောက်တစ်ချောင်း ကျိုးကာ အတွင်းသို့ တိုဝင်သွားပြီး ဒုက္ခိတဘဝ ရောက်ခဲ့ရလေသည်။

"ဟင်. . . ဒါဖြင့် အဘက သရဲတစ္ဆေကို ကိုယ်တိုင်မြင်ခဲ့ရတာပေါ့နော်"

"အင်း. . . အဲဒီတစ်ခါတော့ မြင်ဖူးခဲ့တယ်"

"အဘပြောတဲ့ ဆက်စပ်မှုဆိုတာ အဲဒါမျိုးလား အဘ"

"ဒါပေါ့ကွယ်. . . သူတို့နဲ့ ပတ်သက်မိတော့ အခုလို ဖြစ်ရတာပေါ့၊ တကယ်လို့ အဲဒီသစ်ပင်ကို ကျုပ်က မခုတ်ဘူးဆိုရင် ဆက်စပ်မှုလည်း မရှိဘူး၊ အခုလို တွေ့ကြုံစရာလည်း အကြောင်းမရှိဘူးပေါ့ ကဲ. . . ကဲ၊ ငါ့တူမလည်း ကိုယ်လုပ်စရာရှိတာ လုပ်တော့၊ အိပ်ယာဝင်ရင်သာ တဆိတ်လောက် မီးတိုင်လေး ငြိမ်းပြီးမှ အိပ်နော်"

ဟု မှာကြားကာ ဦးသာမြိုင်တစ်ယောက် ထော့နဲ့ထော့နဲ့ဖြင့် ပြန်ထွက်သွားလေသည်။

ထိုညက ခင်မျိုးသွယ်မှာ ကောင်းစွာအိပ်မပျော်တော့ပေ။

တရားရိပ်သာကျောင်းတွင် ရှိနေစဉ် နေ့လည်ဘက်များတွင် ထူးထူးခြားခြား မရှိလှသော်လည်း ညအချိန်ရောက်လာလျှင်တော့ ချောက်ချားဖွယ် ကောင်းလှသည်။

ညအချိန် ရောက်လာလျှင် ယောဂီကျောင်းများမှ ကိုယ့်တံခါး ကိုယ်ပိတ်ကာ တိတ်ဆိတ်စွာ နေကြသဖြင့် မှောင်ရီသန်းလာသည်နှင့် လူရိပ်လူခြည် မတွေ့ရတော့ပေ။





ည၉နာရီနက်ပိုင်း ရောက်လာလေလေ. . . လူသံမကြားရတော့လေလေ ဖြစ်သည်။

ခင်မျိုးသွယ်သည် ယောဂီကျောင်းတွင် ခုနစ်ရက်ပြည့်အောင် နေရမည်ဖြစ်ရာ ခြောက်ရက်မြောက်သောနေ့တွင် ထူးခြားမှုတစ်ခု ကြုံရလေသည်။

ညဦးပိုင်းအချိန်တွင် အပြင်ဘက်မှ ခွေးအူသံ၊ ခွေးဟောင်သံများ ကြားရပြီးနောက် ည၉နာရီနက်ပိုင်းအချိန်တွင် (၁၃)လမ်းဘက်မှ တဖျပ်ဖျပ်နှင့် ခြေသံများ ကြားရသည်။

ပထမတော့ အပြင်မှ ဖြတ်သွားဖြတ်လာ ခြေသံထင်မှတ်သဖြင့် အမှတ်တမဲ့ နေသေးသော်လည်း အဆက်မပြတ် ကြားရသောအခါ စိတ်ထဲမှာ မသင်္ကာ ဖြစ်လာသဖြင့် နေရာမှ ထကာ အပေါက်မှ အပြင်သို့ ချောင်းကြည့်လိုက်သည်။

အပြင်ဘက်တွင် လရောင်ရှိသော်လည်း ကုက္ကိုပင်ရိပ်များ ဖုံးနေသောကြောင့် သဲသဲကွဲကွဲ မရှိလှပေ။

သစ်ပင်ရိပ်များအောက်တွင် အမှောင်ရိပ်များ ရှိနေလေသည်။

သူမ ရှိနေသော ကျောင်းဆောင်အနောက်ဘက် ကုက္ကိုပင်ကြီး အောက်တွင် မည်းမည်းသဏ္ဌာန်ကြီးတစ်ကောင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။

"ဟင်. . . "

ခင်မျိုးသွယ်မှာ ခေါင်းနပန်းကြီးသွားလေသည်။

ပုံပန်းသဏ္ဌာန်ကို မသဲကွဲသော်လည်း ဟန်ပန်အမူအရာ ကြည့်ရသည်မှာ သေဆုံးသွားသော မောင်ဘစိန် ပုံသဏ္ဌာန်နှင့် တူသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နိုးလေသည်။

မည်းမည်းသဏ္ဍာန်ကြီးက ကျောင်းအနောက်ဘက် လမ်းမပေါ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလိုက်၊ သစ်ပင်အောက် သွား၍ ငုတ်တုတ်ထိုင်ကာ သူ့ကျောင်းရှိရာဘက်သို့ ကြည့်နေလိုက်နှင့် ရှိနေရာ တစ်ညလုံး အိပ်မရအောင် ထိတ်လန့်တုန်လှုပ်နေလေသည်။

အာရုဏ်တက်ချိန် ရောက်လာတော့မှ မည်းမည်းသဏ္ဍာန်ကြီးလည်းပျောက်၊ ခြေသံလည်း ပျောက်သွားလေတော့သည်။ ခင်မျိုးသွယ်မှာ ယောဂီကျောင်းမှာ ဆက်မနေဝံ့တော့သဖြင့် နောက်တစ်နေ့မှာပင် ဆရာတော်ကြီးအား ခွင့်ပန်ကာ အိမ်သို့ ပြန်ခဲ့လေသည်။

အိမ်သို့ ပြန်ရောက်တော့လည်း မောင်ဘစိန်၏ခြောက်လှန့်မှုများက လွတ်မြောက်ခြင်း မရှိဘဲ တစ်နေ့တစ်ခြား ပို၍ပို၍ဆိုးလာလေရာ မိသားစုများမှာ စိတ်အနှောင့်အယှက် ဖြစ်ကာ တထိတ်ထိတ် တလန့်လန့်ဖြင့် နေကြရပေသည်။

(မှတ်ချက်။ ။ ခင်မျိုးသွယ်တို့ အိမ်အောက်၌ မြှုပ်ထားသောအထုပ်မှာ ဒေါက်တာကျော်စွာနှင့် အိမ်ထောင်ကျပြီး ဆေးရုံအိမ်သို့ ရွှေ့ပြောင်းနေသောအခါ မောင်ဘစိန်ဘက်မှ သားချင်းများက မိလ္လာကျုံးသော ကုလားကို ငွေပေး၍ ဆေးရုံအိမ်အောက်သို့ ရွှေ့ပြောင်းမြှုပ်နှံခဲ့ကြလေသည်။)





အခန်း(၄)

## သစ်ကနက်သားဂုပ်တုနှင့် ဆန်းကြယ်မှု

နောက်တစ်ပတ်ခန့် ကြာသောအခါ မော်ကျွန်းဆေးရုံသို့ ဆရာဝန်တစ်ယောက် ရောက်လာလေသည်။

၎င်း၏အမည်မှာ ဒေါက်တာကျော်စွာဖြစ်သည်။

ဒေါက်တာကျော်စွာမှာ အသက်သုံးဆယ်ကျော်အရွယ်အထိ အိမ်ထောင်မရှိသေးဘဲ လူပျိုလူလွတ်ဘဝဖြင့် မိဘများအား လုပ်ကိုင်ကျွေးမွေးနေသူဖြစ်သည်။

ဒေါက်တာကျော်စွာမှာ အသက်မွေးဝမ်းကျောင်းအရ ဆရာဝန်အလုပ်ကို လုပ်နေသော်လည်း ၎င်းဝါသနာပါသောအလုပ်မှာ ရွှေဟောင်းပစ္စည်းများ ဝယ်ယူစုဆောင်းခြင်းပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်လည်း ၎င်းရွှေ့ပြောင်းလာသောအခါ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းက သိပ်မပါဘဲ ၎င်းဝယ်ယူစုဆောင်းထားသော အရုပ်တော်တော်များများ ပါလာလေသည်။

ကုလားအလုပ်သမားများက အခြားပစ္စည်းများထက် စာအုပ်စာတမ်းများနှင့် ရုပ်ထုများကို ဂရုစိုက်၍ သယ်ယူပေးကြရလေသည်။

နေအိမ်သို့ ရောက်သောအခါမှာလည်း ရုပ်ထုများကို နေရာချလိုက်သည်နှင့် နေရာအတော်များများမှာ နေရာလပ် မရှိအောင် ဖြစ်သွားတော့သည်။

ဒေါက်တာကျော်စွာနှင့် အတူပါလာသော ရုပ်ထုများထဲမှာ ထူးခြားသောရုပ်ထုတစ်ခု ပါလာလေသည်။

အခြားမဟုတ်ပေ။

သစ်ကနက်သားဖြင့် ထုလုပ်ထားသော လူရိုင်းရုပ်ထုကြီးပင် ဖြစ်ပေသည်။

သစ်ကနက်သားသည် ပင်ကိုယ်သဘာဝမှာ အနက်ရောင် ဖြစ်သောကြောင့် ကပ္ပလီလူရိုင်းပုံကို ထုလုပ်ထားသောအခါ များစွာလိုက်ဖက်လှပေသည်။

အသားက မည်းမည်း၊ မျက်လုံးက ပြူးပြူး၊ နှာခေါင်းတိုတိုနှင့် ပါးစပ်ထဲမှ သွားများက ကျိုးတို့ကျဲတဲဖြင့် ရှေ့သို့ ခေါ်ထွက်နေလေသည်။

တစ်ကိုယ်လုံး အဝတ်မပါဘဲ ခါးအောက်ပိုင်း၌ နံငယ်ပိုင်း တစ်ခုသာ ကပ်ထားသဖြင့် တစ်ကိုယ်လုံးရှိ ကြွက်သားဆိုင်များက အထင်းသား ပေါ်လွင်လျက်ရှိသည်။

ပန်းပုဆရာက ထိုကြွက်သားများကို အဓိက ပုံဖော်ထားခြင်း





ဖြစ်လေသည်။

ရှေ့သို့ ခြေလှမ်းထွက်လာသောဟန်မျိုးဖြစ်ပြီး လက်ထဲမှာလည်း ဓါးကောက်ကြီးတစ်လက် ကိုင်ထားလေသည်။

ရုတ်တရက် ကြည့်လျှင် ရပ်နေရာမှ လူကို အန္တရာယ်ပြုရန် ရှေ့သို့ ထွက်လာသော ဟန်ပန်မျိုးဖြစ်သည်။

ထို့ပြင် အခြားလက်ရာမြောက်သော ပန်းပုရုပ်ထု၊ ပလာစတာရုပ်ထုများလည်း ပါလာသေး၏။

ယမင်းရုပ်၊ ကိန္နရီကိန္နရာရုပ်တု၊ ဆင်ရုပ်၊ မြင်းရုပ်၊ ဘီလူး၊ နဂါး၊ ဂဠုန်ရုပ်တုတို့လည်း စုံလင်စွာ ပါလာလေသည်။

ဒေါက်တာကျော်စွာသည် ၎င်းအတွက် ရထားသောအရုပ်များကို အတန်အသင့် နေသားတကျ ရှိအောင် နေရာချထားခဲ့ပြီးမှ ဆေးရုံသို့ သွားလေသည်။

ဆေးရုံသို့ ရောက်သောအခါ လူနာများကို ကြည့်ရှုစစ်ဆေးပြီးနောက် ၎င်းတာဝန်ကျရာ ဆေးရုံတစ်ဝိုက်သို့ လိုက်လံကြည့်ရှုစစ်ဆေးလေသည်။

ဆေးရုံမှာ ပစ္စည်းပစ္စယများ၊ ဆေးဝါးများ၊ အသုံးပြုရန် ကိရိယာများ မပြည့်စုံသည့်အပြင် ဝန်ထမ်းများ နည်းသဖြင့် သန့်ရှင်းမှုလည်း အတော်ကို အားနည်းလှပေသည်။

ရင်ခွဲရုံဘက် ရောက်၍ တံခါးဖွင့်ကာ စစ်ဆေးကြည့်သောအဆ... သွေးညှီနံ့၊ အပုတ်နံ့များ ရှိနေလေသည်။

"ဒီအဆောင်ထဲမှာ အနံ့အသက်တွေက ဆိုးလှပါလား"

"ဟုတ်ပါတယ် ဒေါက်တာ၊ တလောက အဆိပ်ဆော်တ...



www.burmeseclassic.com

www.burmeseclassic.com



သေသွားတဲ့ အလောင်းတစ်လောင်းကို ရင်ခွဲမယ့် ဆရာဝန် မရောက်သေးလို့ ဒီအတိုင်း ထားပြီးမှ သင်္ဂြိုဟ်လိုက်ရလို့ အခုလို အနံ့တွေ စွဲကျန်နေခဲ့တာပါ”

“ကုလားအလုပ်သမားတွေ ခေါ်ပြီး ဒီအနံ့တွေ ပျောက်သွားအောင် သန့်ရှင်းရေး လုပ်ခိုင်းပေးပါ ဆရာမ”

“ဟုတ်ကဲ့ပါ ဒေါက်တာ”

ဒေါက်တာကျော်စွာသည် ညနေပိုင်း ဂျူတီချိန်ပြီး၍ အိမ်ပြန်ရောက်သောအခါ အိမ်ပေါက်ဝတွင် ကုလားကပြား အမျိုးသား၊ အမျိုးသမီးနှစ်ယောက် ရောက်နေသည်ကို တွေ့ရလေသည်။

သူတို့က ဒေါက်တာကျော်စွာကို မြင်သောအခါ လွန်စွာရိုကျိုးသောအမူအယာဖြင့် အရိုအသေ ပေးလိုက်ကြသည်။

“ကျွန်တော်တို့ လင်မယားက ဆရာဝန်ကြီးအိမ်မှာ ထမင်းချက်၊ အဝတ်လျှော်၊ သန့်ရှင်းရေး လုပ်ကြရပါတယ်၊ ကျွန်တော့်နာမည်က မူတူး၊ ကျွန်တော့်မိန်းမနာမည်က မေရီလို့ ခေါ်ပါတယ်”

နှစ်ယောက်စလုံးမှာ ကုလားကပြားများ ဖြစ်သော်လည်း သန့်ရှင်းသပ်ရပ်မှု ရှိကြလေသည်။

“အေး. . . ကောင်းတာပေါ့၊ ငါ့အတွက် အဖော်ရတာပေါ့၊ ဒါထက် မင်းတို့က ဘယ်နေရာမှာ နေကြမှာလဲ”

“ကျွန်တော်တို့လင်မယား နေဖို့ အိမ်ရဲ့အနောက်ဘက်မှာ အဆောင်တစ်ခု ရှိပါတယ်”

သို့ကြောင့် ဒေါက်တာကျော်စွာမှာ အိမ်တံခါးကို သော့ဖွင့်ဝင်ပြီးနောက် မနက်ပိုင်းက နေရာမချရသေးသော ပစ္စည်းများကို ဆက်





လက် နေရာချလေသည်။

ယခုအခါတွင် မူတူးနှင့် မေရီတို့နှစ်ယောက် ရှိလာပြီးဖြ
မိမိက လက်ညှိုးညွှန်ပြ၍ စေခိုင်းရုံသာ ရှိလေတော့သည်။

အရေးကြီး၍ နုနယ်သောအရုပ်အချို့ကိုသာ သူကိုယ်
ယူ၍ နေရာချလေသည်။

ညဦးပိုင်းအချိန်တွင် ဆေးရုံသို့ တစ်ခေါက်လှည့်၍ စစ်ဆေ
နောက် မိမိနေအိမ်သို့ ပြန်လာခဲ့သည်။

မူတူးတို့လင်မယားကတော့ သူ့အတွက် ဝေယျာဝစ္စများ
ကိုင်ပေးပြီးနောက် ၎င်းတို့အတွက် ပေးထားသောအခန်းသို့ ဝင်သွား
သည်။

ညဘက်ရောက်သောအခါ မိမိအရုပ်များကို နေသားတ
ရှိမရှိကို လိုက်လံကြည့်သောအခါ ကပ္ပလီလူရိုင်းရုပ်ထုကြီးမှာ အိမ်
ပေါက်ဝနှင့် မလှမ်းမကမ်းမှာ ဒီအတိုင်းပင် ရှိနေသည်ကို တွေ့ရ
သည်။

အခြားအရုပ်များ၊ ပစ္စည်းများနှင့် နေရာပြည့်နေသဖြင့်
အရုပ်ကြီးအတွက် နေရာမရှိသောကြောင့် ဧည့်ခန်းမှာပင် ဒီအ
ထားခဲ့ကြလေသည်။

ထိုအရုပ်ကြီးမှာ လူတစ်ရပ်နီးပါး အမြင့်ရှိသဖြင့် အတော်
သည်။ အိမ်အတွင်း၌ အခြားနေရာ၌ ထားရန် လိုက်လံကြည့်ရှု
လည်း မရှိတော့ဘဲ ၎င်းအိပ်သော အိပ်ခန်းအတွင်းမှာပင် နေရာ
ရှိလေသည်။

အိပ်ယာခင်းထားသော ကုတင်၏ခြေရင်းဘက် အခန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာမှာ လွတ်နေသေးသည်။

အိပ်ခန်းအတွင်း၌ စာအုပ်ဗီရို၊ စာအုပ်စင်နှင့် အဝတ်ဗီရိုတစ်လုံးသာ ရှိသဖြင့် အခန်းထောင့်တစ်နေရာမှာ လွတ်နေသေးသည်။

သို့ကြောင့် ကပ္ပလီလူရိုင်း အရုပ်ကြီးကို ထိုအခန်းထောင့်၌ ထားရန် စိတ်ကူးလိုက်သည်။

ပထမတော့ ယခု ညတွင်းချင်းမှာပင် မူတူးတို့လင်မယားကို သွားခေါ်၍ ရွှေ့မည် စိတ်ကူးမိသော်လည်း ညဥ့်နက်နေပြီဖြစ်သောကြောင့် မနက်လင်းမှပင် ရွှေ့တော့မည်ဟု တွေးကာ အိပ်ယာဝင်ခဲ့လေသည်။

အိပ်ယာထက်သို့ ရောက်သောအခါမှာလည်း တော်တော်နှင့် အိပ်မရသေးသောကြောင့် ဘေးတံခါးနှစ်ချပ်ကို ဖွင့်လိုက်လေသည်။

ပြတင်းပေါက်မှ လှမ်းကြည့်လျှင် ဆေးရုံကိုသော်လည်းကောင်း၊ ဆေးရုံနောက်ဘက်၌ ရှိသော ရင်ခွဲရုံအုတ်တိုက်ကလေးကိုပါ တစွန်းတစ လှမ်းမြင်ရသည်။

အမှောင်ရိပ်များက ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းထားသည်။ ဆေးရုံပတ်ဝန်းကျင်တစ်ဝိုက်တွင် နှစ်ပေါင်းရာနှင့်ချီ၍ သက်တမ်းရှင်နေပြီဖြစ်သော ကုက္ကိုပင်ကြီးများက အုပ်မိုးထားရာ အမှောင်ရိပ်များက ပိုမိုသိပ်သည်းလှပေသည်။

မီးလုံးများ၏အရောင်များမှာ ပိုးစုန်းကြူးအလင်းရောင်မျှသာ ရှိသည်။

ထိုအချိန်တွင် ဆေးရုံအနောက်ဖက်ဆီမှ ခွေးအူသံနှင့် ခွေးဟောင်သံအချို့ကို ကြားရသည်။





ဒေါက်တာကျော်စွာက အပြင်သို့ လှမ်းကြည့်လိုက်သောအခါ ဆေးရုံမှ မီးအလင်းအရောင်အချို့ကို မြင်ရသည်။

ဆရာဝန်၊ ဆရာမများ နားနေဆောင်ဘက်မှ မီးရောင်နှင့်အတူ မှန်ပြတင်းပေါက်မှ တစ်ဆင့် လူရိပ်အချို့ကို လှမ်းမြင်နေရသည်။

ထိုသို့ကြည့်နေရင်းမှာပင် ရင်ခွဲရုံတစ်ဝိုက်တွင် လှုပ်ရှားသွားလာနေသော မည်းမည်းသဏ္ဍာန်တစ်ခုကို လှမ်းမြင်ရပြန်သည်။ ရင်ခွဲရုံအုတ်တိုက်ရှေ့တွင် မီးလုံးတစ်လုံး ထွန်းထားသောကြောင့် အလင်းရောင်အချို့ ရှိနေရာ လှုပ်ရှားသွားလာနေသော မည်းမည်းသဏ္ဍာန်ကို ဒိုးတဝါး မြင်နေရသည်။

ပထမတော့ ကုလားအလုပ်သမားတစ်ယောက် အညစ်အကြေးများ ထွက်စွန့်တာလား။

ဒါမှမဟုတ် မိလ္လာကျုံးသော ကုလားတစ်ယောက် ဖြစ်လေလေားဟု ထင်လိုက်မိသည်။

(ရှေးအခါက ယင်လုံအိမ်သာများ မရှိပဲ အညစ်အကြေးများကို အိမ်သာအောက်၌ ဇလားခွက်များနှင့် စွန့်ပစ်ကြပြီး ထိုအညစ်အကြေးများကို ညအချိန်ရောက်မှ မိလ္လာကျုံးသော ကုလားများက လာရောက်သိမ်းဆည်းပြီး ဈေးလှည်းများဖြင့် တစ်နေရာသို့ သွားရောက်စွန့်ပစ်ကြရသည်။

ညအချိန် အိမ်သာတက်သူအချို့မှာ အိမ်သာတက်နေစဉ် မှေမှေလျော့လျော့ ရှိနေခိုက် အိမ်သာအောက်မှ လက်မည်းကြီး ဝင်လာသဖြင့် ကြောက်ကြောက်လန့်လန့်ဖြင့် ထွက်ပြေးရသည်မျိုးလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ မိလ္လာကျုံးသော ကုလားလက်ပင် ဖြစ်ပေသည်။

ဒေါက်တာကျော်စွာမှာ ရင်ခွဲရုံတိုက်ကလေးဘက်မှ ထွက်လာသော အရိပ်မည်းကို မိလ္လာကုလားဟုပင် ထင်သဖြင့် အမှတ်တမဲ့ ရှိနေစဉ် ထိုအရိပ်မည်းက ကုက္ကိုပင်ရိပ်များအောက်မှ သူရှိရာအိမ်ဘက်သို့ လျှောက်လာလေသည်။

အိမ်နှင့် မလှမ်းမကမ်းနေရာ အမှောင်ရိပ်သို့ ရောက်တော့ ခွေးများက စူးစူးဝါးဝါး ထိုးဟောင်ကြသည်။

ဒေါက်တာကျော်စွာက ပြတင်းပေါက်မှ လှမ်းကြည့်နေစဉ် ထိုအရိပ်မည်းက အမှောင်ရိပ်တစ်နေရာတွင် ပျောက်ကွယ်သွားလေတော့သည်။

"ဟင်. ."

ထိုမြင်ကွင်းကြောင့် နည်းနည်းတော့ အံ့ဩသလို ဖြစ်သွားသည်။ သို့သော် ဒေါက်တာကျော်စွာမှာ ငယ်စဉ်ကတည်းက တစ္ဆေသရဲများကို ကြောက်ရွံ့တတ်သူ မဟုတ်သောကြောင့် အမှတ်တမဲ့ပင် ရှိနေသည်။

ညဉ့်နက်ပိုင်းအချိန် ရောက်သောအခါ ထူးထူးခြားခြား အခြေအနေ မတွေ့ရတော့ပဲ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

သို့ကြောင့် ပြတင်းပေါက်တံခါးကို ပြန်စေ့ကာ အိပ်ယာဝင်လေရာ တစ်နေကုန် ပင်ပန်းထားသောအရှိန်နှင့် ချက်ချင်းအိပ်ပျော်သွားလေတော့သည်။

ထိုသို့အိပ်ပျော်သွားစဉ် နားထဲ၌ ခွေးဟောင်သံများကို အရှင်





ကြားလာရသည်။

အတန်ကြာတော့ အိမ်ရှေ့ဘက်မှ တံခါးဖွင့်သံလိုလို ကြားလိုက်ရသည်။

"ကျွိ. . ."

ဒေါက်တာကျော်စွာ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားလေသည်။ တံခါးဖွင့်သံနှင့် မရှေးမနှောင်းမှာ အိမ်ရှေ့မှ တက်လာသောခြေသံကြားရပြန်သည်။

စိတ်ထဲမှာ မူတူးများ ဖြစ်မလားဟု ထင်လိုက်သော်လည်း မထဖြစ်တော့ဘဲ ခေါင်းအုံးအောက်မှာ အဆင်သင့် ဆောင်ထားသည့် လိုင်စင်ဖြင့် ကိုင်ဆောင်သော ခြောက်လုံးပြူးသေနတ် ရှိမရှိကိုသာ လက်ဖြင့် စမ်းကြည့်လိုက်သည်။

သေနတ်က ခေါင်းအုံးအောက်မှာ အဆင်သင့် ရှိသည်။

ကြားနေရသောခြေသံက အိမ်ရှေ့ဘက်မှတဆင့် အိပ်ခန်းတံခါးပေါက်ဝအနီးသို့ ရောက်လာသည်။

ဒေါက်တာကျော်စွာစိတ်ထဲမှာ သိပ်မသင်္ကာသဖြင့် ခေါင်းအုံးအောက်မှ သေနတ်ကို ဆွဲထုတ်လိုက်လေသည်။

"ကျွိ. . . ကျွိ. . . ကျွိ"

အိပ်ခန်းတံခါးက စေ့ရုံစေ့ထားသဖြင့် တစ်စုံတစ်ယောက်က တွန်းလိုက်သကဲ့သို့ တဖြည်းဖြည်းနှင့် ပွင့်လာသည်။

"ဟင်. . ."

လှမ်းကြည့်လိုက်သောအခါ အခန်းပေါက်ဝ၌ မည်းမည်းသဏ္ဌာန်ကြီး ရပ်နေသည်ကို လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ရိပ်များ ဖုံးနေသဖြင့် မျက်နှာကို အသေအချာ မမြင်ရသော်လည်း ကြောက်မက်ဖွယ်ရာကောင်းသည့် ပုံသဏ္ဌာန်မျိုး ဖြစ်မည်ဟုတော့ ခန့်မှန်းမိသည်။

သို့ကြောင့် သေနတ်ဖြင့် ချိန်ထားလိုက်သည်။

အကယ်၍ ရှေ့သို့ တိုးလာလျှင် ပစ်ချလိုက်မည်ဟုလည်း စိတ်ကူးထားလေသည်။

အတန်ကြာသောအခါ မည်းမည်းသဏ္ဌာန်ကြီးက အခန်းတွင်းသို့ ဝင်လာသည်။

သို့စေကာမူ သူအိပ်နေသောကုတင် ရှိရာသို့ မလာပဲ အခန်းထောင့်သို့ သွားကာ ငြိမ်သက်စွာ ရပ်နေလေသည်။

အတန်ကြာအောင် စောင့်ကြည့်နေသော်လည်း နောက်ထပ်အခြေအနေ မထူးတော့သဖြင့် ဒေါက်တာကျော်စွာလည်း ထပ်မံအိပ်ပျော်သွားလေသည်။

နောက်တစ်နေ့မနက်ပိုင်း အိပ်ယာမှ နိုးလာသောအခါ အခန်းအပြင်ဘက်၌ ထားသော ကပ္ပလီလူရိုင်းရုပ်ကြီးက အခန်းတွင်း ထောင့်ထဲသို့ ရောက်နေချေပြီ။

ဒေါက်တာကျော်စွာမှာ အမှတ်သညာကောင်းသူတစ်ယောက်ပီပီ မနေ့က ထိုအရုပ်ကြီးကို အခန်းအပြင်ဘက်၌ ထောင်ထားသည်ကို ကောင်းစွာမှတ်မိနေလေသည်။

"ဒီအရုပ်ကြီးက ဘယ်လိုကြောင့် ဒီအခန်းထဲ ရောက်နေတာလဲ၊ မနက်က ငါမနိုးခင် မူတူးတို့လင်မယားများ ရွှေ့ထားရော့သလား"

ဟု တွေးကာ မူတူးတို့လင်မယားကို ခေါ်မေးကြည့်သောအခါ





"ကျွန်တော်တို့ အရုပ်ကြီးကို နေရာမရွှေ့ဘူး ဆရာကြီး၊ မနက်က နိုးလာတော့ မေရီက အဝတ်လျှော်နေပြီး ကျွန်တော်က အိမ်အပြင်ဘက်မှာ သန့်ရှင်းရေး လုပ်နေပါတယ်"

ဟု ပြောရာ အံ့ဩသွားလေသည်။

ထိုအခါ မူတူးမိန်းမ မေရီက ဝင်ပြောသည်။

"ည. . ညတုန်းက ကျွန်မထူးခြားတာတစ်ခု တွေ့လိုက်ရတယ် ဆရာကြီး"

"ဘယ်လိုတွေ့တာလဲ"

"ခွေးဟောင်သံတွေ ကြားလို့ ထပြီး ပြတင်းပေါက်က ကြည့်တော့ ရင်ခွဲရုံဘက်က ဒီဘက်ကို မည်းမည်းသဏ္ဌာန်တစ်ခု ဖြတ်လာတာကို တွေ့လိုက်ရပါတယ်"

"မိလ္လာကုလား ဖြစ်ချင်ဖြစ်မှာပေါ့"

"မဟုတ်ဘူး ဆရာကြီး၊ မိလ္လာကုလားက ညဆယ်နာရီလောက်မှာ လာလေ့ရှိတယ်၊ အခုလှမ်းမြင်လိုက်တာ သန်းခေါင်လောက် ရှိနေပြီ"

ဟု ပြောပြရာ ဒေါက်တာကျော်စွာစိတ်ထဲတွင် မသင်္ကာစရာတွေးတောစရာ၊ အံ့ဩစရာများစွာဖြင့် ရှုပ်ထွေးနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၅)

# အသက်ဝင်လာသောရုပ်တု

နောက်ရက်များမှာတော့ ထိုအကြောင်းများကို ခေါင်းထဲ ထည့်အားတော့ဘဲ ဆေးရုံမှ လူနာများ ကိစ္စများဖြင့်သာ အလုပ်ရှုပ် နေလေတော့သည်။

နံနက်လင်းသည်နှင့် မေရီ ပြင်ဆင်ပေးသော မနက်စာကို စားသောက်ပြီးသည်နှင့် (၈)နာရီထိုးသည်နှင့် ဆေးရုံသို့ ပြေးရလေ သည်။ မူတူးကလည်း သူ့နောက်မှ လိုက်လာပြီး လိုအပ်သောအလုပ် များကို ကူညီလုပ်ကိုင်ပေးရသဖြင့် အိမ်၌မူ မေရီတစ်ယောက်တည်း ကျန်ခဲ့လေသည်။

ယခင်က ဆေးရုံတစ်ရုံတွင် ဆရာဝန်ကြီးတစ်ယောက်သာ ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျန်တာက ဆရာမများသာ ရှိသဖြင့် ခွဲစိတ်လူနာများ ရှိလျှင် များများ ပင်ပန်းလှပေသည်။

တစ်ခါတစ်ရံ နေ့လည်စာပင် ပြန်မစားနိုင်လောက်အောင် အလုပ်ရှုပ်လှပေသည်။

တစ်နေ့တော့ မူတူးက သူ့အနီးသို့ ရောက်လာပြီး တိုးတိုး ပြောပြသည်။

"ဆရာကြီး. . . မေရီက ကျွန်တော့်ကို ပြောတယ်"

"ဘာတဲ့လဲ"

"နေ့ခင်းဘက် သူတစ်ယောက်ထဲ အိမ်မှာ ကျန်နေခဲ့ရင် ဆရာကြီးအိမ်ထဲက ခြေသံတွေလိုလို တခြားအသံတွေလိုလို ကြားရတယ်လို့ ပြောတယ်"

"နေ့ခင်းဘက်တော့ ဘယ်သူခိုးက အိမ်ထဲကို ဝင်မှာလဲ မူတူးရယ်"

"သူလည်း သူခိုးမှတ်လို့ အသံကြားတိုင်း သွားကြည့်တာပဲတဲ့ ဒါပေမယ့် ဘာမှမတွေ့ရဘူးလို့ ပြောတယ် ဆရာကြီး"

ထိုအကြောင်းကို မေရီနှင့် တွေ့ပြီး ဂဃနဏ မေးကြည့်သောအခါ မေရီက ပြောပြသည်။

"ကျွန်မလည်း ဆရာကြီးကို မပြောဝံ့လို့သာ နေရတာပါ။ အဲဒီလိုအသံတွေ ကြားနေရတာ ရက်အတော်ကြာပြီ ဆရာကြီး၊ ခြေသံတွေ ပစ္စည်းရွှေ့သံတွေကို ကြားတာနဲ့ မသင်္ကာလို့ သွားချောင်းကြည့်တော့ အိမ်ထဲမှာ ဘာမှမတွေ့ရပြန်ဘူး၊ သိပ်ပြီးဆန်းကြယ်တာပဲ"

"နင် အိမ်မှာ တစ်ယောက်တည်း မနေဝံ့ရင်လည်း မူတူးနဲ့





ဆေးရုံကို လိုက်လာပြီး နေပေါ့"

ဟုသာ ပြောလိုက်ရလေသည်။

နောက်ရက်များမှာတော့ မူတူးတို့လင်မယားက ပြောပါများလာသဖြင့် စိတ်ထဲမှာ မသင်္ကာသဖြင့် သတိထား၍ ကြည့်သောအခါ နေ့အချိန်တွင် ထူးခြားမှု မတွေ့ရသော်လည်း ညအချိန်များမှာတော့ ထူးခြားမှုအချို့ကို တွေ့ရလေသည်။

အိပ်ပျော်နေချိန်တွင် အိပ်မက်မက်နေသလိုမျိုး ဇဝေဇဝါဖြင့် အိပ်ပေါ်မှာ သွားလာနေသော ခြေသံများကို ကြားရခြင်း၊ တစ်ခါတစ်ရံ အရိပ်မည်းကြီးတစ်ကောင်က ဟိုမှသည်မှ သွားလာနေသည်များကို တွေ့ရသည်။

ဤသို့ဖြင့် ဒေါက်တာကျော်စွာတစ်ယောက် မော်ကျွန်းဆေးရုံသို့ ရောက်ခဲ့ပြီး တစ်လခန့် အချိန်ကြာသောအခါ ဘဝအပြောင်းအလဲ ဖြစ်စရာအကြောင်းတစ်ခုက ရောက်လာလေတော့သည်။

တစ်နေ့သ၌ ဆေးရုံသို့ သတိမေ့နေသော လူနာအမျိုးသမီး တစ်ယောက် ရောက်လာလေသည်။

လူနာမှတ်တမ်းစာရွက်ကို ကြည့်လိုက်သောအခါ ခင်မျိုးသွယ် ဖြစ်ကြောင်း တွေ့ရပြီး အသက်ကလည်း နှစ်ဆယ်သာ ရှိသေးသည်။

သူမသည် ကြောက်လန့်ဖွယ်ရာ တစ်ခုခု တွေ့ရပြီး သတိလစ်နေခြင်း ဖြစ်သဖြင့် အမြန်ဆုံး သတိပြန်ရလာစေရန် ကုသပေးရလေသည်။

ညဦးပိုင်းအချိန်ရောက်မှ သတိပြန်ရလာပြီး အတန်အသင့် သက်သာလာသောအခါ အကြောင်းစုံ မေးမြန်းကြည့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ"

"ကျွန်မဆီကို ညဘက် ရောက်ရင် လူမည်းကြီးတစ်ယောက် ရောက်လာပြီး အတင်းလာလာဆွဲနေတယ် ဆရာ၊ မနေ့ညကတော့ သူ့မျက်နှာကြီးကို မြင်လိုက်ရတယ်၊ သိပ်ကြောက်ဖို့ကောင်းတာပဲ"

"နေစမ်းပါဦး. . . အဲဒီမျက်နှာက ဘယ်သူဆိုတာ သိလို့လား"

"ဟုတ်ကဲ့. . . သိပါတယ်၊ တခြားမဟုတ်ပါဘူး. . . လွန်ခဲ့တဲ့ တစ်လကျော်ကျော်လောက်ကမှ သေဆုံးသွားတဲ့ ကိုဘစိန်ရဲ့မျက်နှာကြီး ပါပဲ"

"ကိုဘစိန်ဆိုတာ ဘယ်သူလဲ၊ လိမ့်ပတ်လည်အောင် တဆိတ် လောက် ပြောပြပါဦး"

"ကိုဘစိန်ဆိုတာ တခြားမဟုတ်ပါဘူး. . . ဒီမြို့ကပါပဲ၊ ကျွန်မ နဲ့က ဈေးထဲမှာ ဆိုင်ချင်းက မဝေးပါဘူး၊ သူတို့ဆိုင်က သံတိုသံစနဲ့ ကုန်မျိုးစုံ ရောင်းတဲ့ဆိုင်ပါ၊ ကျွန်မက အထည်ရောင်းပါတယ်၊ ကိုဘစိန် က ကျွန်မထက် အသက်ကြီးသလို ကုလားလူမျိုးတစ်ယောက်လည်း ဖြစ်ပါတယ်၊

နောက်ဆုံး တိုတိုပြောရရင်တော့ သူက ကျွန်မကို နည်းအမျိုး မျိုးနဲ့ ပိုးပန်းနေရင်းကနေ ဘယ်လိုမှ မရတော့တာနဲ့ အဆိပ်သောက်ပြီး သေသွားတာပါပဲရှင်"

လွန်ခဲ့သော တစ်လကျော်အချိန်ကဆိုတော့ ဒေါက်တာကျော် စွာ မရောက်ခင်အချိန်က ဖြစ်လေသည်။

"နောက်တော့ ဘယ်လိုဖြစ်သေးသလဲ"

"သူသေသွားပြီး တစ်လလောက် ကြာတော့ ညဘက် အိပ်





ပျော်ကာနီးအချိန်ရောက်ပြီဆိုတာနဲ့ သူရောက်လာပြီး အတင်းလာဆွဲ တော့တာပါပဲ၊ နောက်ဆုံးမှာတော့ သူ့မျက်နှာကြီးကိုပါ မြင်လိုက်ရတာ နဲ့ အခုလို ဖြစ်သွားရတာပါပဲရှင်"

ဟု ခင်မျိုးသွယ်က အကြောင်းစုံ ပြောပြလေသည်။

ခင်မျိုးသွယ်မှာ အသက်နှစ်ဆယ်ဝန်းကျင်အရွယ်ခန့် ရှိပြီး မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် လှပချောမောသူတစ်ဦး ဖြစ်သည့် အပြင် ကိုယ်နေဟန်ကလည်း အချိုးအစား ကျလေရာ ကုလားမောင်စိန် စွဲလမ်းမည်ဆိုက စွဲလမ်းလောက်သည့် ရုပ်ရည်ပိုင်ရှင်မျိုးဖြစ်လေသည်။

"ဒီလောက်လည်း မကြောက်ပါနဲ့လေ၊ ရောဂါကလည်း အ ကြောက်လွန်ပြီး ရှော့(ခ်)ဖြစ်တာဆိုတော့ ဒီလောက် မစိုးရိမ်ရပါဘူး"

"ကျွန်မဆေးရုံမှာ အကြာကြီး နေရမှာလားဟင်"

"မနေရပါဘူး. . . မနက်ဖြန်ဆိုရင် ဆေးရုံက ဆင်းလို့ရပါပြီ၊ တကယ်လို့ စိတ်ချရအောင် ကုသချင်တယ်ဆိုရင်လည်း အပြင် ဆေးခန်းကို လာပြလို့ရပါတယ်"

ဟု ပြောဆိုကာ နောက်တစ်ရက်တွင် ဆေးရုံမှ ပြန်ဆင်းခွင့် ပေးလိုက်လေသည်။

သို့စေကာမူ နောက်ပိုင်းရက်များမှာ တစ်ရက်ခြား၊ နှစ်ရက်ခြား ဆိုသလို ဒေါက်တာကျော်စွာ ရှိရာသို့ ရောက်လာပြီး ရောဂါပြလေ သည်။

သူမဖြစ်သောရောဂါမှာ ထွေထွေထူးထူး မရှိလှပဲ အကြောက် လွန်ရာမှ ဖြစ်သော ရောဂါဖြစ်သဖြင့် ရောဂါကုခြင်းထက် စိတ်ကို ကုပေးခြင်းဖြင့်သာ ကုပေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ရက်မှ လကူးသောအခါ တွေ့ပါများတော့ခင်၊ မြင်ပါများတော့ကြင်ဆိုသလို ဒေါက်တာကျော်စွာနှင့် ခင်မျိုးသွယ်တို့မှာ ချစ်သူများဘဝသို့ ရောက်ခဲ့ကြလေသည်။

ဒေါက်တာကျော်စွာမှာ အသက်သုံးဆယ်အရွယ် ရောက်သည်အထိ အဖော်မရှာဘဲ နေလာခဲ့ရာမှ ရှေးရေစက် ဖူးစာကံကြောင့်ပင်ဆိုရလေမည်လား။

ခင်မျိုးသွယ်ကို တွေ့တွေ့ချင်းပင် နှစ်သက်သဘောကျမှု ဖြစ်ကာ ချစ်ခွင့်ပန်ပြီးနောက် လက်ထပ်ယူရန်ပင် ဆုံးဖြတ်ခဲ့သည်အထိ ရောက်ခဲ့လေသည်။

နောက်ဆုံးမှာတော့ ခင်မျိုးသွယ်၏မိဘများကို ဖွင့်ဟတိုင်ပင်သောအခါ ၎င်းတို့ဘက်ကလည်း ဆရာဝန်တစ်ယောက်နှင့် လက်ထပ်ရမည့်အရေးကို နည်းနည်းကလေးမှ နှောင့်နှေးခြင်း မရှိကြဘဲ သဘောကျ စီစဉ်ရန်သာ ခွင့်ပြုကြလေသည်။

သို့ကြောင့်. . .

ကြာရှည်အချိန်မဆွဲတော့ပဲ ရန်ကုန်မှ မိဘများကို စာရေးအကြောင်းကြားကာ မှာကြားပြီးနောက် ၎င်းတို့ ရောက်လာသောအခါ မင်္ဂလာပွဲကို အကျဉ်းချုပ်၍ ကျင်းပကာ အကြင်လင်မယားဘဝသို့ ရောက်ကြလေတော့သည်။

မင်္ဂလာဧည့်ခံပွဲ ပြီးသောအခါ ခင်မျိုးသွယ်က ဒေါက်တာကျော်စွာ နေထိုင်သော ဆေးရုံမှ နေအိမ်သို့ လိုက်နေလေသည်။

ဒေါက်တာကျော်စွာမှာ အသက်သုံးဆယ်ကျော်အရွယ်အထိ အိမ်ထောင်မပြုပဲ နေလာခဲ့ပြီးကာမှ မမျှော်လင့်ပဲ အသက်အရွယ်





ငယ်ငယ်နှင့် ချောချောလှလှ ချစ်သူမယား ရသောအခါ ချစ်မဝနိုင်အောင် ရှိလေတော့သည်။

ခင်မျိုးသွယ်ကလည်း ဒေါက်တာကျော်စွာအား ချစ်သူလို တစ်သွယ်၊ အစ်ကိုကြီးလိုတစ်မျိုး ချစ်ခင်အားကိုးလေသည်။

၎င်းတို့အိမ်သို့ ခင်မျိုးသွယ် ရောက်လာခြင်းအတွက် တစ်မျိုးတော့ ကောင်းသွားသည်။

နေ့လည်ဘက်အချိန်တွင် မေရီအတွက် စကားပြောဖော် ရခြင်းကြောင့် ယခင်က တစ်ယောက်တည်း နေရစဉ်က ကြောက်စိတ်များပင် လျော့ပါးပျောက်ကွယ်သွားလေတော့သည်။

ခင်မျိုးသွယ်မှာလည်း ထိုအိမ်သို့ ရောက်ကာစက ပျော်သလိုလို ရှိသော်လည်း နောက်ပိုင်းရောက်လာသောအခါ တဖြည်းဖြည်းနှင့် စိတ်အနှောင့်အယှက် ဖြစ်စရာများ ကြုံလာရလေတော့သည်။

ညအချိန်တွင် ဒေါက်တာကျော်စွာ ရှိနေသဖြင့် မသိသာလှသော်လည်း နေ့လည်ဘက်အချိန်တွင် အိမ်ပေါ်၌ တစ်ယောက်တည်း နေသောအခါ သိသာလာသည်။

မနက်ပိုင်း(၈)နာရီထိုးသည်နှင့် ဒေါက်တာကျော်စွာက ဆေးရုံသို့ သွားရာ မူတူးကလည်း လိုက်သွားရလေသည်။

ထိုအချိန်တွင် မေရီကလည်း အိမ်နောက်ဖက် မီးဖိုဆောင်ထဲ၌ ချက်ပြုတ်၊ လျှော်ဖွပ်နေရာ မအားလပ်အောင် ရှိနေလေရာ သူမတစ်ယောက်တည်း အိမ်ပေါ်တွင် ရှိနေလေသည်။

ထိုအခါ အခန်းတွင်း ဝင်၍ စာဖတ်လျှင်ဖတ်၊ မဖတ်လျှင် အိပ်နေတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တစ်ရေးတစ်မော အိပ်နေစဉ် နားထဲ၌ ခြေသံများ ကြားနေရခြင်း၊ တံခါးဖွင့်သံပိတ်သံများကို ကြားရခြင်း၊

ပစ္စည်းများကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့နေသံများကိုပါ ကြားရလေသည်။

မျက်လုံးဖွင့်ကြည့်လိုက်တော့လည်း ဘာမှမတွေ့ရပေ။

သို့သော်လည်း စိတ်ထဲမှာတော့ အခန်းထဲတွင် သူမအပြင် အခြားတစ်ဦးတစ်ယောက် ရှိနေသည်ဟု ခံစားနေရသည်။

သူတို့ အိပ်သော ကုတင်ပေါ်သို့ ပက်လက်လှဲချလိုက်လျှင် ခြေရင်းဘက် အခန်းထောင့်၌ ရှိနေသော ကပ္ပလီလူရိုင်းရုပ်ထုကြီးနှင့် မျက်နှာချင်းဆိုင်သလို မြင်ရလေသည်။

ပထမတော့ အမှုမဲ့ အမှတ်မဲ့ နေသော်လည်း ရက်ကြာလာသောအခါ စိတ်ထဲမှာ မသိုးမသန့် ဖြစ်လာသည်။

သစ်ကနက်သားဖြင့် ထုလုပ်ထားသော ကပ္ပလီလူရိုင်း၏မျက်နှာမှာ တစ်စုံတစ်ယောက်နှင့် တူလာသလို ထင်လာမိသည်။

တစ်ခါတစ်ရံ ကြည့်နေရင်းမှာပင် မျက်တောင်ခတ်လာသလို ပါးစပ်များ လှုပ်လာသလို. . .

ခြေလက်များက လှုပ်လာပြီး သူမ ရှိရာသို့ ထွက်လာတော့မလို ထင်လာသည်။

နောက်ပိုင်းရက်မှာတော့ ကြောက်မက်ဖွယ် မြင်ကွင်းတစ်ခုကို တွေ့လိုက်ရလေသည်။

ထိုနေ့က မိုးရွာနေပြီး နေ့အချိန်ပင် ဖြစ်လင့်ကစား အခန်းထဲမှာ မှောင်နေသည်။





မေရီကလည်း ဈေးဝယ်ရန်အတွက် ဈေးသို့ သွားနေခိုက် ဖြစ်သဖြင့် အိမ်မှာ မရှိပေ။

ထိုအချိန်တွင် ခင်မျိုးသွယ် တစ်ယောက်တည်း အခန်းထဲသို့ ဝင်ကာ တံခါးကို အတွင်းမှ ဂျက်ချထားသည်။

ခင်မျိုးသွယ် စိတ်ထဲမှာ အပြင်ဘက်၌ မိုးမှောင်ကျနေစဉ် အိမ်၌ မိမိတစ်ယောက်တည်း ရှိနေသည်ဟူသောအသိကြောင့် အနည်းငယ် ချိုးရိမ်ထိတ်လန့်မှု ရှိနေလေသည်။

“အပြင်ဘက်မှာ မိုးတွေလေတွေကလည်း များလိုက်တာ၊ တစ်အိမ်လုံး မှောင်မည်းနေတာပဲ၊ ဒီအချိန်ကျမှ မေရီကလည်း ဈေးကို သွားနေတယ်. . . ဒုက္ခပါပဲ၊ အို. . . ဘာကြောက်စရာ ရှိသလဲ၊ နေ့ခင်းဘက်ကြီးပဲ၊ ဆေးရုံဘက်မှာလည်း လူသွားလူလာတွေ ရှိနေတာပဲ. . . ဘာကြောက်ရမှာလဲ”

ဟု တစ်ယောက်တည်း စိတ်အားတင်းလိုက်လေသည်။

ခင်မျိုးသွယ်သည် သံတိုင်များ စိုက်ထားသော မှန်ပြတင်းပေါက်တွင် ကာရံထားသော လိုက်ကာများကို ဖယ်၍ အပြင်ဘက်သို့ လှမ်းကြည့်နေသည်။

သူ့နေရာမှ ကြည့်လျှင် ဆေးရုံနှင့် လူသေများ ထားသော ရှင်ခွဲရုံကို မိုးစက်များကြားမှ ဝိုးတဝါး လှမ်းမြင်နေရသည်။

ထိုဆေးရုံတွင် ဒေါက်တာကျော်စွာ ရှိနေသည်ဟူသောအတွေးက စိတ်ထဲမှာ အနည်းငယ်တော့ အားရှိလာသည်။

ထိုသို့ လှမ်းကြည့်နေရင်း ဒေါက်တာကျော်စွာနှင့် ဆန်းကြယ်စွာ ဖူးစာဆုံခဲ့ပုံကို ပြန်လည်သတိရမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသာ ဆေးရုံသို့ ရောက်မလာခဲ့လျှင် ဒေါက်တာကျော်စွာနှင့် ဖူးစာဆုံရမည် မဟုတ်ပေ။

ဆေးရုံသို့ ရောက်လာရသောအကြောင်းကို သတိရသောအခါ တစ်ဆက်တည်းဆိုသလို အိပ်မက်ထဲတွင် လူမည်းကြီးတစ်ကောင်က လာရောက်ဆွဲပုံနှင့် ထိုလူမည်းကြီး၏မျက်နှာမှာလည်း မကြာသေးမီက သေဆုံးသွားသော မောင်ဘစိန်၏ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးနှင့် တူနေသည်ကို ပြန်တွေးမိသောအခါ ကျောထဲမှာ စိမ့်ကနဲ ဖြစ်သွားသည်။

တိတ်ဆိတ်ငြိမ်သက်နေသော အိပ်ခန်းအတွင်း၌ တစ်ယောက်တည်း နေရသည်ကိုပင် ကြောက်ရွံ့သလို ခံစားရလေသည်။

ထိုအခိုက်မှာပင် ဆေးရုံဘက်ဆီမှ ငိုသံသဲ့သဲ့ ကြားလိုက်ရပြီး လူများ ရုတ်ရုတ်သဲသဲနှင့် ထွက်လာသည်ကို လှမ်းမြင်ရသည်။ လှမ်းကြည့်နေစဉ်မှာ သေဆုံးသွားဟန်ရှိသော အလောင်းတစ်လောင်းကို အဝတ်ဖြင့် ပတ်ကာ အပြင်သို့ ထမ်းထုတ်လာကြသည်။ နောက်မှ ငိုကြွေးကာ လိုက်လာသူများကိုလည်း လှမ်းမြင်ရသည်။ ထိုအလောင်းကို ရင်ခွဲရုံ ရှိရာသို့ သယ်ယူသွားကြလေသည်။

ခင်မျိုးသွယ်မှာ စိတ်ထဲမှာ မသိုးမသန့် ဖြစ်လာသောကြောင့် ခန်းဆီးလိုက်ကာကို ပြန်ချကာ အိပ်ယာပေါ်သို့ ပြန်လှဲချလိုက်လေသည်။

ခန်းဆီးလိုက်ကာကို ပြန်ချလိုက်သဖြင့် အခန်းတွင်းမှာ အနည်းငယ် မှောင်သွားသည်။

အိပ်ယာပေါ် ပြန်လှဲချလိုက်သည်နှင့် ခြေရင်းဘက် အခန်း





ထောင့်၌ ရှိနေသော ကပ္ပလီလူရိုင်းရုပ်၏မျက်နှာနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

သူသည် ထိုမျက်နှာကြီးကို ကြည့်နေရင်း စိတ်ထဲမှာ မသိုးမသန့် ဖြစ်လာလေသည်။

သူ့စိတ်ထဲမှာ ရုပ်ထုကြီး၏မျက်နှာမှာ တစ်မျိုးဖြစ်လာသလို ထင်နေသည်။

ကပ္ပလီလူရိုင်း၏မျက်နှာမှာ အသွင်ပြောင်းလာသလို မျက်လုံးများ လှုပ်လာသလို ပါးစပ်များ လှုပ်လာသလို ဖြစ်လာရုံမက ကိုယ်လုံးကြီးမှာလည်း အနည်းငယ် ယိမ်းယိုင်လှုပ်ရှားလာလေသည်။

"ဟင်. . ."

ထိုသို့ရှိနေစဉ်မှာ မျက်နှာမှာ တဖြည်းဖြည်း အသွင်ပြောင်းလာပြီးနောက် သေဆုံးသွားသော မောင်ဘစိန်၏ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီး ပေါ်လာလေတော့သည်။

"အား. . ."

ထိတ်လန့်ဖွယ်ရာ မြင်ကွင်းကြောင့် ခင်မျိုးသွယ်မှာ သတိလစ်သလို မေ့လဲကျသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

## သံသယ ဥပါဒါန်

စျေးဝယ်သော မေရီ ပြန်ရောက်လာသောအခါ အိမ်ထဲ၌ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေသောကြောင့် မသင်္ကာသဖြင့် အိမ်တွင်းသို့ ဝင်ကြည့်လိုက်သောအခါ ခင်ပွန်းသွယ်ကို မတွေ့ရပေ။

အခန်းတံခါး ပိတ်ထားသဖြင့် ခေါ်ကြည့်သောအခါမှာလည်း အတွင်းမှ ပြန်ထူးသံ မကြားသဖြင့် ဆေးရုံသို့ သွားကာ ဒေါက်တာကျော်စွာကို အသိပေးရလေသည်။

"အိပ်ခန်းထဲမှာ အိပ်ပျော်နေသလားမှ မသိတာ"

"ကျွန်မ ခေါ်ကြည့်တော့လည်း ပြန်ထူးသံ မကြားရဘူး ဆရာကြီး"

www.burmeseclassic.com



"ဟင်. . ."

ထို့ကြောင့် ဒေါက်တာကျော်စွာ လုပ်လက်စ အလုပ်များကို ထားခဲ့ပြီး အိမ်သို့ ပြန်လာခဲ့သည်။

အိမ်သို့ ရောက်သောအခါ အခန်းတံခါးကို ပုတ်၍နှိုးသော သည်။

"သွယ်ရေ. . . သွယ်၊ အိပ်ပျော်နေသလား၊ ထပါဦး. . . အစ်ကို ပြန်လာပြီလေ"

အကြိမ်ကြိမ် ခေါ်သော်လည်း အခြေအနေ မထူးတော့သဖြင့် စိတ်ပူသွားကာ မူတူးကို တံခါးဖျက်ခိုင်းလိုက်သည်။

"မူတူးရေ. . . တံခါးဂျက်ကိုသာ ဖျက်လိုက်တော့၊ အထဲမှာ တစ်ခုခု ဖြစ်နေပြီ"

ဟု ပြောသဖြင့် မူတူးက သံတူရွင်းတစ်ချောင်း ယူလာပြီး တံခါးကို ရိုက်ဖွင့်လိုက်သည်။

မူတူးက တံခါးကို အရှိန်ဖြင့် ဆောင့်တွန်းလိုက်ရာ တံခါးရွက် ပွင့်သွားသောအခါ အခန်းပေါက်ဝမှာ တစ်စုံတစ်ခုနှင့် ခံနေသည်ကို တွေ့ရပြန်သည်။

"တံခါးမြန်မြန်ဖွင့်ပါကွ"

"တံခါးက ပွင့်သွားပြီ ဆရာကြီး၊ အထဲမှာ တစ်ခုခု ခံနေတယ်"

ဟု ပြောသဖြင့် တံခါးကို ရနိုင်သမျှ တွန်းကာ ဟသွားသော အခါ ချောင်းကြည့်လိုက်ရာ သစ်ကနက် လူရိုင်းရုပ်ကြီးက အခန်းပေါက် ဝနား၌ ရောက်နေသည်ကို အံ့သြဖွယ်ရာ တွေ့ရလေသည်။

"ဟင်. . . အခန်းထောင့်မှာ ထားတဲ့အရုပ်က ဒီနေရာကို ဘာ





ကြောင့် ရောက်နေရတာလဲ"

ဟု ပြောကာ မူတူးနှင့် နှစ်ယောက် တံခါးကို တွန်းဖွင့်ပြီး အတွင်းသို့ ဝင်သွားသောအခါ ကုတင်ပေါ်မှာ သတိလစ်နေသော ခင်မျိုးသွယ်ကို တွေ့ရလေသည်။

"ဟင်. . . သွယ်"

ဒေါက်တာကျော်စွာမှာ ခင်မျိုးသွယ် ကိုယ်ကလေးကို ပွေ့ယူကာ အမျိုးမျိုး ပြုစုပေးရာ အချိန်အတော်ကြာတော့မှ ခင်မျိုးသွယ်မှာ တဖြည်းဖြည်းနှင့် သတိပြန်ရလာလေသည်။

"သွယ်. . သွယ်လေး၊ သတိပြန်ရလာပြီလားဟင်"

ထိုအခါမှ မျက်လုံးဖွင့်ကြည့်ပြီး ဒေါက်တာကျော်စွာကို မြင် သောအခါ အားကိုးတကြီးနှင့် ဖက်ကာ ငိုလေတော့သည်။

"တိတ်. . တိတ်ပါတော့ကွယ်၊ သွယ်. . ဘယ်လိုဖြစ်တာလဲ ပြောပြပါဦး"

ဟု မေးသောအခါ အရုပ်ကြီး ရှိရာသို့ မရဲတရဲ လှမ်းကြည့်ပြီး

"ကျွန်မ. . ကျွန်မ အဲဒီအရုပ်ကြီးကို ကြောက်တယ်. . . ကြောက်တယ်"

ဟု ပြောလေသည်။

"အို. . . သွယ်လေးကလဲ၊ အရုပ်က ဘာများ ကြောက်စရာ ရှိလို့လဲ၊ ဒါထက် အရုပ်ကြီးကို အခန်းပေါက်ဝ ရောက်အောင် ဘယ်သူ ရွှေ့ထားတာလဲ၊ သွယ် ရွှေ့ထားတာလား"

"မ. . မဟုတ်ဘူး၊ သူ့ဖာသာ ရွှေ့သွားတာ"

"ဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကျော်စွာမှာ ဇဝေဇဝါ ဖြစ်သွားလေသည်။

သူသည် အခန်းပေါက်ဝ ရောက်နေသော အရုပ်ကြီးကို တစ်လှည့်၊ ခင်မျိုးသွယ်ကိုတစ်လှည့် ကြည့်နေလေသည်။

ထို့နောက်. . .

ခင်မျိုးသွယ်၏မျက်လုံးကို ဖြဲကြည့်ခြင်း၊ နှလုံးခုန်နှုန်းကို စမ်းကြည့်ခြင်း၊ သွေးခုန်နှုန်းနှင့် ကိုယ်အပူချိန်များကို စမ်းသပ်ကြည့်သော်လည်း ပုံမှန်အနေအထားပင် ရှိနေသည်ကို တွေ့ရပေသည်။

"သွယ် နေကောင်းရဲ့လား"

"ကောင်းပါတယ် အစ်ကိုရဲ့၊ ကျွန်မမှာ ဘာရောဂါမှ မရှိပါဘူး ကြောက်တာပဲ ရှိပါတယ်"

"ဒါဖြင့် စောစောက မိုးအေးအေးနဲ့ သွယ်အိပ်ပျော်သွားပြီး အိပ်မက်မက်နေတာ ဖြစ်ရမယ်"

"အစ်ကို"

"ဘာလဲ သွယ်. . . ပြောလေ"

"ဟို. . ဟို. . ဒီအရုပ်ကြီးကို ဖျက်ဆီးပစ်ရင်ပစ်၊ ဒါမှမဟုတ်ရင် တစ်နေရာကို ပို့လိုက်ပါလားဟင်"

ခင်မျိုးသွယ်စကားကြောင့် ဒေါက်တာကျော်စွာက သဘောကျစွာ တစ်ချက်ပြုံးလိုက်လေသည်။

"သွယ်ကလည်း. . . ဘာဖြစ်လို့ ဒီလောက်ကြောက်နေရတာလဲ၊ ဒါက အရုပ်ပဲဟာ၊ သူက သွယ့်ကို ဘာမှလုပ်နိုင်တာမှ မဟုတ်တာ တကယ်လို့ သွယ်က ဖျက်ဆီးချင်ရင် အလွယ်တကူ ဖျက်ဆီးလို့ ရနိုင်တာပဲ"





ဒေါက်တာကျော်စွာက သူ အမြတ်တနိုး ထားသော ပစ္စည်းမို့ ဇနီးဖြစ်သူအား ဖြောင်းဖြောင်းဖျဖျ ပြောဆိုနေလေသည်။

"နောက်ပြီး ဒီအရုပ်က သစ်ကနက်သားနဲ့ ထုလုပ်ထားတဲ့ အပြင် လက်ရာကလည်း မြောက်တယ်၊ ဒီပစ္စည်းကို အစ်ကို လူပျိုဘဝကတည်းက သိမ်းဆည်းလာခဲ့တာဆိုတော့ တခြားကိုတော့ မပို့ပါရစေနဲ့ သွယ်ရယ်၊ သွယ် မကြည့်ချင်ရင် အခန်းအပြင်ဘက် ထုတ်ထားပေးပါ့မယ်"

ဟု ပြောဆိုဖျောင်းဖျကာ အခန်းပေါက်ဝ၌ ရှိသော အရုပ်ကြီးကို မူတူးနှင့် နှစ်ယောက် သယ်မ,လာကာ အခန်းအပြင်ဘက် တစ်နေရာသို့ ပို့လိုက်လေတော့သည်။

ထိုသို့ ပို့လိုက်သော်လည်း ထိုအရုပ်ကြီး အိမ်ထဲမှာ ရှိနေသရွေ့ တစ်နေ့ကျလျှင် မိမိကို ဒုက္ခပေးလိမ့်မည်ဟု ခင်မျိုးသွယ်စိတ်ထဲ၌ ဥပါဒါန် စွဲကပ်နေလေတော့သည်။

ကပ္ပလီလူရိုင်း ရုပ်ထုကြီးကို အခန်းအပြင်ဘက်သို့ ထုတ်ထားသော်လည်း အိမ်မှာ သိပ်မကျယ်လှသဖြင့် တစ်အိမ်တည်း အတူရှိနေသကဲ့သို့ စိတ်မှာ ခံစားနေရသည်။

အိမ်ထဲမှာ သွားလာနေစဉ်မှာပင် မကြာခဏဆိုသလို ထိုအရုပ်ကြီးနှင့် မျက်နှာချင်းဆိုင်မိလေသည်။

အမှတ်တမဲ့နှင့် မျက်နှာချင်းဆိုင်မိသောအခါ တစ်ကိုယ်လုံး ကျင်စက်ဖြင့် တို့လိုက်သကဲ့သို့ တုန်လှုပ်သွားလေသည်။

သို့ကြောင့် ဒေါက်တာကျော်စွာ ဆေးရုံသို့ ထွက်သွားသည်နှင့် ထိုအရုပ်ကြီးအား အဝတ်ဖြင့် ဖုံးအုပ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် နေ့ခင်းနေ့လည် မေရီ ဈေးဝယ်သွားသောအခါမှာလည်း အိမ်မှာ တစ်ယောက်တည်း မနေခဲ့တော့ဘဲ ဈေးထဲမှ မိဘများဆိုင်သို့ သွားရောက်နေလေသည်။

မေရီ ဈေးဝယ်ပြီးတော့မှ အတူတူ ပြန်လာလေ့ရှိသည်။

ညအချိန် ရောက်သောအခါမှာလည်း ဒေါက်တာကျော်စွာ ဆေးရုံမှ ပြန်လာသဖြင့် စိုးရိမ်စရာ မရှိတော့ပေ။

ဤသို့ဖြင့် အရုပ်ကြီးနှင့် ပတ်သက်သော ထိတ်လန့်ကြောက်ရွံ့ဖွယ်များ တဖြည်းဖြည်းနှင့် လျော့ပါးသွားလေတော့သည်။

သို့သော်လည်း နောက်ပိုင်းရက်များမှာတော့ အခြားနှောင့်ယှက်မှုများနှင့် ထပ်မံကြုံတွေ့ရပြန်သည်။

အခြားမဟုတ်ပေ။

ညဘက် အိပ်ပျော်နေသောအချိန်တွင် ထူးခြားသောအိပ်မက်တစ်ခုကို ညစဉ်ညတိုင်း မက်လေသည်။

အိပ်ပျော်စအချိန်မှာပင် အခန်းအပြင်ဘက်၌ ထားသော ကပ္ပလီလူရိုင်းရုပ်ကြီးကို တွေ့လာရသည်။

ထိုအရုပ်ကြီးမှာ အသက်ဝင်လာသကဲ့သို့ ဖြစ်လာပြီး ထိုအထဲမှ လူတစ်ယောက် ထွက်လာသည်ကို မြင်တွေ့ရလေသည်။

ထိုလူမှာ အခြားမဟုတ်ဘဲ သေဆုံးသွားသော မောင်ဘစိန်ပင် ဖြစ်လေသည်။

ထိုအရုပ်တွင်းမှ ထွက်လာသော မောင်ဘစိန်၏ရုပ်ရည်မှာ ကြောက်မက်ဖွယ်ရာ ရုပ်အဆင်းမျိုး မဟုတ်တော့ဘဲ ယခင် တွေ့နေကျ ပုံစံအတိုင်းသာ ဖြစ်လေသည်။





"ရှင်သေသွားပြီ မဟုတ်လား ကိုဘစိန်၊ ဘာကြောင့် အခုဒီနေရာ ရောက်လာရတာလဲ"

"ငါ လူကသာ သေသွားပေမယ့် ဝိညာဉ်က ရှိနေသေးတော့ အခုလို လာရတာပေါ့၊ ငါ နင့်အပေါ်မှာ ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ နင်လည်း အသိသားနဲ့ ခင်မျိုးသွယ်ရယ်၊

အခု သေသွားလို့ ဝိညာဉ်က ရှိနေသေးတော့ အခုလို လာရတာပေါ့၊ ငါ နင့်အပေါ် ချစ်ခင်တဲ့စိတ်က လျော့မသွားပါဘူး၊

ငါ့မေတ္တာကို လက်ခံပါနော်"

ဟု အနားလာထိုင်ကာ တတွတ်တွတ် ပြောဆိုလေသည်။

"အို. . . မဖြစ်နိုင်ဘူး. . . မချစ်နိုင်ဘူး၊ ရှင့်ကို လူ့ဘဝတုန်းကလည်း မချစ်ခဲ့ဘူး၊ အခုဘဝ ရောက်တော့လည်း ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး"

"ငါ့ကို မသနားတော့ဘူးလား ခင်မျိုးသွယ်ရယ်၊ ငါသေရတာ နင့်ကြောင့်ဆိုတာလဲ နင်အသိသားနဲ့၊ နင့်အချစ်ကို မရလို့ ကိုယ့်ကိုယ်ကို သတ်သေခဲ့တယ်ဆိုတာ နင်သိတယ် မဟုတ်လား၊ ငါ့ကို နည်းနည်းလောက်ဖြစ်ဖြစ်တော့ သနားသင့်ပါတယ်ဟာ"

နားပူနားဆာ ပြောလေသည်။

"အို. . . ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ကျွန်မက အရင်လို လွတ်လွတ်လပ်လပ်လည်း ရှိတော့တာ မဟုတ်ဘူး၊ ကာမပိုင် လင်ယောကျ်ားလည်း ရှိနေပြီဆိုတော့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး၊ ရှင်သွားပါတော့"

"ငါက ဘယ်ကိုမှ သွားစရာ မလိုဘူး၊ နင်နဲ့ တစ်အိမ်တည်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အတုံ့ရှိနေတာပဲဟာ”

“ဟင်. . . ရှင်က ဒီအိမ်မှာနေတယ် ဟုတ်လား၊ ဘယ်မှာနေတာလဲဟင်”

“ငါ့ဝိညာဉ်က ဟိုအရုပ်ကြီးထဲမှာ နေတာ”

ဟု ကပ္ပလီလူရိုင်းရုပ်ကြီးကို ညွှန်ပြလေသည်။

“ဟင်. . . ဒီထဲမှာ နေတယ်”

“အေး. . . ဟုတ်တယ်၊ ငါ နင့်ဆီကို နေ့တိုင်းလာခဲ့မယ်”

ဟု ပြောဆိုကာ နေရာမှ ထသွားပြီးနောက် အရုပ်ကြီးအတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

နောက်တစ်နေ့မနက် လင်းသော့အခါ ထိုအကြောင်းတို့ ဒေါက်တာကျော်စွာအား ပြန်ပြောပြလိုက်လေသည်။

“သွယ်လေးက ဒီအရုပ်ကြီးကိုပဲ စိတ်ရောက်နေလို့ ဒီလို အိပ်မက်မျိုးတွေ မက်နေတာပါကွယ်၊ တစ္ဆေ၊ သရဲ၊ ဝိညာဉ်ဆိုတာ အကောင်အထည်မှ မရှိတာ၊ လူတွေကို ဘာမှမလုပ်နိုင်ပါဘူးကွယ်၊ သွယ်လေး သိပ်ကြောက်ရင် အိပ်ယာဝင်ခါနီး ပုတီးလေးဘာလေး စိပ်ပေါ့”

ဟု ခပ်ပေါ့ပေါ့ပင် ပြန်ပြောလေသည်။

နောက်ရက်များမှာလည်း ထိုအိပ်မက်ကို ညစဉ်လိုလို မက်လေသည်။ အိပ်ပျော်သွားသည်နှင့် အိပ်မက်လိုလို တကယ်မြင်နေရသလိုနှင့် ကပ္ပလီအရုပ်ကြီးအတွင်းမှ ထွက်လာသော မောင်ဘစိန်ကို တွေ့ရသည်။

ထုံးစံအတိုင်း မောင်ဘစိန်က အနားလာထိုင်ပြီး ချစ်စကား





ကြိုက်စကားများ ပြောပြန်လေသည်။

အချိန်တန်သည်နှင့် အရုပ်ကြီးအတွင်းသို့ ပြန်ဝင်သွားပြန်လေသည်။ ဤသို့ဖြင့် လအတန်ကြာသောအခါ အိပ်မက်ထဲမှာ နေ့စဉ်လို မြင်တွေ့နေရသော မောင်ဘစိန်ကို မကြောက်တော့ပေ။

မိမိမှာ လင်ရှိမယားတစ်ယောက်မို့ မောင်ဘစိန်၏ပြောလာသော စကားများကို လက်မခံနိုင်သော်လည်း စိတ်ထဲမှာ သာယာသလို ဖြစ်လာလေသည်။

တစ်နေ့သ၌ ဒေါက်တာကျော်စွာ မြို့ခံအရာရှိကြီးတစ်ဦး၏ ညစာစားပွဲသို့ တက်ရောက်ကာ အရက်အနည်းငယ် သောက်လာကာ အတော်ကလေး ညဉ့်နက်မှ အိမ်သို့ ပြန်ရောက်လာသည်။ ဒေါက်တာကျော်စွာ အိမ်ရောက်သောအခါ ခင်မျိုးသွယ်က ပြောလေသည်။

“အစ်ကိုရယ်. . . အစ့်ကိုမရှိတုန်း ကျွန်မတစ်ယောက်တည်း နေရတာ ကြောက်လိုက်တာ လွန်ပါရော၊ ကိုဘစိန်ရဲ့ဝိညာဉ်ကလည်း ဟိုအရုပ်ကြီးထဲကနေ နေ့တိုင်းလိုလို ထွက်လာနေတော့တာပဲ”

ထိုစကားကြားသောအခါ မမူးစဖူး အရက်အနည်းငယ် မူးနေသော ဒေါက်တာကျော်စွာမျက်နှာမှာ ရဲတက်လာသည်။

“မင်းကို ဒီအကြောင်း ပြောရတာ ဘယ်နှစ်ခေါက် ရှိနေပြီလဲ၊ တဆိတ်ရှိ ဒီအရုပ်ကိုပဲ ယိုးမယ်ဖွဲ့နေတော့တာပဲ၊

အရုပ်ကတော့ ဘာမှလုပ်နိုင်မှာ မဟုတ်ပါဘူး၊ စိတ်ပညာ သဘောအရ ပြောရရင် မင်းရဲ့အပြင်စိတ်ကသာ ဟိုလူကို စိတ်မဝင်စားဘူးလို့ ထင်နေပေမယ့် အတွင်းစိတ်က ကြိတ်ပြီးသဘောကျနေလို့သာ အခုလို သူ့ကို ညတိုင်း အိပ်မက်မက်နေတာ ဖြစ်မှာပေါ့”



www.burmeseclassic.com

ဒေါက်တာကျော်စွာထံမှ မမျှော်လင့်သောစကားကို ကြားလိုက်ရသောအခါ ခင်မျိုးသွယ်မှာ အထိတ်တလန့် ဖြစ်သွားလေသည်။ ပြီးလျှင် ဝမ်းနည်းစိတ်ကြောင့် ချက်ချင်း မျက်ရည်များ စီးကျလာလေသည်။

"မဟုတ်ရပါဘူး အစ်ကိုရယ်၊ ကျွန်မမှာ ဒီသဘောမျိုး လုံးဝမရှိခဲ့ပါဘူး၊ ကျွန်မ ဒီကနေ့အထိ အစ်ကိုတစ်ယောက်ကိုပဲ ချစ်ခဲ့တာပါ။ သူ့ကို ဘယ်တုန်းကမှလည်း စိတ်မဝင်စားဘူး၊ ဘယ်တော့မှလည်း ချစ်မှာမဟုတ်ပါဘူး"

ပြာပြာသလဲ ငြင်းဆန်ပြောဆိုလေသည်။

သို့သော်လည်း ဒေါက်တာကျော်စွာက ယခင်ကကဲ့သို့ ပျော့ပျော့ပျောင်းပျောင်း ဖြစ်မလာတော့ပေ။

ရင်ထဲမှာ သိုဝှက်၍ အဖုအခဲ ဖြစ်နေသော မကျေနပ်မှုအချို့က မီးကို ဓါတ်ဆီနှင့် လောင်းသကဲ့သို့ အရက်ကလေး ဝင်လာတော့မှ ခေါင်းထောင်ထလာခြင်း ဖြစ်ပေသည်။

"မိန်းမဆိုတာကတော့ အတွင်းတစ်မျိုး၊ အပြင်တစ်မျိုး ရှိတတ်ကြတာပါပဲကွာ၊ အပြင်က မချစ်ဘူး ငြင်းနေပေမယ့် အတွင်းစိတ်က ကြိတ်ပြီးချစ်ချင်ချစ်နေတတ်တယ်၊ အပြင်က ချစ်ဟန်ဆောင်နေပေမယ့် အတွင်းက ကြိတ်ပြီး မုန်းချင်မုန်းနေတတ်တာမျိုးပဲ၊ ဒါမျိုးက ဖြစ်တတ်တဲ့သဘာဝမျိုးပဲ"

ဒေါက်တာကျော်စွာထံမှ ထိုစကားကြားရသောအခါ ခင်မျိုးသွယ်မှာ ပို၍တုန်လှုပ်လာမိသည်။

"လူဆိုတာ တွေ့ပါမြင်ပါများရင် ရုပ်ဆိုးအကျည်းတန်တဲ့လူ





ဒေါက်တာကျော်စွာမှာ ဆရာဝန်တစ်ယောက်ပေမို့ မိဘနှစ်ပါးတို့၏ဗီဇသွေး ပေါင်းစပ်ပုံကို ကောင်းမွန်စွာ သိရှိထားရာ ယခုကဲ့သို့ အသွင်ခြားနေသောကလေး၏ပုံပန်းသဏ္ဍာန်ကို မြင်ရသောအခါ များစွာစိတ်ဆင်းရဲမှု ဖြစ်မိသည်။

သို့ကြောင့် သားဦးလေးပင် ဖြစ်လင့်ကစား ထွေးထွေးပွေ့ပွေ့ မလုပ်ဘဲ ဖာသိဖာသာ နေလေ့ရှိသည်။

ခင်မျိုးသွယ်မှာ ပတ်ဝန်းကျင်မှ စကားများကို ကြားရသည်ကတစ်ကြောင်း၊ ဒေါက်တာကျော်စွာ၏စိတ်ခံစားမှုကိုလည်း ရိပ်မိသဖြင့် ဘယ်လိုမှ မရှင်းပြတတ်အောင်ရှိပြီး တစ်နေ့တစ်နေ့ မျက်ရည်နှင့်သာ အဖော်ပြုနေရရှာသည်။

ဒေါက်တာကျော်စွာမှာလည်း ကလေးမွေးပြီးသည့်အချိန်မှစ၍ ခင်မျိုးသွယ်အပေါ်မှာ နှစ်နှစ်ကာကာ မရှိတော့ဘဲ ရှောင်ဖယ်ရှောင်ဖယ် ဖြစ်လာတော့သည်။

တစ်ခါတစ်ရံ အလုပ်ကို အကြောင်းပြကာ ဆေးရုံမှာပင် အိပ်လေရာ ခင်မျိုးသွယ်မှာ သားလေးကိုသာ အဖော်ပြု၍ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် နေရလေတော့သည်။

ထိုညများတွင် အခန်းအပြင်ဘက်မှ တရှပ်ရှပ်နှင့် လျှောက်နေသောခြေသံများကို ကြားရသော်လည်း ၎င်းတို့သားအမိကိုတော့ အနှောင့်အယှက် မပေးချေ။

ဒေါက်တာကျော်စွာမှာ ဆေးရုံခန်းမှာသာ အိပ်နေသော်လည်း စိတ်ကတော့ မဖြောင့်ရှာပေ။

၎င်းအိပ်သောအခန်းမှ လှမ်းကြည့်လျှင် မိမိနေအိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာလှမ်းမြင်ရလေသည်။

မိမိတို့အိပ်ခန်းဆီမှ မီးရောင်မြင်ရသောအခါ. . .

"သူတို့သားအမိတော့ မအိပ်ကြသေးဘူး၊

ငါမရှိလို့ သိပ်များ ကြောက်နေကြသလား၊

ငါထင်သလို သူ့မှာ အပြစ်ရှိတာရော ဟုတ်မှဟုတ်ရဲ့လား၊ ဆေးပညာမှာ မပါတဲ့ ဒီလိုထူးဆန်းတိုက်ဆိုင်မှုတွေကရော တကယ်ပဲ ရှိရော့သလား၊

ငါ သူတို့သားအမိအပေါ်မှာ အထင်လွဲနေတာလား၊

ဒီလိုဆက်ဆံတာ သိပ်ပြီးရက်စက်ရာများ ကျနေသလား" ဟု တစ်ယောက်တည်းအတွေးနှင့် နပန်းလုံးကာ တစ်ညလုံး အိပ်မပျော်ခဲ့ပေ။

နောက်တစ်နေ့ မနက်ပိုင်း မူတူးရောက်လာသောအခါ အခြေအနေကို မေးကြည့်ရသည်။

"ညတုန်းက အခြေအနေ ဘာထူးသလဲ မူတူး"

"ဆရာကြီး မရှိတော့ ကျွန်တော်တို့လည်း ညက သိပ်ပြီးမအိပ်ကြပါဘူး၊ အိမ်ပေါ်က ဆရာကတော်တို့သားအမိကို စိတ်မချတာနဲ့ တစ်ယောက်တစ်လှည့်စီ ထိုင်စောင့်နေကြတယ် ဆရာကြီး၊ သန်းခေါင်လောက် ရောက်တော့ အိမ်ထဲက ခြေသံတွေ ကြားလို့ ထကြည့်လိုက်တော့ အိမ်ထဲမှာ လူတစ်ယောက် လျှောက်နေတာကို လှမ်းမြင်ရတယ် ဆရာကြီး"

"သူခိုးသူဝှက်များလား"

"မဟုတ်ပါဘူး ဆရာကြီး၊ အိမ်ထဲမှာ ခေါက်တုန့်ခေါက်ပြန် လျှောက်နေတာကို တွေ့ရတာ၊ သူခိုးဆိုရင် မီးရောင်အောက်မှာ ဒီလို လျှောက်နေဝံ့မှာ မဟုတ်ဘူး"





"မနက်လင်းတော့ ဘာထူးသလဲ"

"မေရီပြောတာတော့ ဒီကနေ့အတွက် မနေ့က ချက်ထားတဲ့ ဟင်းတွေ မရှိတော့ဘူးလို့ ပြောတယ်"

"ဟင်. . . သူခိုးက ဟင်းပဲ လာခိုးစားသွားသလား၊ ဒါမှမဟုတ် သူ့ရဲ့အဆက်ဟောင်းတစ်ယောက် ငါမရှိတုန်း အိမ်ထဲ ဝင်လာပြီး အစားအသောက်တွေ စားသွားတာ ဖြစ်မှာပေါ့"

"ကျွန်တော်လည်း သေသေချာချာတော့ မသိဘူး၊ ဒါပေမယ့် အိမ်ထဲက ပြန်ထွက်သွားတာတော့ မတွေ့ရဘူး"

"သူခိုးက မင်းမြင်အောင် ပြန်ထွက်သွားမလားကွ၊ နောက်ညတွေလည်း အခြေအနေကို စောင့်ကြည့်ပြီး အခြေအနေ ထူးတာနဲ့ ငါ့ဆီ လာပြောလှည့်"

ဟု မှာကြားထားလေသည်။

နောက်တစ်နေ့ညမှာလည်း ဆေးရုံအခန်းမှာပင် နေ၍ အခြေအနေကို စောင့်ကြည့်လေသည်။

ထိုသို့ကြည့်နေစဉ်မှာ အိမ်ထဲမှာ လင်းနေသော မီးရောင်ဖြင့် လှုပ်ရှားနေသော မည်းမည်းသဏ္ဍာန်တစ်ခုကို လှမ်းမြင်ရသည်။ ထိုအချိန်မှာပင် မူတူးရောက်လာသည်။

"ဆရာ အိမ်ထဲမှာ သူရောက်နေပြီ"

"တွေ့ကြရောပေါ့ကွာ"

ဟု ပြောကာ အဆင်သင့် ကိုင်ဆောင်ထားသော လိုင်စင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တိုင်သည့် ခြောက်လုံးပြူးသေနတ်ကို ယူ၍ မူတူနှင့်အတူ အိမ်ဘက်သို့ ပြန်လာသည်။

အိမ်အနီးသို့ ရောက်သောအခါ အမှောင်ရိပ်နားမှာ ရပ်လိုက်သည်။

"ဘယ်မှာလဲ"

"စောစောက အိမ်ပေါ်မှာ လမ်းလျှောက်နေတာကို လှမ်းမြင်လိုက်ရတယ် ဆရာကြီး"

အမှောင်ရိပ်နားမှာ ရပ်ကာ အခြေအနေကို စောင့်ကြည့်သော်လည်း ဘာမှမတွေ့ရပေ။

အတန်ကြာအောင် စောင့်ကြည့်သော်လည်း လူရိပ်လူခြည် မတွေ့ရသဖြင့်. . .

"ငါတို့ လာတာ မြင်လို့များ အိမ်ထဲမှာ ပုန်းနေသလား။ လာကွာ အထဲဝင်ကြည့်ကြမယ်"

ဟု ပြောလိုက်သည်။

"ဟို. . ဟို. . ဖြစ်ပါ့မလား ဆရာကြီး"

"ဖြစ်ပါတယ်. . . ငါ့ဆီမှာ သေနတ်ရှိတာပဲ၊ ဘာမှ ကြောက်စရာ မလိုဘူး"

ဟု ပြောပြောဆိုဆိုနှင့် အိမ်ရှိရာသို့ လျှောက်လာရာ မူတူးကလည်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် နောက်မှ လိုက်လာလေသည်။

အိမ်ပေါက်ဝသို့ ရောက်သောအခါ တံခါးကို ဖွင့်၍ ခြေသံမကြားအောင် အိမ်အတွင်းသို့ ဝင်လာခဲ့သည်။

အိမ်အတွင်း၌ မီးလုံးတစ်လုံး ထွန်းထားသဖြင့် အလင်းရောင်





နောက်မှ မောင်ဘစိန်က သူ့ကို မရတာနဲ့ အဆိပ်သောက်ပြီး သေတာလို့ ပြောသံကြားတာပါပဲ"

"ဒါဆိုရင် ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ အဲဒီအိမ်မှာ အဝတ်လျှော်၊ ထမင်းချက် လုပ်နေတဲ့ ကုလားမလေး ပြောသံကြားတာကတော့ သူတို့နေတဲ့အိမ်က နေ့ခင်းဘက်အချိန်တောင် သရဲခြောက်တယ်ဆိုလားပဲ၊ အိမ်ပေါ်မှာလဲ ခြေသံတွေ ကြားရသတဲ့၊ ညဘက်ဆိုရင်လဲ မည်းမည်းသဏ္ဍာန်တစ်ခုက ရင်ခွဲရုံနဲ့ ဆရာဝန်ကြီးအိမ်ကို ကူးချည်သန်းချည် သွားနေတာကို လှမ်းမြင်ရသတဲ့၊ သူတို့က ဆရာဝန်ကြီးကို ကြောက်တာနဲ့ ပြန်မပြောဝံ့ကြဘူး"

"ဒါကြောင့် ထင်ပါရဲ့၊ တလောက ဆရာဝန်ကတော်ကလေး အခန်းထဲမှာ တစ်ယောက်တည်း သတိမေ့နေလို့ တံခါးဖျက်ပြီးတောင် ဝင်ရသတဲ့၊ ဘယ်လိုကြောက်စရာကောင်းတာများ တွေ့သွားသလဲမှ မပြောတတ်တာ"

"မဟုတ်မှလွဲရော. . . ငါ့အထင်ပြောရရင် မောင်ဘစိန်က သူ့စိတ်နဲ့ သေရတာဆိုတော့ သူ့ကို စွဲလန်းပြီး သရဲတစ္ဆေဘဝနဲ့ နောက်တကောက်ကောက် လိုက်နေသလားမှ မသိတာ"

"ဖြစ်နိုင်တာပေါ့. . . သေတာကလည်း အစိမ်းသေ,သေတာဆိုတော့ ဘယ်နည်းနဲ့မှ ကျွတ်မယ် မထင်ဘူး"

ဟု နပ်စ်များမှာ နားနေခန်းထဲမှာ ဆုံမိခိုက်တွင် ဒေါက်တာကျော်စွာနှင့် ခင်မျိုးသွယ်တို့လင်မယားအကြောင်းကို အမျိုးမျိုး ဝေဖန်ပြောဆိုနေကြလေသည်။

ဒေါက်တာကျော်စွာတစ်ယောက်မှာတော့ ခင်မျိုးသွယ်၏



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်လစေ့ပြီး မွေးဖွားချိန် နီးလာလေလေ၊ စိတ်လှုပ်ရှားရလေလေ ဖြစ်လာသည်။

ဤသို့ဖြင့် အချိန်စေ့သောအခါ ခင်မျိုးသွယ်တစ်ယောက် သားယောကျ်ားလေးတစ်ယောက် ဖွားမြင်လေတော့သည်။ ကလေးမွေးမွေးပြီးချင်း နပ်စ်များအသံ ကြားလိုက်ရသောအခါ စိတ်ထဲမှာ ထင့်ကနဲ ဖြစ်သွားတော့သည်။

"ဟယ်. . . ကလေးကလည်း မည်းမည်းဝဝနဲ့ ကုလားလေးနဲ့ တူလိုက်တာ"

ထိုအသံ ကြားလိုက်ရသည်နှင့် စိတ်ထဲမှာ ထူပူသွားကာ မွေးခန်းထဲသို့ ကိုယ်တိုင်ဝင်ကြည့်လေရာ နပ်စ်တစ်ယောက်က ကလေးကို အနီးဖြင့် ပတ်ယူလာပြီးပြသည်။

"ဟင်. . ."

ကလေးကို မြင်လိုက်သောအခါ ဒေါက်တာကျော်စွာမှာ များစွာ စိတ်လှုပ်ရှားသွားလေသည်။

ကလေးမှာ နပ်စ်များ ပြောသလို အသားက မည်းနေပြီး ရုပ်ကလည်း အဖေအမေရုပ်မျိုး မရှိဘဲ ကုလားဆင်ကလေး ဖြစ်နေလေသည်။

သို့သော်လည်း သွေးနုနုသားနုနုနှင့် ခင်မျိုးသွယ် စိတ်ဆင်းရဲမည်စိုးသဖြင့် ဘာမှမပြောဘဲ မိမိစိတ်ကို ဖြေရသည်။

"ကလေးက မွေးကာစမို့ ဒီလိုရုပ်မျိုး ဖြစ်တာ ထင်ပါရဲ့၊ အရွယ်ကြီးလာရင် တသွေးတမွေး ဖြစ်လာမယ်လို့တော့ လူကြီးသူမတွေ ပြောသံကြားဖူးတာပဲ"





ဟု တွေးနေမိသည်။

သို့သော်လည်း တစ်လမှနှစ်လ၊ နှစ်လမှသုံးလ ပြောင်းလာလေလေ ကလေး၏သွင်ပြင်က ပြောင်းလဲမလာဘဲ မူလမွေးစက ကုလားဆင်လေး ဖြစ်လေတော့သည်။

ဆံပင်က နီကျစ်ကျစ်၊ မျက်ခုံးကောင်းကောင်း၊ မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ်နှင့် တကယ့်ကုလားတစ်ယောက်၏မျက်နှာပေါက်မျိုး ဖြစ်လာတော့သည်။

အထူးသဖြင့် မျက်လုံးမျက်ခုံးမှာ ဘယ်လိုဖုံးဖိ၍မရဘဲ အထင်းသား ပေါ်လွင်နေတော့သည်။

ထိုကလေး မွေးပြီးသောအခါ ဆေးရုံမှ နပ်စ်များမှတဆင့် ပတ်ဝန်းကျင်သို့ပါ သတင်းစကားက ပျံ့နှံ့သွားလေတော့သည်။

"ဟဲ့. . . သတင်းကြားပြီးကြပလား၊ ဆရာဝန်ကတော် မွေးတဲ့ ကလေးက ကုလားလေးတဲ့"

"အဖေရော အမေပါ အသားဖြူဖြူနဲ့ မြန်မာရုပ်တွေ ဖြစ်ပါရက်နဲ့ ဘယ်လိုကြောင့် ထူးထူးခြားခြား ကုလားလေး မွေးရတာလဲ"

"အို. . . ဒါကတော့ ဘယ်သိပါ့မလဲ၊ သူက ရုပ်ကလေး ချောသလောက် ချစ်တဲ့ကြိုက်တဲ့သူတွေက ပေါခဲ့တာကိုး၊ နောက်ပြီး သေသွားတဲ့ မောင်ဘစိန်ဆိုတဲ့ ကုလားနဲ့ကလည်း ဘာလိုလိုဆိုတော့ ဘယ်ပြောနိုင်မလဲ"

ထိုစကားများက တစ်မြို့လုံး ဂယက်ထလာတော့သည်။

နောက်ဆုံး ခင်မျိုးသွယ်၏မိဘဆွေမျိုးများပါ ကြားသွားပြီး ကလေးကို လာကြည့်ရသည်အထိ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘများမှာ မြေးအနှစ်ဆိုသော ချစ်ခြင်းဖြင့် ကြည့်ကြသော်လည်း ကလေးအခြေအနေကို မြင်ရသောအခါ ရင်ကျိုးမတတ် ဖြစ်ကြရသည်။

မိခင်ဖြစ်သူက မျက်ရည်အဝိုင်းသားဖြင့် တိုးတိုးတိတ်တိတ် မေးကြည့်ရသည်။

"သမီး ဒါက ဘယ်လိုဖြစ်ရတာလဲ သမီးရယ်၊ အမေတို့ဟာ ဒီမြို့ပေါ်မှာ ဂုဏ်နဲ့ဒြပ်နဲ့ တစ်သက်လုံး နေလာခဲ့ကြတာပါကွယ်၊ အခုတော့. . ."

"အမေရယ်. . . သမီးသစ္စာပြုဝံ့ပါတယ်၊ ဘယ်သူနဲ့မှ မှောက်မှား ကျူးလွန်ခဲ့တာမျိုး မရှိခဲ့ပါဘူး၊ ဒီအတွက် သမီးအသက်နဲ့ လဲပြီး သစ္စာပြုဆိုရင် ပြုပါ့မယ်"

"ဒါဖြင့် အဖေရော အမေပါ ဗမာစစ်စစ် ဖြစ်ပါလျက်နဲ့ ဘယ်လိုကြောင့် ကုလားလေး မွေးရတာလဲ၊ အခုတော့ ဒီသတင်းက တစ်မြို့လုံး ပျံ့နှံ့နေပြီ၊ အမေတို့တော့ ဈေးထဲ ဆိုင်မထွက်ဝံ့အောင်ကို အရှက်တကွဲ အကျိုးနည်း ဖြစ်နေကြရပြီကွယ်"

မိခင်စကားကြားရသောအခါ ခင်မျိုးသွယ်မှာလည်း ဘယ်လိုမှ ရှင်းမပြတတ်တော့သဖြင့် ငိုကြွေးနေရုံသာ တတ်နိုင်တော့သည်။ ဒေါက်တာကျော်စွာမှာ မရစဖူး အရထူးသော သားသမီး ရတနာကို သားဖြစ်စေ သမီးဖြစ်စေ အားရပါးရ ချစ်လိုက်မည်ဟု အားခဲထားသမျှ မျှော်လင့်ချက်များမှာ နေလာနှင်းပျောက်သကဲ့သို့ ဖြစ်ရလေသည်။

ကလေး၏ရုပ်ရည်မှာလည်း လသားအရွယ် ရောက်လာလေလေ ကပ္ပလီရုပ်မျိုး ပေါ်လာတော့သည်။





တောင် တဖြည်းဖြည်း လှလာတတ်တာပဲ၊ အတွင်းစိတ်ဆိုတာလည်း ဒီလိုပဲပေါ့၊ မင်းရဲ့အပြင်စိတ်က ကိုဘစိန်ဆိုတဲ့လူကို လုံးဝမချစ်နိုင်ဘူး ဆင်နေခဲ့ပေမယ့် အသည်းနှလုံးက ကြိတ်ပြီးသာယာနေမိလို့ ဖြစ်နိုင်တာပေါ့"

"အို. . . မဟုတ်ဘူး၊ အစ်ကိုပြောတာတွေ တစ်ခုမှ မဟုတ်ပါဘူး၊ ကျွန်မ သူ့ကို အပြင်ကလည်း မချစ်ဘူး၊ အတွင်းစိတ်ကလည်း လက်မခံခဲ့ပါဘူး၊ ဒါကို သစ္စာပြုဆိုရင် ပြုဝံ့ပါတယ် အစ်ကိုရယ်၊ ကျွန်မ အပေါ်မှာ အထင်မလွဲပါနဲ့. . . တောင်းပန်ပါတယ်"

ဟု မျက်ရည်လည်ရွှဲဖြင့် တောင်းပန်ပြောဆိုလေသည်။

"အေးလေ. . . တစ်နေ့တော့ အဖြေတစ်ခုတော့ ရမှာပေါ့"

ဟု ပြောဆိုကာ ပြဿနာက မတင်မကျနှင့်ပင် အဆုံးသတ်သွားတော့သည်။


ခင်မျိုးသွယ်အနေဖြင့်လည်း နောက်ထပ် ထိုအကြောင်းနှင့် ပက်သက်၍ ဒေါက်တာကျော်စွာ သိအောင် မပြောဝံ့တော့ပဲ ကြိတ်မှိတ်တာ နေရလေသည်။

နောက်ပိုင်းမှာတော့ ကပ္ပလီလူရိုင်းအရုပ်ထဲတွင် ဝင်နေသည်ဆိုသော မောင်ဘစိန်နှင့် ပတ်သက်သော အိပ်မက်များက မပြတ်မြင်မက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၇)

## အဂိုပ်ယသည်းနှင့် ထူးဆန်းမှု

နောက်ထပ်လအနည်းငယ် ကြာသောအခါ ခင်မျိုးသွယ်၌ ကိုယ်ဝန်ရှိလာလေသည်။

ထိုသို့ ကိုယ်ဝန်ရှိမှန်း သိရပြန်တော့လည်း ဒေါက်တာကျော်စွာမှာ ယခင်က မတင်မကျ ဖြစ်နေသော အကြောင်းများကို မေ့ပျောက်သွားပြီးနောက် ဝမ်းသာပျော်ရွှင်နေပြန်လေသည်။ အသက်အရွယ် အတန်အသင့် ရကာမှ အိမ်ထောင်ကျခဲ့ပြီး ယခုကဲ့သို့ သားသမီး ရတော့မည်ကို သိရသောအခါ ယခင်က အကြောင်းများကို မေ့ပျောက်သွားလေတော့သည်။

နေ့စဉ်နှင့်အမျှ ထိုအကြောင်းကိုပင် သတိရနေကာ စိတ်အ



www.burmeseclassic.com

www.burmeseclassic.com



လည်း အိမ်သို့သာ ရောက်နေတော့သည်။

ကိုယ်ဝန်ရင့်လာသောအခါ အနီးကပ် ပြုစုစောင့်ရှောက်ပေး ရန် ဆေးရုံမှ နပ်စ်တစ်ယောက်ကိုပင် ပို့ပေးထားသည်။ ထိုနပ်စ်က အလျဉ်းသင့်သလို သူရှိရာသို့ လာပြီး ကိုယ်ဝန်နှင့် ပတ်သက်သော ထူးခြားမှုများကို သတင်းပို့ပေးရသည်။ သူ့လက်အောက်မှာ အမှုထမ်း နေသော ဝန်ထမ်းများကတော့ အသက်အရွယ် ရကာမှ မိန်းမရ အခု သားသမီးပါ ရတော့မယ်ဆိုတော့ အပျော်ကြီး ပျော်နေရှာတယ် ထင်ပါရဲ့၊ မျက်နှာပေါ်မှာ သကာရေ ဆမ်းထားသလိုပါပဲ"

"ပျော်မှာပေါ့လေ. . . မယားကလည်း ချောချောလှလှ ကလေးဆိုတော့ ဘဝင်လေဟပ်ပြီး ရူးမတတ် ချစ်ရှာမှာပေါ့"

နပ်စ်များမှာ မြို့ခံများ ဖြစ်သဖြင့် ခင်မျိုးသွယ်အကြောင်းကို ကောင်းစွာသိကြသူများ ဖြစ်ကြသည်။

"တကယ်တော့ ငါတို့ဆေးရုံက ဆရာဝန်ကြီးတွေက တနယ် တကျေးက လာပြီးအလုပ်လုပ်ရတာဆိုတော့ ခင်မျိုးသွယ်အကြောင်း သိပ်မသိသေးလို့ပါအေ၊ သိများသိရင် ဒီလောက်ဖြစ်လိမ့်မယ် မထင်ပါ ဘူး"

ဟု အသက်ကြီးကြီး နပ်စ်မတစ်ယောက်က ပြောလေသည်။

"နေစမ်းပါဦး. . . ခင်မျိုးသွယ်က ဘာဖြစ်လို့လဲ၊ သိရင် ပြောပြ ပါဦး"

"သူတို့နေတဲ့အိမ်နဲ့ ငါတို့နေတဲ့အိမ်က သိပ်မဝေးလှပါဘူး ဒါကြောင့် သူ့အကြောင်းကို ကောင်းကောင်းသိတာပေါ့၊ သူက သေ သွားတဲ့ ကုလားမောင်ဘစိန်နဲ့ ဘာလိုလိုဖြစ်သံ ကြားလိုက်သေးတယ်





ကောင်းစွာရှိလေသည်။

အတွင်းသို့ ရောက်သောအခါ နေရာအနှံ့ လိုက်ကာ ရှာဖွေ သော်လည်း ဘာမှမတွေ့ရပေ။

နောက်ဆုံးကျန်တာက အိပ်ခန်းဖြစ်သည်။

ဒေါက်တာကျော်စွာက သေနတ်ကို အဆင်သင့် ကိုင်ပြီး အခန်းပေါက်ဝသို့ ခြေသံမကြားအောင် လျှောက်သွားသည်။

အနီးရောက်သောအခါ တံခါးကို တွန်းဖွင့်လိုက်သည်။

"ကျွီ. . ."

"အမယ်လေး"

တံခါးပတ္တာမြည်သံနှင့် အခန်းထဲမှ အော်သံမှာ တပြိုင်နက် လိုလို ပေါ်လာသဖြင့် အတွင်းသို့ ဝင်ကာ ကြည့်လိုက်တော့ ကုတင် ခြေရင်းနားမှာ ကလေးကို ပွေ့ထားရင်း ကြောက်ရွံ့ထိတ်လန့်သော မျက်နှာလေးဖြင့် ထိုင်နေသော ခင်မျိုးသွယ်ကိုသာ တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၈)

# သရဲခြောက်သောအိမ်ကြီး

နောက်တစ်နေ့ နေ့လည်ပိုင်းတွင် ရေမိုးချိုး၊ အဝတ်အစားလဲရန် အိမ်သို့ ပြန်လာသောအခါ ခင်မျိုးသွယ်က ရှင်းပြလေသည်။

"အစ်ကိုရယ်. . . အစ်ကို ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမယ့် ကျွန်မဘဝကလည်း အစ်ကို ကျေနပ်ယုံကြည်အောင် ဘယ်လိုမှ မရှင်းပြနိုင်တာကိုပဲ ယူကြုံးမရ ဖြစ်နေမိတာပါ၊ အခုအချိန်မှာ ကျွန်မဘက်က ပြောဖို့ တစ်ခုပဲ ရှိပါတယ်၊

အဲဒါကတော့ သစ္စာတရားပါပဲ၊

သစ္စာတရားကို တိုင်တည်ပြီး ပြောရမယ်ဆိုရင် ကျွန်မရဲ့ သန့်စင်တဲ့ဘဝအတွက် အရင်ကလည်း မဲ့တစ်ပေါက်မှ မစွန်းခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုနဲ့ လက်ထပ်ပြီးတဲ့နောက်မှာလည်း သန့်ရှင်းစင်ကြယ်အောင် နေခဲ့ပါတယ်၊

ဒါကို ကျွန်မအသက်နဲ့ ရင်းပြီး သစ္စာဆိုဝံ့ပါတယ်၊

အခုမွေးလာတဲ့ သားလေးကလည်း အစ်ကို့ရဲ့ရင်သွေး အစစ် အမှန်ဆိုတာ သစ္စာပြုပြီး ပြောဝံ့ပါတယ်"

ဟု မျက်ရည်လေး အဝိုင်းသားနှင့် ပြောပြနေသော်လည်း ဒေါက်တာကျော်စွာကတော့ ဘာမှပြန်မပြောဘဲ ပြတင်းပေါက်မှတဆင့် အဝေးသို့ လှမ်းကြည့်နေလေသည်။

"ကျွန်မဟာ အစ်ကိုနဲ့ တရားဝင် လက်ထပ်ထားတာဆိုတော့ အစ်ကိုက မစွန့်ပစ်မချင်း အစ်ကိုနဲ့ အတူနေရမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ကျွန်မတို့သားအမိမျက်နှာကို မြင်နေရရင် အစ်ကို စိတ်မချမ်း မသာ ဖြစ်နေတာကို ကျွန်မ မကြည့်ရက်ပါဘူး၊ ဒါကြောင့် ကျွန်မတို့ သားအမိ အမေတို့အိမ်မှာ ပြန်နေပါရစေ"

ဟု မျက်ရည်စက်လက်ဖြင့် ပြောဆိုနှုတ်ဆက်ပြီး ပြန်သွားလေ တော့သည်။

ထိုသို့ပြန်သွားတော့လည်း ဒေါက်တာကျော်စွာစိတ်ထဲမှာ ဟာ သလိုလို ဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။

ခင်မျိုးသွယ်နှင့် လက်ထပ်ပြီးစ အချိန်ကာလကလေးများက ပျော်ရွှင်ကြည်နူးခဲ့ရပုံကလေးများကို ပြန်လည်သတိရနေမိသည်။

"သူဟာ ငါထင်သလို ဟုတ်မှဟုတ်ရဲ့လား၊

ငါ သူ့အပေါ် ဆက်ဆံတာတွေဟာ တစ်ဖက်သတ်များ သိပ် ကျနေသလား၊ သူတို့သားအမိပေါ် အပြစ်မရှိဘဲ မတရား နှိပ်စက်သလို





များ ဖြစ်နေရောသလား"

ဟုလည်း မိမိဖာသာ ပြန်လည်တွေးတောကြည့်မိသည်။

သို့သော်လည်း စိတ်နှလုံးက နောက်ကျိ ရှုပ်ထွေးနေသဖြင့် အဖြေမှန်ကတော့ မရပေ။

နောက်ပိုင်းရက်များမှာတော့ အလုပ်အားသည်နှင့် ဖုန်းနှင့် မိတ်ဆွေဖြစ်နေသော တရားသူကြီးဦးသာကျော်နှင့် ရာဇဝတ် ဝန် ထောက်ဟောင်း ဦးမွန်ထော်တို့နှစ်ယောက်နှင့်အတူ စားရင်းသောက် ရင်း စကားပြောဖြစ်ကြသည်။

"အေးဗျာ. . . ဒေါက်တာတို့ရဲ့အိမ်တွင်းရေးသတင်း ကြားရ တာလည်း စိတ်မကောင်းပါဘူး၊ အခုနေအချိန်မှာ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်လို ပြောဖို့ခက်နေပေမယ့် တစ်ခုတော့ ရှိတယ်ဗျ"

တရားသူကြီး ဦးသာကျော်က စကားကို ရှေ့ဆက်ရမှာ ခက် ဟန်ဖြင့် ဝီစကီအနည်းငယ်ကို မော့သောက်လိုက်သည်။

"ပြောပါ ဦးသာကျော်"

"ဒီလိုဗျ. . . ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ အမျိုးသမီးတစ် ယောက် ကိုယ်ဝန်ရှိတဲ့အချိန်မှာ သိပ်အရေးကြီးတယ်၊ မိခင်ဖခင်ရဲ့ဗီဇ သွေးကြောင့် လူဖြစ်လာတယ်ဆိုပေမယ့် ကိုယ်ဝန်တည်စအချိန်မှာ သူ့ စိတ်ရဲ့စွဲလန်းမှုကြောင့် ရုပ်ဆင်းအင်္ဂါ ပြောင်းလဲသွားတာမျိုးလဲ ရှိတယ်"

"ဘယ်လိုပြောင်းလဲတာမျိုးလဲ"

"သူ့စိတ်က မဖောက်ပြားပေမယ့် တစ်စုံတစ်ယောက်ကို နှစ် သက်၍သော်လည်းကောင်း၊ ကြောက်ရွံ့ထိတ်လန့်၍သော်လည်း ကောင်း စွဲလမ်းမှု ရှိရင် မွေးလာတဲ့ကလေးမှာ အဲဒီရုပ်ရည်မျိုး ပါလာ



www.burmeseclassic.com

တတ်တယ်"

ထိုစကားကြားသောအခါ ဒေါက်တာကျော်စွာမှာ စိတ်ဝင်စားမှု ဖြစ်လာသည်။

"နည်းနည်းလောက် ထပ်ရှင်းပြပါဦးဗျ"

"ဒီလိုဗျ. . . မိန်းမတစ်ယောက် ကိုယ်ဝန်ရှိစအချိန်မှာ ဇာတ်ပွဲ ကြည့်လို့ မင်းသားဦးဖိုးစိန်ကို နှစ်သက်စွဲလန်းမိရင် ဦးဖိုးစိန် ရုပ်မျိုး ပါလာတတ်သလို ရုပ်ရှင်ကြည့်လို့ မင်းသားခင်မောင်ရင်ကို သဘောကျ လွန်းလို့ ခင်မောင်ရင်နဲ့ ရုပ်ချင်းတူတဲ့ ကလေးမျိုး မွေးတာမျိုးပေါ့၊ တချို့သိုက်သမိုင်းကားတွေထဲက သရဲလုပ်တဲ့ တာတေကြီးကို ကြောက်လွန်းလို့ တာတေကြီးနဲ့ တူတဲ့ကလေး မွေးတာမျိုးတောင် ရှိတာပဲ"

"ဒါမျိုးတွေက တကယ်ရော ရှိနိုင်လို့လားဗျ"

ထိုအခါ ဦးမွန်ထော်ကပါ ဝင်ပြောသည်။

"ရှိတာပေါ့ ဒေါက်တာရဲ့၊ လူဝင်စားဆိုတာ အဲဒါမျိုးတွေပေါ့၊ လူဝင်စားဘဝက လာတဲ့ကလေးတွေဟာ အဖေရောအမေနဲ့ပါ ဘယ် သူနဲ့မှ မတူဘဲ အရင်ဘဝဟောင်းက ရုပ်နဲ့ ပြန်ဝင်စားတာတွေ အများ ကြီး ရှိတာပဲ"

ထိုစကားကြားသောအခါ ခင်မျိုးသွယ်၌ ရလာသောကလေး မှာ ကုလားမောင်ဘစိန်များ ဝင်စားလေသလားဟု တွေးမိသည်။

"အမျိုးသမီးတစ်ယောက် ကိုယ်ဝန်စွဲတဲ့အခါ ပဋိသန္ဓေတည် ခြင်းအကြောင်း(၈)ပါး ရှိတယ်ဗျ၊ အဲဒါတွေက ကာယသံသဂ္ဂလို့ ခေါ်တဲ့ ကိုယ်လက်နီးနှောခြင်းကြောင့် ရတဲ့ကိုယ်ဝန်၊ စောဠဂ္ဂဟကာလို့ ခေါ်တဲ့





ပုဆိုး၌ တင်သောသုတ်ကို စုပ်ယူမိလို့ တည်တဲ့ကိုယ်ဝန်၊ အသုစိပါနလို့ ခေါ်တဲ့ သုတ်ကို သောက်ခြင်းကြောင့် ရတဲ့ကိုယ်ဝန်၊ နာဘိပရာမသနာ ချက်ကို သုံးသပ်ခြင်းကြောင့် ရတဲ့ကိုယ်ဝန်၊

ရူပဒဿနဆိုတဲ့ အဆင်းမြင်ပြီး နှစ်သက်မတာကြောင့် ရတဲ့ ကိုယ်ဝန်၊ သဒ္ဒသဝန အသံကို ကြားပြီး သာယာမိတာကြောင့် ရရှိတဲ့ ကိုယ်ဝန်၊ ဂန္ဓယာယန အနံ့ကို ရှူရှိုက်မိခြင်းကြောင့် ရရှိတဲ့ကိုယ်ဝန်၊ အဇ္ဈာစာရ မေထုနသံဝါသလို့ ဆိုတဲ့ မေထုန်မှီဝဲခြင်းကြောင့် ရရှိတဲ့ ကိုယ်ဝန်ဆိုပြီး ပဋိသန္ဓေ တည်စေနိုင်တဲ့ အကြောင်းရှစ်ပါးတောင် ရှိလေတော့ သာမန်ကြည့်ပြီးတော့ ဆုံးဖြတ်ချက် မလွဲစေချင်ဘူးဗျာ"

ဦးသာကျော်က တရားသူကြီးပီပီ အကျိုးအကြောင်းနှင့် ထောက်ပြလေသည်။

"နောက်တစ်ချက် ကျုပ်ကြားတဲ့သတင်းအရဆိုရင် အခု ဒေါက်တာတို့ နေတဲ့အိမ်မှာ သရဲခြောက်တယ်ဆိုလား‌ပဲ၊ အဲဒါရော ဟုတ်သလား"

ရာဇဝတ်ဝန်ထောက်ဟောင်း ဦးမွန်ထော်က ပုလိပ်လေသံမျိုး ဖြင့် မေးသည်။

"အင်း. . . သရဲခြောက်တာလား ဘာလားတော့ မသိဘူး၊ အိမ်ပေါ်မှာ ထူးခြားမှုတွေ ဖြစ်နေတာတော့ အမှန်ပဲ၊ ကျွန်တော်က အဲဒါမျိုးတွေကို အယုံအကြည် မရှိတော့ အခက်သားပေါ့"

"ဟာ. . . ဒေါက်တာက ခေတ်ပညာတတ်ပြီး ဆရာဝန် ဖြစ် တာက ဖြစ်တာပဲ၊ ပရလောကနဲ့ ပတ်သက်လာရင် မယုံလို့ မရတာတွေ လက်မခံလို့ မရတာတွေ အများကြီး ရှိတာတဲ့၊ တခြားမကြည့်ပါနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



(၁၉၀၆)ခုနှစ်က တာရာသတင်းစာတိုက်က ထုတ်တဲ့ "တစ္ဆတစ္ဆ ဒီပကာကျမ်း" ဆိုတာ ရှိတယ်၊ အဲဒီကျမ်းထဲမှာ မြတ်စွာဘုရားလက်ထက်က အစ ရှေးဘုရင်တွေလက်ထက်အလယ်၊ ရှေးကာလက ကိုယ်တွေ့ကြုံခဲ့ရတဲ့ တစ္ဆေသရဲအကြောင်းတွေ ပါတယ်၊ ကျုပ်အိမ်မှာ စာအုပ်ရှိပါတယ်၊ ဒေါက်တာ စိတ်ဝင်စားရင် ယူလာပြီး ပြပါ့မယ်"

"ကျွန်တော်ကတော့ လက်တွေ့သမားဆိုတော့ ကိုယ်တွေ့မဟုတ်ရင် တယ်ပြီးမယုံချင်ဘူးဗျာ"

"ဒီလိုဆိုရင် ကျုပ် ပြည်မှာ နေတုန်းက အဖြစ်အပျက်တစ်ခုကို ပြောပြပါ့မယ်"

ဟု အစချီကာ တရားသူကြီး ဦးသာကျော်က ၎င်းကိုယ်တွေ့ကြုံခဲ့ရသော အကြောင်းအရာတစ်ခုကို အောက်ပါအတိုင်း ပြောပြလေသည်။

ပြည်( . . . )လမ်းမပေါ်တွင် အိမ်ကြီးတစ်ဆောင် ရှိလေသည်။ ပျဉ်ထောင်၊ သွပ်မိုး၊ တိုက်ခံအိမ်ဖြစ်ပြီး ဆင်ဝင်နှင့်တကွ ကြီးမားခန့်ထည်သော အိမ်ကြီးတစ်ဆောင်ဖြစ်လေသည်။

ထိုအိမ်ကြီးမှာ ကောင်းပင်သော်ငြားလည်း ပိုင်ရှင်များက မနေကြသလို အိမ်ငှားတင်ပြန်တော့လည်း ကြာရှည်မမြဲလှပေ။

တစ်ဦးပြီးတစ်ဦး တက်လာလိုက် ပြန်ပြောင်းသွားလိုက်နှင့် အိမ်ရှေ့၌ 'အိမ်ငှားရန် ရှိသည်' ဟူသော ဆိုင်းဘုတ်က ဖြုတ်ရသည်ဟူ၍ပင် မရှိချေ။

တစ်နေ့သ၌ အခြားဒေသမှ ရွှေ့ပြောင်းလာသော တရားသူကြီး ဦးသာကျော်သည် အခြားနေရာမှာ မရသဖြင့် ထိုအိမ်ကြီးကိုပင်





ငှားရမ်းနေထိုင်ရလေသည်။

၎င်းမှာ တာဝန်နှင့် ပြောင်းလာရသည် ဖြစ်သောကြောင့် မိသားစုများ မပါဘဲ တပည့်ဖြစ်သူ ထမင်းချက် လင်မယားနှစ်ယောက်နှင့်အတူ လာရောက်နေထိုင်ခြင်းဖြစ်လေသည်။

ထိုအိမ်သို့ ရောက်ပြီး မကြာမီမှာပင် ထူးခြားမှုများ၊ ကြောက်လန့်ထိတ်လန့်ဖွယ်ရာများနှင့် ကြုံရတော့သည်။

ညဉ့်အချိန် ရောက်သောအခါ အိမ်ပေါ်ထပ်မှ လျှောက်သွားနေသောခြေသံများ၊

လှေခါးမှ ခြေဆောင့်နင်း၍ ဆင်းလာသောခြေသံများ၊ အပေါ်ထပ်မှ ပစ္စည်းများကို တွန်းလှဲခြင်း၊ ပစ်ပေါက်ခြင်း အစရှိသော ခြောက်လှန့်မှုများနှင့် ကြုံရလေသည်။

ထမင်းချက် လင်မယားနှစ်ယောက်က ကြောက်ရွံ့ကြသော်လည်း ဦးသာကျော်ကတော့ ကြောက်ရွံ့မှု မရှိလှဘဲ ညအချိန်ရောက်လျှင် ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ခြင်း၊ ပဋ္ဌာန်းရွတ်ခြင်း၊ မေတ္တာပို့ပေးခြင်း၊ အမျှအတမ်း ဝေပေးခြင်းများ ပြုလုပ်လေသည်။

ထိုသို့ပြုလုပ်လေလေ အပေါ်ထပ်မှာ ဆူညံသံများ ပိုမိုပြင်းထန်လာလေလေဖြစ်သည်။

မသင်္ကာသဖြင့် မီးရောင်ဖြင့် တက်ကြည့်တော့လည်း ဘာမှ မတွေ့ရပေ။

တစ်နေ့သောအခါ ဦးသာကျော်သည် ရုံး၌ မိတ်ဆုံစည်ခံပွဲရှိသောကြောင့် ထိုမိတ်ဆုံပွဲမှ အရက်အနည်းငယ် သောက်လာသဖြင့် ခါတိုင်းညကဲ့သို့ ဘုရားမရှိခိုးတော့ဘဲ ဒီအတိုင်း အိပ်ယာဝင်ခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အိပ်ယာပေါ် ရောက်သည်နှင့် အိပ်ပျော်သွားရာ ညဉ့်နက်ပိုင်း ရောက်ချိန်၌ တစ်စုံတစ်ခုအသံကြောင့် အိပ်ပျော်နေရာမှ ပြန်နိုးလာလေတော့သည်။

နားစွင့်ကြည့်လိုက်သောအခါ လှေခါးမှ ဆင်းလာသော ခြေသံကြီးကို အတိုင်းသား ကြားနေရသည်။

"ဒုန်း . . ဒုန်း . . ဒုန်း"

ခြေသံကြီးက အောက်ဖက်ကြမ်းပြင်သို့ ရောက်တော့ ရပ်သွားသည်။ ထို့နောက် တရှပ်ရှပ်နှင့် လျှောက်လာသော ခြေသံကို ကြားရပြီး သူ့ကုတင်နံဘေးသို့ လာရပ်သည်။

ဦးသာကျော်က ခေါင်းအုံးနံဘေး၌ ချထားသော ခြောက်လုံးပြူးသေနတ်ကို ကိုင်ပြီးကြည့်လိုက်သည်။

အပြင်ဘက်မှ ဝင်လာသော လမ်းမီးတိုင်မှ အလင်းရောင်ကြောင့် ခြင်ထောင်နံဘေးမှ ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကို ဝိုးတဝါး လှမ်းမြင်နေရသည်။

မည်းမည်းသဏ္ဍာန်ကြီးမှာ သာမန်လူထက် အရပ်အမောင်း ပိုမြင့်ကာ အလုံးအထည်ကလည်း ပိုကြီးသည်။

ထို့ပြင် လူဝံတစ်ယောက်ကဲ့သို့ တစ်ကိုယ်လုံး အမွေးအမျှင်များလည်း ရှိဟန်တူသည်။

ခဏကြာတော့ လက်မည်းကြီးဖြင့် ခြင်ထောင်ကို မ,လှန်လိုက်သည်။ ထိုအခါ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးကိုပါ တွေ့လိုက်ရတော့သည်။





ဆံပင်စုတ်ဖွား၊ မျက်လုံးကပြူးပြူး၊ ပါးစပ်က အဆမတန် ပြဲလှသည်။

သို့ကြောင့် ပါးစပ်တွင်းမှ အစွယ်နှင့်သွားများကို မြင်နေရသည်။ ဦးသာကျော်မှာ ကြောက်တတ်သူတစ်ယောက် မဟုတ်သော်လည်း ထိုမျှကြောက်မက်ဖွယ်ကောင်းသော ပုံပန်းသဏ္ဍာန်ကြီးကို မြင်သောအခါ ကြက်သေ,သေသွားတော့သည်။

"ဘာဖြစ်လို့ ဘုရားစာ တရားစာတွေ ရွတ်နေရတာလဲ၊ အိမ်ပေါ်မှာ နေလို့မရတော့ဘူး"

"မင်းတို့က ဘယ်သူလဲ"

"ကျုပ်တို့က ဒီအိမ်မှာ နေတာကြာပြီ၊ အပေါ်ထပ်မှာ နေတယ်"

"ငါ့ဟာသာ ဘုရားစာ ရွတ်တာ ဘာဖြစ်သလဲ၊ မင်းတို့ဟာသာ နေပေါ့"

"ဘုရားစာ ရွတ်ရင် အပေါ်မှာ နေလို့မရဘူး၊ ကလေးတွေဆိုရင် အော်ငိုနေကြတယ်၊ မိန်းမကလည်း စိတ်ဆိုးနေတယ်၊ ကျုပ်မိန်းမက ဒေါသသိပ်ကြီးတော့ ခင်ဗျားတို့ ဒုက္ခရောက်ကြလိမ့်မယ်၊ ဒီတော့ သုံးလမပြည့်ခင် အမြန်ပြောင်းပါ"

ဟု အမိန့်ပေးသောလေသံဖြင့် ပြောလေသည်။

"နေစမ်းပါဦးကွ . . ပြောင်းတာတောင် အခုချက်ချင်း မဟုတ်ဘဲ သုံးလပြည့်မှ ပြောင်းရမယ်ဆိုတာ ဘာသဘောလဲ"

"ကျုပ်မိန်းမက ကိုယ်လေးလက်ဝန် အရင့်အမာကြီးနဲ့ နောက်သုံးလကြာရင် ကလေးမွေးလိမ့်မယ်၊ ကလေးမွေးရင် ဒီအနီးတဝိုက်မှာ ရှိတဲ့ မိတ်ဆွေတွေက အဝင်အထွက် များကြလိမ့်မယ်၊ သူတို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာရင် ခင်ဗျားတို့ကို ဒုက္ခပေးလိမ့်မယ်၊ ဒါကြောင့် ပြောင်းခိုင်းတာ၊ ကျုပ်ကတော့ သဘောကောင်းပါတယ်၊ ဒါပေမယ့် ကျုပ်မိန်းမနဲ့ သူ့အပေါင်းအသင်းတွေက သိပ်ဆိုးကြတယ်၊ ဒါကြောင့် ကျုပ်ပြောတဲ့အတိုင်း နောက်သုံးလ မပြည့်ခင် ခပ်မြန်မြန်သာ ပြောင်းကြပါ”

ဟု ပြောဆိုကာ ခြေသံပြင်းပြင်း နင်း၍ အိမ်အပေါ်ထပ်သို့ ပြန်တက်သွားလေတော့သည်။

ထိုအခါမှ ဦးသာကျော်မှာ အိမ်ကြီးအပေါ်ထပ်မှ ခြောက်လှန့်သံများ ကြားရပုံများကို သဘောပေါက်လေတော့သည်။

မည်းမည်းသဏ္ဌာန်ကြီး အိမ်ပေါ် တက်သွားသောအခါ ဦးသာကျော်လည်း အိပ်မြဲ ပြန်အိပ်လေ့သည်။

နောက်တစ်နေ့ညတွင်လည်း အခြေအနေကို သိရအောင် ဘုရားမရှိခိုးဘဲ အိပ်ယာဝင်ပြန်လေသည်။

ညဉ့်နက်ပိုင်း ရောက်သောအခါ အပေါ်ထပ်မှ ဆင်းလာသော ခြေသံများကို ကြားရသဖြင့် နားစွင့်ကြည့်သည်။

“ရှပ်. . ရှပ်. . ရှပ်”

တဖြည်းဖြည်း ခြေသံက အောက်ထပ်သို့ ရောက်လာပြီး သူအိပ်နေသော ကုတင်ရှိရာသို့ လျှောက်နေတော့သည်။

မနေ့ညကကဲ့သို့ မိမိခြင်ထောင်ကို လာဖွင့်လေမလားဟု စောင့်ကြည့်နေသော်လည်း မဖွင့်ဘဲ ကုတင်ဘေးနားမှာသာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတော့သည်။

သဏ္ဌာန်မှာ ဆံပင်ဖားလျား ချထားသော မိန်းမတစ်ယောက်ပုံသဏ္ဌာန်ဖြစ်သော်လည်း မသဲကွဲလှပေ။





ထိုမိန်းမသဏ္ဌာန်မှာ ထမီရင်လျားနှင့်ဖြစ်ပြီး ကိုယ်ဝန်ဆောင်ကဲ့သို့ ဗိုက်ကြီး ပူနေလေသည်။

ထိုသဏ္ဌာန်ကို မြင်သောအခါ ဦးသာကျော်စိတ်ထဲ၌. . .

“အင်း. . . ညကလူ ပြောသွားတဲ့အထဲမှာ သူ့မိန်းမက ကိုယ်ဝန်ကြီးနဲ့လို့ ပြောတယ်၊ ဒီမိန်းမပဲ ဖြစ်မယ်ထင်တယ်”

ဟု တွေးမိလေသည်။

ထိုမိန်းမက ကုတင်နံဘေးမှာ ခေါက်တုန့်ခေါက်ပြန် လျှောက်နေရင်းမှ ဦးသာကျော် အိပ်နေသော ခြင်ထောင်ရှိရာသို့လည်း မကြာခဏ လှည့်ကြည့်နေသည်။

သူ့အမူအယာ ကြည့်ရသည်မှာ မကျေမနပ်နှင့် ဒေါသဖြစ်နေပုံလည်း ရသည်။

အကယ်၍ ဦးသာကျော်က ခြင်ထောင်ကို ဖွင့်လိုက်လျှင် တစ်ခုခု လုပ်လျှင်လုပ်၊ မလုပ်လျှင် တစ်ခုခု ပြောလိုသည့်ဟန်မျိုး ဖြစ်လေသည်။

ထို့ကြောင့် ဦးသာကျော်က ခြင်ထောင်ထဲမှာ အိပ်ပျော်ဟန်ဆောင်၍ ငြိမ်နေလိုက်လေသည်။

ထိုမိန်းမသည် အချိန်အတော်ကြာသည်အထိ ခြင်ထောင်နံဘေး၌ ခေါက်တုန့်ခေါက်ပြန် လျှောက်နေသော်လည်း တစ်စက်ကလေးမှ မလှုပ်သဖြင့် မကျေနပ်သဖြင့် ‘တောက်’ တစ်ချက်ခေါက်ကာ အပေါ်ထပ်သို့ ပြန်တက်သွားလေတော့သည်။

ထိုအခါမှပင် ဦးသာကျော်လည်း စိတ်ချလက်ချ ပြန်အိပ်ပျော်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ရုံးသို့ ရောက်ပြီး အလုပ်ကိစ္စများ လုပ်ကိုင်နေစဉ်မှာတော့ ထိုအကြောင်းများအား မေ့နေပြန်လေသည်။

နေ့လည်ဘက် နားချိန်ရောက်၍ နားနေခန်းထဲမှာ နားသောအခါမှ ထိုအကြောင်းများကို ပြန်သတိရတော့သည်။

ထိုအချိန်မှာ ရှေ့ဖတ်စာရေးကြီး ဦးမြတ်သာက အခန်းထဲဝင်လာလေသည်။

ဦးမြတ်သာက ပြည်မြို့သားဖြစ်သည်။

"ဆရာကြီးကို မေးစရာနည်းနည်းရှိလို့ပါ"

"ဘာမေးမှာလဲ ဦးမြတ်သာ. . . မေးလေ"

"တခြားတော့ မဟုတ်ပါဘူး၊ ဆရာကြီး အခုငှားနေတဲ့အိမ်ကြီးမှာ နေရတာ အဆင်မှ ပြေရဲ့လားလို့ပါ"

ဦးမြတ်သာက မရဲတရဲ မေးသည်။

"အဆင်ပြေတယ်လို့တော့ မဟုတ်ဘူးဗျ၊ ညဘက်ရောက်လာရင် အနှောင့်အယှက်တော့ ရှိတယ်"

"သရဲခြောက်တာလား ဆရာကြီး"

"ဟုတ်တယ်ဗျ. . . ကျုပ်က အဲဒါတွေကို အယုံအကြည်တော့ မရှိလှပါဘူး၊ ဒါပေမယ့် ဘုရားမရှိခိုးဘဲ အိပ်တဲ့ညဆိုရင် ကောင်းကောင်းမအိပ်ရဘူး၊ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်နဲ့ ပုံရိပ်လိုလို တွေ့နေရတယ်"

ထိုစကားကြားသောအခါ ဦးမြတ်သာက လွန်စွာစိုးရိမ်သော အမူအယာဖြင့်. . .

"ကျွန်တော်လည်း အဲဒါကိုပဲ ပြောပြချင်လို့ပါ၊ တခြားတော့





မဟုတ်ပါဘူး၊ ဆရာကြီး အခုငှားနေတဲ့အိမ်ကြီးက ပြည်မြို့မှာတော့ နာမည်ကြီးပေါ့"

ဟု ပြောပြလေသည်။

"ဘယ်လိုနာမည်ကြီးတာလဲဗျ. . . ပြောပါဦး"

"နာမည်ကြီးတယ်ဆိုတာ အခြားမဟုတ်ဘူး ဆရာကြီးရေ၊ သရဲခြောက်လွန်းလို့ ဘယ်သူမှ မနေဝံ့ကြလို့ နာမည်ကြီးတာပါ"

"ဘယ်လိုခြောက်တာလဲ"

"အဲဒီမှာ အရင်က လင်မယားနှစ်ယောက် ရှိတယ်၊ မိဘတွေက အမွေရတဲ့အိမ်ကြီးမှာ နေကြတာပေါ့၊ မိန်းမက ကိုယ်လေးလက်ဝန်ကြီးနဲ့၊ တစ်နေ့တော့ အိမ်ပေါ်မှာ လူဆိုးတွေက အနုကြမ်း တက်စီးကြရင်း အိမ်ရှင်လင်မယားနှစ်ယောက်စလုံးကိုပါ သတ်သွားကြတယ်"

"အော်. . . ဖြစ်ရလေဗျာ"

"သူတို့လင်မယားနှစ်ယောက် သေသွားပြီးတဲ့နောက်မှာ သရဲခြောက်လွန်းလို့ အဲဒီအိမ်မှာ ဘယ်သူမှ မနေဝံ့ကြတော့ဘူး၊ နောက်ပြီး အဲဒီမှာ ခြောက်တဲ့သရဲက ယောကျ်ားသရဲထက် မိန်းမသရဲက ပိုပြီး ကြမ်းတယ်လို့ ပြောကြတယ်"

"ဟုတ်မယ်ထင်တယ်"

ဦးသာကျော်မျက်စိထဲတွင် ညတုန်းက ခြင်ထောင်ဘေး လာပြီး ခေါက်တုန့်ခေါက်ပြန် လျှောက်နေသော မိန်းမတစ်ယောက်၏ ပုံသဏ္ဌာန်ကို ပြန်လည်သတိရမိလေသည်။

"ဒီအိမ်ကြီးမှာ အရင်က လာနေတဲ့လူတွေ ရှိဖူးတယ်၊ ပထမ နေတဲ့လူတွေတုန်းကတော့ ပစ္စည်းတွေ လွင့်ပစ်၊ အိပ်ပျော်နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်လာဆွဲနဲ့ ချက်ချင်းထွက်ပြေးကြရတယ်၊ နောက်ပြောင်းလာတဲ့ မိသားစုတွေကျတော့လည်း ဘုရားရှိခိုးဖို့ မီးထွန်းမယ်ကြံရင်း နောက်ဘက်က အရိပ်မည်းမည်းကြီး ရောက်လာပြီး လာမှုတ်လိုက်နဲ့ နောက်ဆုံး တစ်ညတောင် မအိပ်ရဘူး၊ ညတွင်းချင်း ထွက်ပြေးကြရတယ်"

"တယ်လည်း ကြမ်းပါလား"

"နောက်ဆုံး ဆိတ်သတ်ရောင်းတဲ့ ကုလားလင်မယား နှစ်ယောက် လာနေတော့မှ သေအောင်ကို သတ်ပစ်တော့တာ"

"ဘယ်လိုများ သတ်လိုက်တာလဲ"

"သူတို့အိပ်နေတုန်း အိမ်အပေါ်ထပ်က မည်းမည်းသဏ္ဍာန်ကြီးနှစ်ယောက် ဆင်းလာပြီး လည်ပင်းကို အတင်းလာညှစ်တော့တာတဲ့၊ ရုန်းရင်းကန်ရင်းနဲ့ ယောက်ျားက ညတွင်းချင်း သေတယ်၊ မိန်းမက နောက်တစ်ရက် ရောက်မှ သေတယ်၊

သူမသေခင် ပြောပြလို့ ဒီအကြောင်းတွေကို သိကြရတာ၊ သိပ်ပြီးကြမ်းတဲ့အိမ်ပဲ ဆရာကြီး၊

ဒါကြောင့် ဆရာကြီးကိုရော နေရတာ ဟန်မှဟန်ပါ့မလားဆိုပြီး အားလုံးက စိတ်ပူနေကြတာ၊ အိမ်နီးနားချင်းတွေဆိုရင် ညဘက်ရောက်ရင် အဲဒီအိမ်ဘက်က ဘယ်လိုအသံမျိုးတွေ ကြားရမလဲလို့ နားတစွင့်စွင့်နဲ့ နေကြရတာတဲ့"

"အခုထိတော့ သိပ်ပြီးကြမ်းကြမ်းတမ်းတမ်း ခြောက်လှန့်တာမျိုး မရှိသေးဘူးဗျ၊ နောက်တော့ ဘယ်လိုဖြစ်လာဦးမယ် မသိသေးဘူး"

"ဒီလိုဆိုရင်လည်း နောက်တစ်နေရာမှာ အိမ်ရှာပြီး နေပါလား





ဆရာကြီးရယ်၊ ကျွန်တော်တို့ပါ ဝိုင်းရှာပေးပါ့မယ်"

"ရပါတယ်ဗျာ. . . ဒီလောက်လည်း စိတ်မပူကြပါနဲ့၊ ဒီပုံအတိုင်းဆိုရင် အိမ်ပေါ်မှာ နောက်ထပ်သုံးလတော့ ဆက်ပြီးနေလို့ရဦးမှာပါ"

ထိုစကားကြားသောအခါ ဦးမြတ်သာက အံ့ဩသွားဟန်ရှိလေသည်။

"ဘယ်လို နောက်သုံးလ နေခွင့်လဲ ဆရာကြီး၊ အိမ်ပိုင်ရှင်တွေဆီမှာ သုံးလပဲ ငှားလို့လား"

"မဟုတ်ပါဘူး ဦးမြတ်သာရဲ့၊ အိမ်ပိုင်ရှင်တွေကတော့ ကျုပ်နေမယ်ဆိုရင် ဆက်ပြီးငှားကြပါတယ်၊ ဒါပေမယ့် အိမ်ပေါ်မှာ ရှိတဲ့ဝိညာဉ်တွေက ကျုပ်ကို သုံးလနေခွင့်ပေးထားလို့ပါ"

ထိုစကားကြားသောအခါ ဦးမြတ်သာမှာ မျက်လုံးပြူးသွားလေသည်။

"အိမ်ပေါ်မှာ ရှိနေတဲ့ သရဲတွေက ဆရာကြီးကို သုံးလနေခွင့်ပေးထားတယ် ဟုတ်လား. . . အဆန်းပါလား"

ဦးသာကျော်က သူတွေ့ကြုံခဲ့သမျှကို ပြန်ပြောပြလိုက်သည်။

"ဒီလိုဖြင့်တော့ ဆရာကြီး ဒီအိမ်မှာ ဆက်နေလို့ မသင့်တော့ဘူး၊ တကယ်လို့ ဆက်နေချင်သပ ဆိုရင်လည်း ဆရာကောင်း သမားကောင်း ရှာပြီး ဒီသရဲတွေကို အမြန်ဆုံး နှင်ထုတ်မှပဲ ဖြစ်တော့မယ်"

"ဒီလို နှင်ထုတ်ဖို့ရော ဆရာကောင်း ရှိသလား"

"သရေခေတ္တရာမြို့ဟောင်းဘက်မှာတော့ ရှေးဆရာကြီး တစ်ယောက် ရှိတယ်၊ သူကတော့ အဲဒီလို အမှောင့်ပယောဂတွေကို



www.burmeseclassic.com

www.burmeseclassic.com



အတော်ကလေး နိုင်နင်းတယ်လို့ သတင်းကြားရတယ်၊ ဆရာကြီး သဘောတူမယ်ဆိုရင် ကျွန်တော်သွားခေါ်ပေးပါ့မယ်"

ဟု အားတက်သရော အမူအယာဖြင့် ပြောလေသည်။

"ဒီလိုဆိုရင်လည်း သွားခေါ်ချေဗျာ၊ စမ်းကြည့်ရတာပေါ့" ဟု ပြောလိုက်ရာ နောက်တစ်ရက်နှစ်ရက်ကြာလျှင် သွားခေါ်ပေးပါမည်ဟု ကတိပေးကာ ဦးမြတ်သာ ပြန်သွားလေသည်။

ထိုသို့ပြောဆိုပြီး ညဘက်ရောက်၍ အိပ်ရန် ပြင်ဆင်နေသော အချိန်တွင် လူမည်းကြီး ရောက်လာသည်။

"ခင်ဗျားကို ကျုပ်တို့က သုံးလနေခွင့်ပေးထားတာတောင် ခင်ဗျားက နှောင့်ယှက်ဖို့ စိတ်ကူးနေတယ်ပေါ့လေ၊ ကျုပ်မိန်းမကတော့ အတော်ကလေး စိတ်ဆိုးနေတယ်၊ ကျုပ်က အတန်တန် တားနေတဲ့ ကြားက ရန်ပြုဖို့ချည်း လုပ်နေတယ်"

ဟု လာပြောလေသည်။

နောက်တစ်ညမှာလည်း ကိုယ်ဝန်သည်မိန်းမ ရောက်လာပြီး

"သုံးလနော်. . . သုံးလနော်"

ဟု အသံသြသြကြီးနှင့် အော်ပြောကာ ခြင်ထောင်နံဘေးမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေသည်။

ခြင်ထောင်နံဘေးမှာ လျှောက်ရင်း 'သုံးလနော်. . . သုံးလနော်' ဟု အဆက်မပြတ် ပြောနေရာ တစ်ညလုံး အိပ်မရအောင် ရှိလေတော့သည်။

သုံးရက်မြောက်သောနေ့တွင် ဦးမြတ်သာနှင့် အဘိုးကြီး တစ်ယောက် ရောက်လာသည်။





ထိုအဘိုးကြီးမှာ ဦးမြတ်သာ ပြောသည့် ဆရာကြီးဆိုသူပင် ဖြစ်လေသည်။

ထိုညကတော့ ဆရာကြီးဆိုသူက အပေါ်ထပ် တက်၍ စည်းချခြင်း၊ တစ်အိမ်လုံး ပရိတ်ရေများ ဖျန်းခြင်း၊ ဂါထာမန္တာန်များ ပြုလုပ်သောအခါ အပေါ်ထပ် တစ်ခုလုံး ဆူညံနေလေတော့သည်။

ဟိုမှဒီမှ ပြေးလွှားသံ၊ အပေါ်ထပ်ရှိ ပစ္စည်းများကို တွန်းထိုးပြုလဲသံ၊ လူငြီးသံကဲ့သို့ အသံများ၊ စကားပြောသံများကို တစ်ညလုံး ကြားရပြီးနောက် သန်းခေါင်ယံအချိန်ကျော်သောအခါ ဆရာကြီး ရှိရာသို့ ပစ္စည်းများနှင့် ပစ်ပေါက်တော့သည်။ ဆရာကြီးက ဦးသာကျော်နှင့် ဦးမြတ်သာတို့နှစ်ယောက်ကို ဝိုင်းထားသော စည်းအတွင်းသို့ ဝင်နေစေသည်။

"အရုဏ်တက်တာနဲ့ သူတို့ ဒီအိမ်က ထွက်ကြတော့မယ်၊ စည်းဝိုင်းထဲမှာ လာနေကြ၊ ဒါမှ အန္တရာယ်ကင်းမယ်"

ဆရာကြီး ပြောသည့်အတိုင်းပင် သန်းခေါင်ကျော်နောက်ပိုင်း ရောက်လာလေလေ၊ အခြေအနေက ပိုဆိုးလာလေဖြစ်သည်။

အပေါ်ထပ်မှ မည်းမည်းသဏ္ဍာန်များ ပြေးဆင်းလာလိုက်၊ အောက်ထပ်မှာ ပြေးလွှားနေပြီး အပေါ်ထပ် ပြန်ပြေးတက်သွားလိုက်နှင့် လှေခါးပေါ်မှာ ခြေသံများကို အတိုင်းသား ကြားနေကြရသည်။

ဒါတင် မကသေးဘဲ အပေါ်ထပ်မှ ပစ္စည်းများ ဝဲပျံဆင်းလာပြီး စည်းဝိုင်းအနီးသို့ လာကျသော်လည်း စည်းဝိုင်းအတွင်းမှ လူများမှာတော့ အန္တရာယ် တစ်စုံတစ်ရာ မဖြစ်ကြပေ။

အရုဏ်တက်ချိန် နီးလာသောအခါ အပေါ်ထပ်မှ မည်းမည်း



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန်နှစ်ယောက် ဆင်းလာသည်။

ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက်ဖြစ်သည်။

မိန်းမဖြစ်သူက ကလေးတစ်ယောက်ကို ရင်ခွင်မှာ ပွေ့ထားလေသည်။

အောက်ထပ်ရောက်သောအခါ ပွေ့ထားသောကလေးကို နံဘေးမှ မည်းမည်းသဏ္ဌာန်ကို ပေးပြီး သူတို့ ရှိရာသို့ 'တဒုန်းဒုန်း' နှင့် ပြေးလာလေသည်။

ဦးသာကျော်တို့မှာ ဖြစ်မှဖြစ်ပါ့မလားဟု စိုးရိမ်ထိတ်လန့်နေကြသည်။

သို့သော်လည်း သူသည် စည်းဝိုင်းနားပင် မကပ်နိုင်ဘဲ အပြင်မှပင် ဒေါသူပုန်ထ သောင်းကျန်းနေပြီးနောက် အရုဏ်တက်လာသောအခါ မည်းမည်းသဏ္ဌာန်ကြီးနှစ်ကောင်စလုံး အိမ်ပေါ်မှ ဆင်းသွားသည်ကို နောက်ဆုံးတွေ့လိုက်ရလေသည်။

ထိုနေ့ထိုအချိန်မှစ၍ လူမမြဲသောအိမ်ကြီး၌ သရဲခြောက်သည်ဟူသောအသံ လုံးဝမကြားရတော့ပဲ အေးချမ်းစွာ နေကြရလေသည်။

ဦးသာကျော်လည်း တာဝန်ဝတ္တရား ထမ်းဆောင်နေစဉ်ကာလတစ်လျှောက်လုံး ထိုအိမ်ကြီးမှာပင် နေထိုင်ခဲ့ပြီးနောက် မော်ကျွန်းမြို့သို့ ရွှေ့ပြောင်းခဲ့ရလေတော့သည်။

"အဲဒီအဖြစ်အပျက်ကတော့ ပြည်မြို့ ရောက်တုန်းက ကျုပ်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုပေါ့ဗျာ၊ ဒါကြောင့် ဒီကိစ္စမျိုးတွေက ကိုယ်တွေ့မကြုံမချင်း မယုံကြည်လို့ မရနိုင်တာမျိုးပေါ့"

ဦးသာကျော်က ၎င်းကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို





ပြောပြပြီးနောက် ဆေးလိပ်ခွက်ထဲ ချထားသော ဆေးပြင်းလိပ်ကို ကောက်ယူကာ တယောတံဆိပ် သစ်သားမီးခြစ်ဗူးကို ယူကာ မီးခြစ်၍ မီးညှိနေသည်။

"ဒါဖြင့် ကျွန်တော်နေတဲ့အိမ်မှာ အဲဒီလို အနှောင့်အယှက်တွေများ ရှိနေမလားဟင်"

"ဒါကတော့ အတပ်မပြောနိုင်ပေဘူးပေါ့၊ သေသေချာချာ ဂဃနဏ စုံစမ်းပြီးမှ အဖြေသိရတာဆိုတော့ ဟိုမိန်းကလေးကိုလည်း အပြစ်တင်မစောစေချင်ဘူး"

ထိုအခါ ဦးမွန်ထော်ကပါ ဝင်ပြေလေသည်။

"ကျုပ်သဘော ပြောရရင် ဟိုသားအမိမှာ မရှိတုန်း အဲဒီကိစ္စ သေချာအောင် စုံစမ်းစေချင်တယ်၊ အဖြေသိရတော့မှ သူတို့ကို ပြန်ခေါ်ချင် ခေါ်ပေါ့ဗျာ"

ဟု ပြောရာ ဒေါက်တာကျော်စွာလည်း ဘာမှပြန်မပြောဘဲ စားပွဲပေါ်မှာ ချထားသော အရက်ခွက်ကို ကောက်ယူပြီး မော့သောက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com







အခန်း(၄)

# သဂ်ဲစီးနေသော သစ်တနက်ဂူပ်ထု

နောက်တစ်နေ့ညအချိန်တွင် ဒေါက်တာကျော်စွာ တစ်ယောက်တည်း အခန်းတွင်း၌ အိပ်နေစဉ် ထူးခြားကြောက်မက်ဖွယ်ကောင်းသော အိပ်မက်တစ်ခုကို မြင်မက်လေသည်။

အိပ်မောကျနေစဉ် နားထဲမှာ ခြေသံလိုလို အရင်ကြားရသည်။ ခြေသံမှာ အခန်းအပြင်ဘက်မှာ ကြားနေရခြင်းဖြစ်သည်။

"ရှပ်. . ရှပ်. . ရှပ်"

ခြေသံကို နားစွင့်ကြည့်လိုက်တော့ အခန်းအပြင်ဘက်မှ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသော ခြေသံမျိုးဖြစ်သည်။

"ရှပ်. . ရှပ်. . ရှပ်"

ခဏကြာတော့ ခြေသံက အခန်းပေါက်ဝအနီး၌ ရပ်တန့်သွားသည်။ ဒေါက်တာကျော်စွာက လှမ်းကြည့်လိုက်တော့ အခန်းတံခါးကို



www.burmeseclassic.com

အပြင်ဘက်မှ တွန်းဖွင့်နေသည်ကို လှမ်းမြင်ရသည်။

ထိုသို့မြင်သဖြင့် နေရာမှ ထရန် ကြိုးစားသော်လည်း လူက လှုပ်မရတော့ပေ။

ထိုအခိုက်မှာပင် တံခါးဂျက်က တဖြည်းဖြည်း ပွင့်လာသည်။

"ကျွီ. . ."

တိတ်ဆိတ်ငြိမ်သက်နေသောအချိန်တွင် တံခါးပတ္တာသံမှာ ကျယ်လောင်လှပေသည်။

တံခါးနှစ်ရွက် ပွင့်သွားတော့ အခန်းပေါက်ဝမှတဆင့် အပြင်ဘက်၌ ထွန်းထားသော မီးရောင်ကလည်း အခန်းထဲသို့ ဝင်လာသည်။ ထိုမီးရောင်နှင့်ပင် အခန်းပေါက်ဝ၌ ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကို မြင်နေရသည်။

နောက်ဘက်မှ ထိုးကျနေသော မီးရောင်ကြောင့် ထိုမည်းမည်းသဏ္ဍာန်၏အရိပ်ကြီးက အခန်းတွင်းသို့ အရှည်ကြီး ထိုးကျနေလေသည်။

ခဏကြာတော့ ထိုသဏ္ဍာန်ကြီးက အခန်းတွင်းသို့ ဝင်လာလေသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

အခန်းတွင်းသို့ ဝင်လာသောခြေသံက တစ်မျိုးပြောင်းသွားသည်။ စောစောက ကြားရသလို တရှပ်ရှပ်နှင့် မဟုတ်တော့ဘဲ တဒေါက်ဒေါက်နှင့် မြည်လာလေသည်။

မလှမ်းမကမ်း ရောက်တော့မှ ထိုမည်းမည်းသဏ္ဍာန်၏ပုံပန်းသဏ္ဍာန်ကို ကွဲကွဲပြားပြား တွေ့ရသဖြင့် အံ့သြသွားလေသည်။





အခြားမဟုတ်ပေ။

အခန်းအပြင်ဘက်၌ ထောင်ထားသော သစ်ကနက်သားရုပ်ထုကြီးပင် ဖြစ်တော့သည်။

သစ်ကနက်သားဖြင့် ထုလုပ်ထားသော ကပ္ပလီလူရိုင်းရုပ်ထုကြီးမှာ အသက်ဝင်နေသော လူတစ်ယောက်ကဲ့သို့ လျှောက်သွားနေရင်းမှ ကုတင်ဘေးနား ရောက်လာသည်။

ထိုအရုပ်ကြီး၏မျက်နှာကို တွေ့မြင်ရတော့မှ ခင်မျိုးသွယ် မွေးထားသော ကလေးမျက်နှာနှင့် ဆင်ဆင်တူကြောင်း သတိထားမိတော့သည်။

အရုပ်ကြီးက အနားမှာ လာရပ်ရင်း အသံသြသြကြီးဖြင့် ပြောသည်။

"ငါ့ကလေး ဘယ်မှာလဲ၊ ဘာကြောင့် ငါ့ကလေးကို တခြားနေရာမှာ ထားတာလဲ"

"မင်းက ဘယ်သူလဲ"

ဒေါက်တာကျော်စွာက ပြန်မေးလိုက်သည်။

"ငါ မောင်ဘစိန်ပဲ"

"မောင်ဘစိန်ဆိုတာ ဘယ်သူလဲ"

"မောင်ဘစိန်ဆိုတာ ခင်မျိုးသွယ်ကို မရလို့ ကိုယ့်ကိုယ်ကို သတ်သေသွားတဲ့သူပဲ"

ထိုစကားကြားတော့မှ ခင်မျိုးသွယ် ပြောဖူးသောအကြောင်းများကို ပြန်သတိရမိသည်။

"မင်းက သေတာ ကြာပြီမဟုတ်လား၊ အခု ဘယ်မှာ နေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ”

“ရင်ခွဲရုံအနီးက ကုက္ကိုပင်ကြီးမှာ နေတယ်၊ အခု ဒီအရုပ်ကြီး ရောက်လာတော့ အရုပ်ထဲမှာ နေတယ်”

“ဒါဖြင့် ခင်မျိုးသွယ်ကို ခြောက်လှန့်နေတာ မင်းပဲ မဟုတ်လား”

“ငါက ခြောက်လှန့်နေတာ မဟုတ်ပါဘူး၊ သူ့ကို ချစ်လွန်းလို့ ကျီစယ်တာပါ”

“ဒါဖြင့် ခင်မျိုးသွယ် မွေးတဲ့ကလေးက ဘာကြောင့် မင်းနဲ့ လာတူနေရတာလဲ”

“သူ့စိတ်ထဲမှာ ငါ့ကို အမြဲကြောက်လန့်နေတော့ မွေးလာတဲ့ ကလေးကလည်း ငါ့ရုပ်နဲ့ တူလာတာပေါ့၊ သူတို့ကို ဒီအိမ်ကို ပြန်ခေါ်ပေးပါ”

“မခေါ်ရင် ဘာလုပ်မလဲ”

“သူတို့ကို ပြန်ခေါ်မပေးရင် မင်းကို သတ်ပစ်မယ်”

ဟု ပြောကာ ကြောက်မက်ဖွယ် မျက်နှာကြီးနှင့် လက်ကြီးနှစ်ဖက်ကို ဆန့်တန်းလာရာ ထိတ်လန့်တကြား ဖြစ်ကာ လန့်နိုးလာလေတော့သည်။

မျက်လုံးဖွင့်ကြည့်လိုက်တော့ မိမိကုတင်ဘေးနားမှာ ဘာမှ မတွေ့ရပေ။ သို့သော်လည်း နောက်ညများမှာလည်း ထိုအိပ်မက်မျိုးကို မကြာခဏ မြင်မက်လေရာ စိတ်ထဲမှာ နောက်ကျိရှုပ်ထွေးလျက် ရှိလေသည်။

တစ်ခါတစ်ရံမှာလည်း မိမိအမြတ်တနိုးထားသော သစ်ကနက်





ရုပ်တုကြီးကို ဖျက်ဆီးပစ်လိုက်ရမလားဟု စိတ်ကူးပေါ်မိသည်။

သို့သော်လည်း စွဲလန်းမှုကြောင့် ဖြစ်သော အိပ်မက်တစ်ခုကြောင့်တော့ အရုပ်ကို အကြောင်းမဲ့ ဖျက်ဆီးပစ်ရမှာ နှမြောနေလေသည်။ နောက်တစ်ချက်က ခေတ်ပညာတတ် ဆရာဝန်တစ်ယောက်က အယူအဆ အစွဲအလန်းတစ်ခုကို မလွန်ဆန်နိုင်ဘဲ လက်မြှောက်အရှုံးပေးလိုက်သည်ဟု ပတ်ဝန်းကျင်က မြင်မှာကိုလည်း စိုးရိမ်နေသည်။

သို့ကြောင့် သစ်ကနက်ရုပ်ကြီးကို ဒီအတိုင်းပင် ထားလေသည်။ ထိုရက်များအတွင်းမှာ ထမင်းချက်သောမေရီက မီးဖိုဆောင်အတွင်းမှာ နေ့ဖို့ညစာ ချက်ပြုတ်ထားသော ထမင်းဟင်းများ မကြာခဏ ပျောက်နေသည်ဟု တိုင်ကြားပြောဆိုလေသည်။

ထိုသို့ပျောက်ရခြင်းမှာ အိမ်၌ လူစောင့်မရှိသောကြောင့် ဖြစ်လေသည်။

အိမ်၌ ခင်မျိုးသွယ်တို့ မရှိတော့ကတည်းက မေရီကလည်း အိမ်မှာ တစ်ယောက်တည်း မနေဝံ့တော့သောကြောင့် မူတူးနှင့်အတူ ဆေးရုံသို့ လိုက်နေပြီး မူတူး ပြန်မှ အိမ်ပြန်လေသည်။

ဒေါက်တာကျော်စွာ စိတ်ထဲမှာတော့ ထမင်းဟင်းများ ပျောက်ဆုံးခြင်းမှာ အိမ်မှာ လူစောင့်မရှိသဖြင့် အခြားသူများ တက်ရောက်ခိုးယူခြင်းကြောင့် ဖြစ်မည်ဟု စိတ်ထဲ၌ ထင်နေသည်။

တစ်နေ့တော့ ညနေစောင်းအချိန် ရောက်မှာ သုံးယောက်သား အိမ်သို့ ပြန်လာကြရာ အိမ်တံခါးသော့ကို ဖွင့်၍ အိမ်တွင်းသို့ ဝင်လိုက်သောအခါ မမျှော်လင့်သော မြင်ကွင်းအချို့ကို တွေ့ရလေသည်။

ကြမ်းပြင်ပေါ်တွင် ကြီးမားသော ရွှံ့စေးခြေရာကြီးများ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



ပြီး မီးဖိုဆောင်အတွင်းရှိ အိုးခွက်ပန်းကန်များမှာ အားလုံး ကြမ်းပေါ် ပြန့်ကျဲနေသည်။

ချက်ထားသော ထမင်းဟင်းများလည်း မရှိတော့ပေ။

ကြမ်းပေါ်မှာ တင်နေသော ခြေရာများကို ကြည့်တော့ မြေနီရောင် ရွှံ့စေးများ ဖြစ်သည်ကို တွေ့ရလေသည်။

ထိုမြေစေးမျိုးက ရင်ခွဲရုံအနီး၌သာ ရှိလေသည်။

ဒေါက်တာကျော်စွာက ခြေရာကြီးများကို လိုက်လံကြည့်သောအခါ အခန်းထောင့်၌ ရှိသော အရုပ်ကြီး ရှိရာသို့ တန်းသွားသည်ကို သတိပြုမိလေသည်။

သို့ကြောင့် မသင်္ကာသဖြင့် သစ်ကနက်အရုပ်ကြီးနားသို့ သွားကြည့်လေသည်။

"ဟင်. ."

သစ်ကနက်ရုပ်တုကြီး၏ပါးစပ်နှင့် မျက်နှာတဝိုက်တွင် ဟင်းစဟင်းနများနှင့် ဆီများ စွန်းပေနေပြီး ၎င်း၏အနီးတဝိုက်မှာလည်း ဟင်းဖတ်အချို့ကို တွေ့ရလေသည်။

"ဆရာကြီး. . . ဟင်းတွေ ပျောက်တာ ဒီအရုပ်ကြီးများ ခိုးစားလေရော့သလား"

"မင်းကလည်းကွာ. . . သစ်သားရုပ်က ဘယ်လိုလုပ်ပြီး ဟင်းခိုးစားမလဲကွ"

"ဆရာကြီး. . . သူ့ပါးစပ်မှာ ဟင်းရည်တွေ ပေနေတာ သိပ်ထူးဆန်းတာပဲ"

ထိုအချက်ကိုတော့ ဒေါက်တာကျော်စွာကိုယ်တိုင် အဖြေရှာ





မရနိုင်ပေ။

"မင်းပြောတဲ့အတိုင်း ဟုတ်မဟုတ် သိရအောင် နောက်တစ်ညရောက်ရင် စောင့်ဖမ်းကြမယ်"

ဟု အစီအစဉ်များကို ပြောပြလေသည်။

နောက်တစ်နေ့ ညနေပိုင်းအချိန်တွင် ထမင်းချက် မေရီက ဈေးသို့ သွားကာ အမဲသားများ ဝယ်လာလေသည်။

ပြီးလျှင် အကျအန ချက်ပြုတ်ပြီး မီးဖိုပေါ် တင်ထားလေသည်။ ညဦးပိုင်းအချိန်တွင် သုံးယောက်စလုံး ဆေးရုံမှာ သွားနေကြပြီး အတန်ငယ် မှောင်တော့မှ မူတူးကို အိမ်ဘက်သို့ တစ်ခေါက်ပြန်စေကာ အခြေအနေကို ကြည့်ခိုင်းလိုက်သည်။

ည(၉)နာရီခန့်အချိန် ရှိသောအခါ မူတူးတစ်ယောက် အမောတကောနှင့် ပြန်ရောက်လာသည်။

"ဘာဖြစ်တာတလဲ မူတူး"

"အခြေအနေထူးတယ် ဆရာ"

"ဘယ်လို အခြေအနေ ထူးတာလဲ"

"မီးဖိုဆောင်ထဲက အိုးသံပန်းကန်သံတွေ ကြားရတယ် ဆရာကြီး"

"ကဲ. . . ဒါဖြင့် သွားကြမယ်"

ဟု ပြောဆိုကာ အသင့်ဆောင်ထားသော လက်နှိပ်ဓါတ်မီးနှင့် ခြောက်လုံးပြူးသေနတ်ကို ယူဆောင်ကာ မူတူးနှင့်အတူ အိမ်ဘက်သို့ လာလေသည်။

ဆေးရုံနှင့် အိမ်ကြားထဲမှာ အမှောင်ရိပ်များ ရှိနေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့ လျှောက်လာတာကို မြင်တော့ ဆေးရုံထောင့်ဘက်မှ ခွေးများက စူးစူးဝါးဝါး ဟောင်ကြသည်။

အချို့ခွေးများက ဆွဲဆွဲငင်ငင် အူလိုက်သည်။

ဆေးရုံထောင့်ရှိ ကုက္ကိုပင်ကြီးအောက် ရောက်သောအခါ 'ဂစ်' ကနဲ ငှက်ဆိုးမြည်သံတစ်ချက် ကြားလိုက်ရသည်။

သူတို့ အိမ်တံခါးနား ရောက်ပြီး နားစွင့်ကြည့်လိုက်တော့ ဘာသံမှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဒေါက်တာကျော်စွာက မူတူးကို တစ်ချက်ကြည့်သည်။

"စောစောက ကျွန်တော်ရောက်တုန်းက အိမ်ထဲက အသံတွေ ကြားရတယ် ဆရာကြီး"

ဟု ခပ်တိုးတိုး ပြောသည်။

နေရာမှာ ရပ်ပြီး အခြေအနေကို စောင့်ကြည့်သောအခါ အိမ်ရှေ့အခန်းဘက်မှ ဘာအသံမှ မကြားရဘဲ မိမိတို့အိပ်ခန်းဘက်ဆီမှ ညည်းညူသံလိုလို ကြားရသည်။

ထိုအခန်းဘက်မှ လှုပ်ရှားသံလိုလိုလည်း မသဲမကွဲ ကြားရသည်။

"လာ. . . အိမ်ထဲ ဝင်ကြမယ်"

ဟု ပြောကာ လက်နှိပ်ဓါတ်မီးရောင်ဖြင့် ထိုး၍ အိမ်ထဲသို့ ဝင်သွားသည်။ အိမ်ထဲမှာတော့ မီးများ ပိတ်ထားသောကြောင့် မှောင်နေသည်။ လက်နှိပ်ဓါတ်မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့ ဧည့်ခန်းတစ်ဝိုက်မှာတော့ ဘာမှမတွေ့ရပေ။

သို့ကြောင့် မီးဖိုဆောင်ဘက်သို့ လာကြည့်တော့ အိုးခွက်





ပန်းကန်များ ဖရိုဖရဲ ဖြစ်နေပြီး အမဲသားဟင်း ချက်ထားသောအိုးမှာလည်း ကြမ်းပြင်ပေါ်သို့ မှောက်ကျနေသည်။

ဟင်းဖတ်အချို့မှာ ကြမ်းပြင်ပေါ် ကျနေသည်မှလွဲ၍ အိုးအတွင်းမှာတော့ ဟင်းမရှိတော့ပေ။

မီးဖိုဆောင်တဝိုက်သို့ လက်နှိပ်ဓါတ်မီးရောင်ဖြင့် ထိုးကြည့်သော်လည်း ဘာမှမတွေ့ရပေ။

ထိုအချိန်မှာ မိမိတို့အိပ်ခန်းဘက်ဆီမှ ခြေသံလိုလို ကြားရလေသည်။ ထို့ပြင် ညည်းညူသံလိုလို စကားပြောသံလိုလိုပါ မသဲမကွဲ ကြားရသဖြင့် ထိုနေရာဘက်သို့ လျှောက်လာကြသည်။

ထိုအခိုက်မှာပင် အိပ်ခန်းအတွင်းမှ အသံများ ပျောက်သွားပြီး အခန်းတံခါး တွန်းဖွင့်သံလိုလို ကြားလိုက်ရသဖြင့် နှစ်ယောက်သား ဘီဒိုတစ်ခု နံဘေးသို့ ကပ်နေလိုက်ကြသည်။

ခဏကြာတော့ အခန်းတံခါး ပွင့်သွားပြီး အခန်းထဲမှ မည်းမည်းသဏ္ဌာန်တစ်ခု ထွက်လာသည်။

ထိုမည်းမည်းသဏ္ဌာန် အခန်းပေါက်ဝ ရောက်သောအခါ ရပ်၍ အခြေအနေ ကြည့်နေသည်။

ထိုအခိုက်အတန့်မှာ ဒေါက်တာကျော်စွာတို့နှစ်ယောက်မှာ အသက်ပြင်းပြင်း မရှူမိအောင် သတိထားနေကြရသည်။

ထို့နောက် မည်းမည်းသဏ္ဌာန်က ခြေသံတရှပ်ရှပ်ဖြင့် နင်းကာ မီးဖိုဆောင်အတွင်းသို့ သွားပြန်လေသည်။

မီးဖိုအတွင်းသို့ ရောက်သောအခါ ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲနေသော ဟင်းဖတ်များကို ရှာဖွေစားသောက်နေသည့် 'ပလပ်. . . ပလပ်'



www.burmeseclassic.com

www.burmeseclassic.com



ဟုသောအသံများကို အတိုင်းသား ကြားနေရသည်။

ဒေါက်တာကျော်စွာတို့လည်း ခြေသံမကြားအောင် သတိဖြင့် နင်း၍ မီးဖိုဆောင်ဘက်သို့ လိုက်သွားသည်။

အတန်ကြာသောအခါ မီးဖိုဆောင်ဘက်မှ အသံများ ပျောက်ကွယ်သွားကာ အပြင်ပြန်ထွက်လာသောခြေသံကို ကြားလိုက်ရသဖြင့် နေရာမှ ရပ်ကာ သေနတ်ကို အဆင်သင့် ပြင်လိုက်သည်။

"ရှပ်. . . ရှပ်. . . ရှပ်"

ကြည့်ရင်းမှာပင် မီးဖိုထဲမှ အပြင်သို့ ထွက်လာသော သဏ္ဍာန်က မလှမ်းမကမ်း ရောက်လာသဖြင့် လက်နှိပ်ဓါတ်မီးဖြင့် ထိုးလိုက်လေသည်။

"ဟာ. . ."

ဒေါက်တာကျော်စွာမှာ မိမိမျက်စိကိုပင် မယုံနိုင်အောင်ပင် ဖြစ်သွားတော့သည်။

မီးရောင်အောက်တွင် မားမားကြီး ရပ်နေသောသဏ္ဍာန်မှာ အခြားမဟုတ်ဘဲ အသက်ဝင်နေသော သစ်ကနက် အရုပ်ကြီးပင် ဖြစ်တော့သည်။

ကပ္ပလီလူရိုင်းရုပ်ကြီးမှာ ဒေါက်တာကျော်စွာတို့နှစ်ယောက်ကို တွေ့သောအခါ နီရဲနေသောမျက်လုံးဖြင့် စိုက်ကြည့်နေကာ မျက်နှာမှာလည်း ကြောက်မက်ဖွယ်ရာအသွင် ဖြစ်နေလေသည်။

၎င်း၏ပါးစပ်ကြီးမှာလည်း လှုပ်နေပြီး ဟင်းဖတ်နှင့် ဟင်းရည် အချို့ ပေနေသည်။

ဒေါက်တာကျော်စွာမှာ တအံ့တသြဖြင့် ကြောင်၍ကြည့်နေစဉ်





မှာ ကပ္ပလီလူရိုင်းကြီး ပါးစပ်ကို 'ဟဲ' ကနဲ ဖြဲလိုက်သည်။

ထိုအခါ သွားနှင့်အစွယ်များက ပေါ်လာသည်။

ထို့နောက်မှာ လျှာကို ထုတ်လိုက်ရာ ရင်ဘတ်လောက်ထိ ရှည်ကျလာသည်။

ထိုလျှာကြီးက တယမ်းယမ်းနှင့် နှုတ်ခမ်းတဝိုက်ကို သိမ်းနေသည့်ပုံမှာ အဆာမပြေသေးသောကြောင့် ရှေ့မှာ ရှိနေသော ဒေါက်တာကျော်စွာတို့နှစ်ယောက်ကို ကျွပ်ကျွပ်မြည်အောင် ဝါးစားတော့မည့် ပုံမျိုးဖြစ်သည်။

ထို့နောက် လက်ထဲမှာ ကိုင်ထားသော ဓါးကောက်ကြီးကို မြှောက်၍ ရှေ့သို့ တစ်လှမ်းချင်း တိုးလာလေသည်။

"ဆရာကြီး. . ဟို. . ဟိုမှာ လာနေပြီ၊ လုပ်. . လုပ်ပါဦး"

မူတူးက သတိပေးလိုက်တော့မှ သတိရကာ သေနတ်ဖြင့် ချိန်ကာ ပစ်ချလိုက်သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

သေနတ်သံများ ဆူညံစွာ ထွက်လာတော့သည်။

ကျည်ဆန်များက ကပ္ပလီရုပ်ကြီး၏တစ်ကိုယ်လုံးအနှံ့ ထိမှန်ကာ အရုပ်ကြီးပြတ် ပုံကျသွားလေတော့သည်။

သေနတ်သံကြောင့် ဆေးရုံမှ လူများ၊ ဂိတ်တဲမှ ပုလိပ်များ၊ အရပ်သားများ ရောက်လာကြသဖြင့် ဒေါက်တာကျော်စွာက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။

"ဟာ. . . ဒါဆိုရင် ဒီအရုပ်ကြီးကို သရဲစီးနေတာပဲ ဖြစ်မယ်"

"တော်သေးတာပေါ့. . . လူက လက်ဦးပေလို့၊ မဟုတ်ရင် လူ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဒုက္ခပေးတော့မှာ အမှန်ပဲ"

ထို့နောက်. . .

အခန်းတွင်းရှိ မီးလုံးများကို ဖွင့်၍ ကြမ်းပြင်ပေါ် မှာ ပုံကျသွားနေသောအရုပ်ကြီးအနီးသို့ တိုးကြည့်ကြလေသည်။

အရုပ်ကြီး၏ခြေထောက်နှင့် လက်များမှာ ကျည်ဆန်ထိမှန်သဖြင့် ကျိုးကြေလျက်ရှိရုံမက ကျည်ဆန်များက ရင်ဘတ်၌သော်လည်းကောင်း၊ ဦးခေါင်းသို့သော်လည်းကောင်း ထိမှန်ကာ ဖွာလန်ကြဲထွက်နေသည်။

သစ်သားစများ အကျိုးအပဲ့များမှာ ကြမ်းပြင်ပေါ်၌ ပြန့်ကျဲနေသည်။

မျက်လုံးများက ပကတိ အဖြူရောင် ပြန်ဖြစ်နေသော်လည်း အပြင်ဘက်သို့ ပြူးထွက်နေသည်။

ပြဲထွက်နေသော နှုတ်ခမ်းတဝိုက်မှာ ဟင်းဖတ်စများ၊ ဟင်းရည်စများက ရှိနေသေးသည်။

ရုတ်တရက် ကြည့်လျှင်တော့ သာမန်အရုပ်တစ်ရုပ်သာ ဖြစ်သော်လည်း မျက်နှာမှာတော့ မူလအရုပ်နှင့် မတူဘဲ အသွင်ပြောင်းနေလေသည်။

သေနတ်ဒဏ်ရာကြောင့် မချိမဆံ့ ဝေဒနာ ခံစားပြီး အသက်ထွက်သွားသော ပုံသဏ္ဌာန်မျိုး ဖြစ်နေသည်ကို အံ့သြစွာ တွေ့ကြရလေသည်။





အခန်း(၁၀)

# ထွက်ပြေးသွားသည့် မကောင်းဆိုးဝါး

ညတွင်းချင်းမှာပင် ထိုအရုပ်ကြီးကို အပြင်သို့ သယ်ထုတ်၍ ရေနံဆီ လောင်းကာ မီးဖြင့် ရှို့ပစ်လိုက်သည်။

ထိုသတင်းကြောင့် ဦးသာကျော်နှင့် ဦးမွန်ထော်တို့ပါ ရောက်လာကြသည်။

"ဒီလို အပမှီပုံမျိုးက အတော်ကို ကြောက်ဖို့ကောင်းတယ်၊ လူကသာ လက်မဦးရင် အပမှီနေတဲ့သရဲက လူတွေကို တောက်လျှောက် ဒုက္ခပေးတော့မှာ အမှန်ပဲ"

"ဒီသရဲကလည်း အတော်အတင့်ရဲတာပဲ၊ အိမ်ထဲအထိ ရောက်အောင် လာရတယ်လို့ဗျာ၊ ဒါထက် ဒီအရုပ်ကြီး မရှိတော့ သူက ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြီလဲ”

“ဝိညာဉ်ကတော့ ရှိနေဦးမှာပေါ့၊ စားနေကျ ဖြစ်နေတော့ ဒီအိမ်ထဲမှာ နေရင်နေ၊ မနေရင် ဒီပတ်ဝန်းကျင်တဝိုက်မှာတော့ ရှိနေမှာ သေချာတယ်”

“ဒါဖြင့် ဒီအိမ်က လူတွေကို ထပ်ပြီးဒုက္ခပေးဦးမှာပေါ့”

“သူက ဒီအိမ်နဲ့ ပတ်သက်နေတာဆိုတော့ တစ်ချိန်မဟုတ် တစ်ချိန် ပြန်လာပြီး ဒုက္ခပေးဦးမှာ သေချာတယ်”

“ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမလဲ”

“အကောင်းဆုံးကတော့ တန္တေသရဲ နိုင်တဲ့ ဆရာတစ်ယောက် ခေါ်ပြီး နှင်ထုတ်နိုင်မှ ဒီကိစ္စ အေးမှာပဲ”

ဟု ဝိုင်းဝန်းပြောဆိုကြရာ အတန်ကြာသောအခါ ဦးသာကျော်က ဝင်ပြောသည်။

“အခု ဒီမှာဖြစ်တဲ့ အဖြစ်အပျက်က ပြည်မှာတုန်းက ကျုပ်ကြုံခဲ့ရတဲ့အဖြစ်နဲ့ အတော်တူတယ်၊ ပြည်မှာ နေတုန်းကတော့ သရေခေတ္တရာမြို့ဟောင်းဘက်က ဆရာတစ်ယောက်ကို ခေါ်ပြီး နှင်ရတယ်”

“အခုလည်း အဲဒီဆရာကြီးကိုပဲ သွားခေါ်ပြီး နှင်ပစ်ရရင် မကောင်းပေဘူးလား”

“အေးလေ. . . ကိုယ့်ရဲ့မိတ်ဆွေရင်းချာတွေ ဆိုတော့လည်း အကူအညီပေးရမှာပေါ့၊ ဒေါက်တာ သဘောတူရင် ဆရာကြီးကို ကျုပ်ကိုယ်တိုင် သွားခေါ်ပေးပါ့မယ်”

ဟု ဦးသာကျော်က အားတက်သရော ပြောလေသည်။

ထိုအခါ ဒေါက်တာကျော်စွာက အတန်ငယ် ကြာအောင် စဉ်း





စားနေပြီး. . .

“အင်းလေ. . . အခုတော့ ဒီနည်းပဲ သုံးရတော့မှာပေါ့၊ ဒါပေမယ့် ဦးသာကျော်ကို ဒုက္ခပေးရာများ ရောက်နေရော့မလား”

ဟု အားနာသောလေသံဖြင့် ပြောလိုက်လေသည်။

“ဒီအတွက်တော့ ဘာမှအားမနာပါနဲ့ ဒေါက်တာရယ်၊ ကိုယ့်အချင်းချင်းတွေပဲ. . . အကြောင်းရှိရင် အကူအညီပေးရမှာပေါ့၊ ကျုပ်လည်း ပြည်ဘက် ပြန်မရောက်တာ အတော်ကလေး ကြာပြီဆိုတော့ ပြန်သွားချင်နေတော့တာနဲ့ အတော်ပဲ၊ နှစ်ရက်သုံးရက်ထက် ပိုမကြာပါဘူး”

ဟု ပြောဆိုတိုင်ပင်ကာ ဦးသာကျော်က ပြည်သို့ သွားရန် စီစဉ်လေတော့သည်။

သစ်ကနက်အရုပ်ကြီးကို ဖျက်ဆီးပစ်လိုက်ပြီးနောက်ပိုင်းမှာလည်း ခြောက်လှန့်မှုများက ရပ်တန့်မသွားခဲ့ပေ။

ညအချိန်ရောက်လာလျှင် အိမ်ပေါ်မှာ လမ်းလျှောက်နေသော ခြေသံများ၊ ပစ္စည်းများကို တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ထုရိုက်သံပုတ်သံများကို ကြားနေရသည့်အပြင် အိပ်မက်ထဲမှာလည်း ကြောက်မက်ဖွယ်ကောင်းသော မောင်ဘစိန်ကို ပြန်တွေ့နေရသည်။

၎င်းက ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးဖြင့် အနားကပ်လာပြီး. . .

“မင်းကို သတ်မယ်၊ မင်းကို သတ်ပစ်မယ်”

ဟု အသံနက်ကြီးနှင့် ပြောနေလေသည်။

ကြည့်လိုက်တော့ ၎င်းတစ်ကိုယ်လုံးမှာ သေနတ်ကျည်ဆန်



www.burmeseclassic.com

www.burmeseclassic.com



ထိမှန်ထားသော ဒဏ်ရာဒဏ်ချက်များကို တွေ့မြင်ရသည်။

"နေစမ်းပါဦး. . . သစ်ကနက်ရုပ်ထုကြီးကို ဖျက်ဆီးပစ်လိုက်တာတောင် မင်းက ဒီမှာ ရှိနေသေးလား"

"ငါ့ပစ္စည်းတွေက မင်းတို့အိမ်မှာ ရှိနေသေးတာပဲ. . . နေရတာပေါ့။ မင်းကို သတ်ပြီးရင်လည်း ဒီမှာပဲ နေရဦးမှာပဲ"

ဟု ခြိမ်းခြောက်ပြောဆိုလေသည်။

အရုပ်ကြီး မရှိတော့၍ ခါတိုင်းညများကဲ့သို့ အကောင်အထည် မတွေ့ရတော့သော်လည်း အိမ်ထဲမှာ သွားလာနေသော မည်းမည်းသဏ္ဍာန်ကြီးကို အိပ်မက်လိုလိုနှင့် တွေ့နေရသည်။

ထိုတစ်ရက်နှစ်ရက်အတွင်းလောက်မှာပင် မောင်ဘစိန်၏ ရုပ်ရည်မှာ ခါတိုင်းတွေ့နေကျရုပ်မျိုးနှင့် မတူတော့ဘဲ ပိုမိုကြောက်စရာကောင်းလာတော့သည်။

ကိုယ်လုံးက ပိုမိုကြီးမားလာပြီး အရပ်အမောင်းကလည်း ပိုမိုရှည်ထွက်လာသည်။

မျက်လုံးကြီးနှစ်လုံးက ပိုမိုပြူးထွက်လာပြီး ပါးစပ်ကလည်း ပိုကျယ်လာသည်။

ပါးစပ်ထဲမှာလည်း သွားများနှင့်အစွယ်များက ပေါ်နေသည့် အပြင် တန်းလန်းကျနေသောလျှာကြီးကလည်း တယမ်းယမ်း ရှိနေသည်။ တစ်ကိုယ်လုံးမှာလည်း အမွေးရှည်များပင် ပေါက်နေချေပြီ၊ မောင်ဘစိန်မှာ သရဲဘဝမှ သဘက်ဘဝသို့ ရောက်နေဟန် ရှိလေသည်။

ဒေါက်တာကျော်စွာမှာ အိပ်မက်ထဲတွင် နေ့စဉ်လိုလို မြင်နေရ





သော မောင်ဘစိန်၏ရုပ်သွင်ကို ကြောက်ရွံ့သလိုဖြစ်လာသလို တစ်ဖက်မှလည်း ငင်းစွဲလမ်းသော ခင်မျိုးသွယ်တို့ အိမ်မှာ မရှိတော့သည့်တိုင်အောင် အဘယ်ကြောင့် ဒီအိမ်မှာပင် ဆက်နေပါလိမ့်ဟု တွေးတောမိသည်။

ဦးမွန်ထော်နှင့် တွေ့၍ ထိုအကြောင်းကို ပြောပြသောအခါ. .

"နာနာဘာဝဆိုတာ စွဲလန်းစရာ တစ်ခုခု ရှိနေရင် အဲဒီနေရာက ခွာလို့မရဘူး၊ အချို့ မသေခင်က ပစ္စည်းဥစ္စာတစ်ခုခုကိုသော်လည်းကောင်း၊ လူကိုသော်လည်းကောင်း စွဲလမ်းနေမိရင် သေပြီးတဲ့နောက်မှာ အဲဒီနေရာမှာပဲ ပရလောကသားဘဝနဲ့ နေကြတယ်ဗျ၊ အများအားဖြင့်တော့ ဥစ္စာစောင့်တွေဆိုတာ ဒါမျိုးတွေ အဖြစ်များတာပဲ၊

မောင်ဘစိန် သေတာ အတော်ကြာပြီပဲ၊ အခုအထိ ဒီအိမ်မှာ ရှိနေသေးတယ်ဆိုတော့ ဒီမှာ သူစွဲလမ်းစရာ ဒါမှမဟုတ် သူနဲ့ ပတ်သက်တာ ဘာများ ရှိနေသလဲမှ မပြောတတ်တာ"

ဟု ပြောလေသည်။

"ဒီအိမ်မှာ သူစွဲလန်းစရာဆိုလို့ အခြားတော့ ရှိမယ် မထင်ဘူး၊ လူ့ဘဝတုန်းက သူနှစ်သက်ခဲ့တာ ခင်မျိုးသွယ်ပဲ ရှိတယ်၊ အခု ခင်မျိုးသွယ်ကလည်း သူ့မိဘတွေအိမ် ပြန်ရောက်နေပြီဆိုတော့ အဲဒီကို မသွားဘဲ ဘာကြောင့် ဒီမှာပဲ ဆက်ရှိနေရသလဲမသိဘူး"

ဟု ပြောဆိုရင်း အဖြေရှာမရအောင် ရှိကြလေသည်။

သုံးရက်ခန့်ကြာသောအခါ ဦးသာကျော် ပြန်ရောက်လာလေသည်။ သူနှင့်အတူ ဆရာကြီးတစ်ဦးလည်း ပါလာလေသည်။

ဆရာကြီးက ဒေါက်တာကျော်စွာအိမ်သို့ ရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို မေးမြန်းရာ ဒေါက်တာကျော်စွာက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။

ထိုအခါ ဆရာကြီးက အတန်ကြာအောင် ငြိမ်နေပြီးမှ. . .

"ဒီအိမ်မှာ သူနဲ့ ပတ်သက်တာ တစ်ခုခု ရောက်နေတယ်၊ အောက်လမ်းဆရာတစ်ယောက်ရဲ့ အစီအရင်လုပ်ပြီး ပို့ထားတာပဲ၊ ဒါကို ရအောင်ရှာပြီး ဖယ်ထုတ်ပစ်မှ ရမယ်၊ အဲဒီလိုမှ မဟုတ်ရင် သူ့ကို နှင်ထုတ်ပစ်လည်း ကျုပ်ပြန်သွားရင် ပြန်ရောက်လာဦးမှာပဲ"

ဟု ပြောသည်။

"တစ်ခါတည်းသာ ကိစ္စပြတ်အောင် ရှင်းပေးခဲ့ပါ ဆရာကြီးရယ်၊ ဆရာကြီး ပြန်သွားမှ ထပ်ဖြစ်လာရင် ကျွန်တော်တို့လည်း တတ်နိုင်မှာ မဟုတ်လို့ပါ"

"ကျုပ်တတ်နိုင်သမျှတော့ လုပ်ပေးခဲ့ပါ့မယ်"

ထို့နောက်တွင် ဆရာကြီးက တစ်အိမ်လုံးကို ပရိတ်ချည်များဖြင့် ပတ်ခိုင်းထားခြင်း၊

အိမ်အတွင်းအပြင်အနှံ့ ပရိတ်ရေများဖြင့် ဖျန်းခြင်းများ ပြုလုပ်ပြီးနောက် ညအချိန်ရောက်သောအခါ ဘုရားစင်ရှေ့တွင် ဆီမီးတိုင်များ ထွန်း၍ ပရိတ်တရားတော်များ ရွတ်ဖတ်လေတော့သည်။ အိမ်မှာတော့ ဒေါက်တာကျော်စွာတို့ သုံးယောက်အပြင် ဦးသာကျော်နှင့် ဦးမွန်ထော်တို့ပါ ရှိနေကြလေသည်။ ၎င်းတို့တတွေမှာ တစ်ညလုံး မအိပ်ပဲ ထိုင်စောင့်နေကြလေသည်။

ပထမတစ်ညမှာတော့ ဘယ်လိုမှ မထူးခြားပဲ ငြိမ်သက်နေလေသည်။





နေ့လည်ဘက် ရောက်တော့လည်း ဆရာကြီးက ပရိတ်ရေများဖြင့် ထပ်မံ ပက်ဖျန်းပြန်လေသည်။

ညအချိန်ရောက်သောအခါ တစ်ညလုံး ပရိတ်တရားတော်များ ရွတ်ဖတ်ပြန်လေသည်။

ဒုတိယည ရောက်တော့ အနည်းငယ် ထူးခြားလာသည်။

အိမ်ပေါ်မှာ ပြေးလွှားနေသော ခြေသံများကို တစ်ညလုံး ကြားနေရသည်။

ကြည့်တော့လည်း အကောင်အထည် မမြင်ရပေ။

သို့သော်လည်း သူတို့အနီးမှ ဖြတ်၍ပြေးသွားသောကြောင့် လေဟပ်သွားသည်အထိ သိသာလေသည်။

"ခင်ဗျားကောင်တော့ ဆောက်တည်ရာမရ ပြေးလွှားနေပုံရတယ်"

"ပရိတ်တရားတော်တွေရဲ့တန်ခိုးဒဏ်ကို ဒင်း ဘာမို့ ခံနိုင်မှာလဲ"

ဤသို့ဖြင့် တစ်ညလုံးလုံး အိမ်ပေါ်မှာ ပြေးလွှားနေသော ခြေသံများကို ကြားနေရပြီး အာရုဏ်တက်ခါနီးအချိန် ရောက်သောအခါ အပေါက်ဝမှ အောက်သို့ ပြေးဆင်းသွားသော ခြေသံကြီးကို အတိုင်းသား ကြားလိုက်ရသည်။

"ဟိုကောင်တော့ ဆင်းပြေးပြီနဲ့တူတယ်၊ ခြေသံကြားလိုက်တယ်"

"ဒါပေမယ့် ခြံဝန်းတစ်ခုလုံး ပရိတ်ချည်တွေနဲ့ ပတ်ဝိုင်းထားတာ အပြင်ထွက်လို့တော့ ရမယ်မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုနေကြလေသည်။

"သူ အိမ်ပေါ်မှာ မရှိတော့ဘူး၊ ခြံဝန်းထဲ ရောက်သွားပြီ၊ ဒါပေမယ့် ထွက်လို့မရနိုင်သေးဘူး၊ ဒီညတော့ နောက်ဆုံးညပဲ၊ သူတင် ကိုယ်တင် လုပ်ရမှာပဲ၊ ခင်ဗျားတို့လည်း သတိဝီရိယနဲ့ နေကြပါ"

ဟု ဆရာကြီးက မှာသည်။

တတိယမြောက်ညအချိန် ရောက်လာ၍ ဆရာကြီးက ဘုရားခန်းမှာ ထိုင်ပြီး ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်သောအခါ အိမ်အပြင်ဘက် အမှောင်ရိပ်ထဲမှ လေပြင်းတိုက်ခတ်သကဲ့သို့ အသံများ၊

မကျေမနပ်ဖြင့် တက်ခေါက်သံ၊ ကြိမ်းဝါးသံများကို မသဲမကွဲ ကြားကြရသည်။

သန်းခေါင်ယံအချိန် ရောက်သောအခါ အိမ်နံရံကို လက်ဖြင့် တဖျမ်းဖျမ်း လာပုတ်သံများ၊

အိမ်တစ်ခုလုံး သွက်သွက်ခါ၍ တုန်သွားအောင် ကိုင်လှုပ်ခြင်း၊ အပြင် ခဲလုံးဖြင့် အိမ်ကို ပစ်ပေါက်ခြင်း၊ တုတ်ဖြင့် ရိုက်ခြင်းများ မပြတ်ပြုလုပ်ရာ ဆူညံနေတော့သည်။

ဒေါက်တာကျော်စွာတို့တတွေမှာ ဆရာကြီးက မှာထားသောကြောင့် အိမ်အောက်သို့ မည်သူမျှ မဆင်းကြပဲ အိမ်ပေါ်မှပင် အခြေအနေ လှမ်းကြည့်ကြရာ မည်းမည်းသဏ္ဍာန်ကြီးတစ်ကောင်မှာ ခြံဝန်းထဲမှာ ဆောက်တည်ရာမရ ပြေးလွှားနေသည်ကို ဝိုးတဝါး လှမ်းမြင်ကြရသည်။

အိမ်တစ်ခုလုံးမှာလည်း ၎င်း၏တွန်းထိုး လှုပ်ယမ်းမှုကြောင့်





သွက်သွက်ခါနေတော့သည်။

နံနက်ပိုင်းအာရုဏ်တက်လာသည့်အချိန် ရောက်သောအခါ အပြင်ဘက် အမှောင်ရိပ်အတွင်းမှ အသံနက်ကြီးနှင့် အော်သံကြီးကို ကြားလိုက်ကြရလေသည်။

"ပူလှပြီနော်. . . မနေနိုင်တော့ဘူး၊ ထွက်စရာလမ်း ဖွင့်ပေးကြပါ"

ဟူသောအသံကြီးမှာ အဆက်မပြတ် ကြားနေရတော့မှ ဆရာကြီးကိုယ်တိုင် အောက်ဖက်သို့ ဆင်းသွားပြီး တစ်အိမ်လုံး ပတ်ချည်ထားသော ပရိတ်ကြိုးများထဲမှ အိမ်အနောက်ဘက်ရှိ တစ်နေရာမှ ပရိတ်ကြိုးအချို့ကို ဖြုတ်ဖယ်လိုက်သည်နှင့်. . .

'ဝေါ' ကနဲ အသံကြီးတစ်ချက် ပေါ်လာပြီး ခြံဝန်းတစ်ခုလုံး တော်လဲသကဲ့သို့ မြည်ဟီးသွားကာ မည်းမည်းသဏ္ဍာန်ကြီးတစ်ကောင် ခြံဝန်းအတွင်းမှ အပြင်သို့ ပြေးထွက်သွားသည်ကို အားလုံး လှမ်းမြင်လိုက်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

# သေသူ၏ဝိညာဉ်များ

နောက်သုံးရက်ခန့်ကြာသည်အထိ အခြေအနေ မထူးပဲ ရှိနေပြီးမှ လေးရက်မြောက်သောနေ့တွင် ကုလားတစ်ယောက် ရောက်လာလေသည်။

ထိုကုလားကို ဆေးရုံမှ အလုပ်သမားကုလားတစ်ယောက်က ခေါ်လာခြင်းဖြစ်သည်။

"ဆရာကြီး. . . သူ့နာမည်က ဆာမိလို့ ခေါ်ပါတယ်၊ မီလ္လာ သိမ်းတဲ့အလုပ် လုပ်ပါတယ်"

ဟု ခေါ်လာသော ကုလားက ပြောသည်။

"ဘာကိစ္စရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ပါဘူး ဆရာကြီး၊ အခု ကျွန်တော့်ကို သရဲကြီးတစ်ကောင်က လာခြောက်နေတာ နေလို့မရတော့ပါဘူး၊ အိမ်က မိန်းမနဲ့ ကလေးတွေလည်း ကြောက်လန့်ပြီး ထွက်ပြေးကုန်ကြပြီ"

"ဘယ်လိုခြောက်တာလဲ"

"ငါ့ဟာပြန်ပေး. . . ငါ့ဟာပြန်ပေးလို့ လာအော်တောင်းနေတာပါ"

"မင်းက ဘာယူထားလို့လဲ"

"ကျွန်တော် မယူပါဘူး၊ ဒါပေမယ့် လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်တုန်းက ကျွန်တော့်ဆီကို လူတစ်ယောက် ရောက်လာပြီး အထုပ်တစ်ထုပ် လာပေးပါတယ်"

"ဟင်. . .ဘာထုပ်လဲကွ"

"ကျွန်တော်လည်း မသိပါဘူး၊ အဲဒီအထုပ်ကို ဆရာကြီးတို့ အိမ်အောက်မှာ မြှုပ်ပေးပါ ပြောပြီး ပိုက်ဆံလည်း ပေးပါတယ်၊ ဒါကြောင့် ညဘက် မိလ္လာလာသိမ်းရင်းနဲ့ အဲဒီအထုပ်ကို အိမ်အောက်မှာ မြှုပ်ထားခဲ့ပါတယ်၊ သရဲကြီးက အဲဒီအထုပ်ကို လာတောင်းနေတာလား မသိဘူး"

ဟု ကြောက်ကြောက်လန့်လန့်နှင့် ပြောလေသည်။

ထိုစကားကြားသောအခါ ဆရာကြီးအပါအဝင် အားလုံးက စိတ်ဝင်စားကြသည်။

"အဲဒီအထုပ်ကို ဘယ်နေရာမှာ မြှုပ်ထားတယ်ဆိုတာ မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ် ဆရာကြီး"





"ကိုင်း. . . ဒါဖြင့် မင်းမြှုပ်ထားတဲ့အထုပ်ကို သွားဖော်ပြီး ယူလာခဲ့"

ဟု ခိုင်းလိုက်ရာ အနောက်ဘက် အိမ်အောက်သို့ ဝင်သွားပြီး အတော်ကြာသောအခါ အထုပ်တစ်ထုပ်ကို ကိုင်ကာ ပြန်ထွက်လာလေသည်။

အထုပ်မှာ အဝတ်အနီစဖြင့် ထုပ်ထားတာဖြစ်ပြီး အဝတ်စမှာ အစိုဓါတ်ကြောင့် ဆွေးမြေ့နေပေပြီ။

အဝတ်စကို ဖြည်ကြည့်လိုက်သောအခါ အရိုးကျနေပြီ ဖြစ်သော လက်ချောင်း၊ ခြေချောင်းအချို့နှင့် ဆံပင်အချို့ကိုပါ တွေ့ရလေသည်။

"ဒါ. . .ဘာတွေလဲ ဆရာကြီး"

"တခြားတော့ မဟုတ်ဘူး၊ သေသွားတဲ့လူတစ်ယောက်ယောက်ရဲ့ဆံပင်နဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကို အစီအရင် ပြုလုပ်ပြီး အိမ်အောက်မှာ လာမြှုပ်ထားတာပဲ၊ ဒါတွေ ရှိနေသရွေ့ သေသွားတဲ့လူရဲ့ဝိညာဉ်က ဒီမှာ လာနေပြီး အိမ်ပေါ်မှာ နေတဲ့လူတွေကို နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးတော့တာပေါ့"

"ဘာကြောင့် ဒီလိုလုပ်တာလဲဟင်"

"ကျုပ်အထင်ပြောရရင်တော့ ဒေါက်တာတို့ မိသားစုကို မကျေနပ်တဲ့လူတွေက ဒုက္ခရောက်အောင် လုပ်တာပဲ ဖြစ်မှာပါ၊ အဲဒီလို စီရင်တဲ့လူတွေက သေတဲ့လူနဲ့လည်း ပတ်သက်နေတဲ့လူတွေ ဖြစ်မှာပါ"

ထိုစကားကြားသောအခါ တရားသူကြီး ဦးသာကျော်က ၎င်း၏ထင်မြင်ချက်ကို ပြောသည်။

www.burmeseclassic.com



"ဒီလိုဆိုရင် ဒေါက်တာက လူသစ်ဆိုတော့ ရန်ငြိုးရန်စတော့ ရှိမယ်မထင်ဘူး"

ဦးသာကျော်က ပြောသောအခါ ရာဇဝတ်ဝန်ထောက်ဟောင်း ဦးမွန်ထော်က အမှုတစ်ခုကို ကွင်းဆက်ချိတ်ပြသကဲ့သို့ တစ်ခုချင်း ပြောပြလေသည်။

"ဒီအတိုင်းဆိုရင်တော့ ဒေါက်တာ့ဇနီးနဲ့ပဲ ပတ်သက်နေတာ ဖြစ်မှာပေါ့။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်က သူနဲ့ ပတ်သက်ပြီး ကုလားမောင်ဘစိန်ဆိုတာ ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ဖူးတယ်၊ ဒါကြောင့် မောင်ဘစိန်ရဲ့ဆွေမျိုးသားချင်းတွေက မိန်းကလေးကို အတော်ကလေး မကျေမနပ် ဖြစ်ခဲ့ကြတယ်လို့ ပြောသံကြားလိုက်ရတယ်"

"အင်း. . . ဆက်ပြောပါဦးဗျ"

"နောက်တော့ မိန်းကလေးက တခြားက ပြောင်းလာတဲ့ ဒေါက်တာနဲ့ လက်ထပ်သွားတာကို ပိုပြီးမကျေမနပ် ဖြစ်ပြီးတော့ အောက်လမ်းဆရာနဲ့ ပေါင်းပြီး ဒေါက်တာတို့လင်မယား ဒုက္ခရောက်အောင်လို့ သေသွားတဲ့လူရဲ့ ကိုယ်လက်အင်္ဂါအချို့ကို ယူပြီး ဒီကုလားကို မြှုပ်ခိုင်းထားခဲ့တာ ဖြစ်မှာပေါ့"

"ဒီလိုလုပ်တော့ သေသွားတဲ့လူက ဘယ်မှ သွားလို့မရဘဲ မကျွတ်မလွတ်တဲ့ဘဝနဲ့ နေရမှာ သူတို့က မသိကြဘူးလား"

"သူတို့က လူမျိုးကွဲတွေဆိုတော့ ဒါတွေကို အယုံအကြည် ရှိကြတာ မဟုတ်ဘူး၊ သူတို့ ငြိုးတဲ့လူ ဒုက္ခရောက်ဖို့ပဲ အဓိကထားပြီး လုပ်ကြတာ ဖြစ်မှာပေါ့"





"ဒါမျိုးတွေက တကယ်ရော ဖြစ်နိုင်ရဲ့လားဗျ"

ထိုအခါ ကွမ်းတမြုံ့မြုံ့ ဝါးနေသော ဆရာကြီးက ဝင်ပြောလေသည်။

"ဖြစ်နိုင်ပါတယ်ဗျာ. . . အခုမှ မဟုတ်ပါဘူး၊ ရှေးကလည်း အဖြစ်မျိုးတွေ အများကြီး ရှိခဲ့တာပဲ၊ သထုံပြည်မှာ လူစွမ်းကောင်း ဗျတ်ဝိကို သတ်ပြီး ဒီအစီအရင်မျိုး လုပ်ခဲ့ဖူးတယ်လေ၊ ဗျတ်ဝိကို သတ်ပြီး အူအသည်းနှလုံးတွေကို မြို့လေးထောင့်မှာ မြှုပ်ပြီး အစောင့်ထားခဲ့တယ်၊ သွေးတွေကို တစ်မြို့လုံး ပတ်လောင်းပြီးတော့ စည်းချထားတယ်၊ လူစွမ်းကောင်း ဗျတ်ဝိရဲ့ဝိညာဉ်က မြို့ကို စောင့်ရတော့ ရန်သူတွေက မြို့ထဲကို ဝင်လို့မရဘူး"

"အင်း. . . မှန်ပါတယ်"

"နောက်တော့ ပုဂံပြည့်ရှင် အနော်ရထာမင်းက စစ်သည်အင်အား အလုံးအရင်းနဲ့ ချီတက်တိုက်ခိုက်ပေမယ့်လည်း မရဘူး၊ မြို့တွင်း ဝင်နိုင်ဖို့နေနေသာ မြို့ရိုးအနားကိုတောင် ကပ်လို့မရကြဘူး၊ နောက်ဆုံး အကြောင်းကို စုံစမ်းပြီး သိရတော့မှ လူစွမ်းကောင်း ဗျတ်ဝိရဲ့ညီ ဗျတ္တကို မြို့ရိုးပေါ် အတက်ခိုင်းတော့မှ အစ်ကိုဖြစ်သူ ဗျတ်ဝိက အကျိုးအကြောင်း လာပြောပြတယ်၊

သူ့ရဲ့အူအသည်းတွေ မြှုပ်ထားတဲ့ မြို့လေးထောင့်နဲ့ သွေးနဲ့ စည်းချထားတဲ့နေရာတွေက ဝင်လို့မရနိုင်ဘူး၊

သွေးစည်းချတာ ကြက်မတစ်ဝပ်စာ နေရာတစ်နေရာ ရှိလို့ အဲဒီနေရာကို လိုက်ပြပေးတော့မှ အဲဒီနေရာက မြို့ထဲကို ဝင်နိုင်လို့ သထုံဘုရင် မနူဟာ,ဟာ အနော်ရထာဘုရင်ရဲ့လက်အောက်ကို ကျ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ရတယ်၊

အဲဒီလို သိမ်းပြီးတာနဲ့ ဗုတ္တက မျက်စိနဲ့အသည်းနှလုံး မြှုပ်ထားတဲ့နေရာတွေမှာ ပြန်တူးပြီး မြစ်ထဲကို ပစ်ချလိုက်တော့မှ ဗုတ်ဝိရဲ့ ဝိညာဉ်လည်း မြို့စောင့်ဘဝကနေ လွတ်သွားခဲ့တော့တယ်"

"ဒါဖြင့် ဒီအစီအရင်တွေဟာ ရှေးကတည်းက ရှိခဲ့တာပေါ့နော်"

"ဂန္ဓာရအစီအရင်တွေဆိုတာ ရှေးကတည်းက ရှိခဲ့တာပါ၊ ဒါတင်မကသေးပါဘူး၊ အင်းဝ ကောင်းစားစဉ်ကလည်း ဒီလိုအစီအရင်မျိုးတွေ ရှိခဲ့ပါတယ်"

"ဘယ်လိုရှိခဲ့တာလဲ ဆရာကြီး"

"ရွှေဘိုမင်းက အင်းဝကို သိမ်းတော့ နန်းမတော်မယ်နုဟာ သူပိုင်ဆိုင်တဲ့ နန်းစဉ်ရတနာပစ္စည်းတွေနဲ့ ကျွန်ယုံတော် လေးယောက်ကို သူ့ရဲ့ဇာတိမြေ ဖြစ်တဲ့ ဖလံခုန်ရွာကို လွှတ်လိုက်တယ်၊ သူတို့လေးယောက်ကို ဖလံခုန်ရွာကို လွှတ်လို့ မကြာခင်မှာပဲ ကုန်းဘောင်မင်းက နန်းသိမ်းပွဲ ခံယူတယ်၊ အဲဒီရောက်တော့ မယ်နုတို့ ရွာဖြစ်တဲ့ ဖလံခုန်၊ ဝက်မိုး၊ မြင်းပေါက်၊ မဲအိုး စတဲ့ရွာမှာ ရှိတဲ့ မယ်နု အမျိုးအဆွေတွေ အားလုံးကို လိုက်သတ်ကြတယ်၊ မယ်နု လွှတ်လိုက်တဲ့ လူယုံတော် လေးယောက်ဟာ နောက်က ရန်သူတွေ လိုက်လာမှန်းလည်း သိရော ဘုရားကြီးနှစ်ဆူရဲ့မြောက်ဘက်မှာ ရှိတဲ့ ရေကန်ကြီးသုံးကန် ရှိတဲ့ အနက်က အလယ်ကန်ထဲကို ပစ္စည်းတွေ ချပြီး ဝှက်ထားလိုက်ကြတယ်"

"ပြောပါဦး ဆရာကြီး"

"အဲဒီလိုလည်း ချပြီးရော နောက်က ရန်သူတွေ မှီလာပြီး





လေးယောက်စလုံး အသတ်ခံကြရတယ်၊ အဲဒီလို အသတ်ခံရပြီးတဲ့ နောက်မှာ လေးယောက်စလုံး သရဲဘဝ ရောက်ပြီး ပစ္စည်းတွေကို စောင့်နေကြရတယ်၊ နောက်ပိုင်း အဲဒီနားတဝိုက်ကို လာတဲ့လူတိုင်းကို ခြောက်လှန့်ပြီး သတ်ပစ်ကြတယ်"

"တယ်လည်း ကြောက်စရာကောင်းပါလား"

"နောက်တော့ လူတွေ သေပါများလာတော့ အစွမ်းထက်မြက်တဲ့ ဆရာတစ်ယောက်ကို ခေါ်ပြီး သရဲတွေကို အနှင်ခိုင်းရတယ်၊ သရဲတွေကလည်း ဒီပစ္စည်းတွေ ရှိနေသရွေ့ ဘယ်နေရာကိုမှ မသွားနိုင်ဘူးလို့ ပြောတယ်၊ နောက်တော့ ဆရာက သူ့ရဲ့အစွမ်းနဲ့ အလယ်ရေကန်ထဲမှာ မြှုပ်ထားတဲ့ပစ္စည်းတွေကို ဘောဂဗလ သိုက်စောင့်တွေလက်ထဲ လွှဲပေးလိုက်မှ လူတွေကို လာသမျှ ဒုက္ခပေးနေတဲ့ သရဲလေးကောင်လည်း ကျွတ်သွားတော့တယ်၊

ပရလောကသားတွေဆိုတာ သူတို့ပိုင်တဲ့ပစ္စည်း၊ ဒါမှမဟုတ် သူတို့နဲ့ သက်ဆိုင်တဲ့ပစ္စည်းဆိုရင် သိပ်ပြီးအစွဲအလမ်းကြီးတတ်ကြတယ်"

ဆရာကြီးက စကားတွေ အဆုံးသတ်၍ ကွမ်းယာတစ်ယာ ဝါးနေပြန်သည်။

"ဆရာကြီးပြောတဲ့အတိုင်းဆိုရင် သေသွားတဲ့ မောင်ဘစိန်ခများလည်း ကျန်တဲ့လူတွေက မလုပ်သင့်တာတွေကို လုပ်ထားကြတော့ သူ့ပစ္စည်းတွေကို စွဲလန်းတဲ့စိတ်နဲ့ ရှိတဲ့သူတွေကို ဒုက္ခလိုမ့်ပေးတာနေမှာပေါ့"

"သူနှောင့်ယှက်တာက အရေးမကြီး၊ ဆရာကတော်လေးခများ



www.burmeseclassic.com

www.burmeseclassic.com



နေ့ရောညပါ ကြောက်လန့်စရာတွေ တွေ့နေရတော့ သနွေသားပါ ကမောက်ကမ ဖြစ်ကုန်တာပေါ့ဗျာ”

“ဒါတင် ဘယ်ကမလဲဗျာ၊ မောင်ဘစိန်က သူ့ပစ္စည်းတွေ ဒီမှာ မြှုပ်ထားတော့ စွဲလမ်းတဲ့စိတ်နဲ့ ဒီအနီးအနားတစ်ဝိုက်မှာ ရှိနေတုန်းမှာ ဆရာယူလာတဲ့ ကပ္ပလီလူရိုင်းအရုပ်ကြီး ရောက်လာတော့ သူ့အတွက် ဟန်ကျသွားတာပေါ့၊ ကပ္ပလီလူရိုင်း အရုပ်ကြီးထဲကို ပူးဝင်ပြီး သူလုပ်ချင်တာတွေ အကုန်လျှောက်လုပ်တော့တာပေါ့ဗျာ”

“အင်း. . . ဒေါက်တာခမျာလည်း ကပ္ပလီလူရိုင်းတစ္ဆေ နှောင့်ယှက်တာနဲ့ မိန်းမနဲ့ကလေးအပေါ်မှာ အထင်လွဲပြီး စိတ်အနှောင့်အယှက် ဖြစ်ကြရတယ်၊ ဟိုသားအမိမှာလည်း အပြစ်မရှိပါဘဲ အစွပ်စွဲခံရလို့ မိဘအိမ်မှာ သွားနေရတယ်. . . သနားစရာဗျာ”

“အခုတော့ အဖြေမှန် သိရပြီဆိုတော့ မိန်းမနဲ့ကလေးကို သွားပြန်ခေါ်လိုက်ရုံပေါ့ဗျာ၊ ဒါထက် အခု အိမ်အောက်က ရတဲ့အထုပ်က ဘယ်လိုလုပ်ရမလဲ ဆရာကြီး”

“ဒီအထုပ်ကို မြစ်ထဲသာ သွားပစ်လိုက်ပါတော့၊ ဒါမှ သူလည်း လွတ်ရာကျွတ်ရာဘဝကို သွားလို့ရမှာဗျ”

ဟု ပြောရာ မူတူးကိုယ်တိုင် ထိုအထုပ်ကို အသေအချာ ထုပ်ယူသွားပြီးနောက် တုံးလုံချောင်းအတွင်းသို့ ပစ်ချလိုက်လေတော့သည်။

ထိုနေ့မှစ၍ ဒေါက်တာကျော်စွာ နေသောအိမ်၌ အနှောင့်အယှက် အခြောက်အလှန့် တစ်စုံတစ်ရာ မရှိတော့ပေ။





အခန်း(၁၂)

## သံသယနိဂုံး အပြုံးမျက်နှာ

အိမ်ပေါ်သို့ ဒေါက်တာကျော်စွာ တက်လာသည်ကို မြင်သော ခင်မျိုးသွယ်ခမျာ အံ့သြဝမ်းသာဖြစ်သွားလေသည်။

ဒေါက်တာကျော်စွာ၏မျက်နှာကို အကဲခတ်ကြည့်လိုက်တော့ ဒေါသမပါသော အပြုံးမျက်နှာကို တွေ့ရသဖြင့် ပို၍အံ့သြသွားလေသည်။

ဒေါက်တာကျော်စွာက ခင်မျိုးနွယ်အနားမှာ ဝင်ထိုင်ရင်း ရင်ခွင်ထဲမှာ ပွေ့ချီထားသော သားငယ်ကို တစ်ချက်ငုံ့ကြည့်လိုက်လေသည်။

“အ. . အစ်ကို. . ”



www.burmeseclassic.com

www.burmeseclassic.com



"သွယ်လေး. . . နေကောင်းရဲ့လား၊ အတော်ကလေး ပိန်သွားတယ်နော်"

ဒေါက်တာကျော်စွာထံမှ ထိုစကားမျိုး ကြားလိုက်ရသောအခါ ခင်မျိုးသွယ်ခမျာ မျက်ရည်များ ရစ်ဝဲတက်လာသည်။

"အစ်ကို. . . ကျွန်မဆီကို လာ. . လာတာလားဟင်"

"ဟုတ်တယ်လေ. . . သွယ်လေးတို့ သားအမိကို ပြန်ခေါ်ရအောင် လာခဲ့တာပါ"

"ဟင်. . . ဒီလိုဆိုရင် အစ်ကို ကျွန်မအပေါ်မှာ သံသယတွေ ရှင်းသွားပြီပေါ့နော်"

"ဟုတ်ပါတယ်"

"သားလေးအပေါ်မှာရော အစ်ကို သံသယတွေ ရှင်းသွားပြီလား၊ အစ်ကို့ရင်သွေးဆိုတာရော အစ်ကိုလက်ခံပြီလားဟင်"

ဟု အသံတုန်တုန်ယင်ယင်ဖြင့် မေးလေသည်။

ဒေါက်တာကျော်စွာက ပြုံး၍ ခေါင်းညိတ်ပြရင်း. . .

"ကိုယ့်အပေါ်မှာ ခွင့်လွှတ်ပေးပါ သွယ်ရယ်၊ ကိုယ့်ဘက်က တစ်ဖက်သတ် အထင်မှားခဲ့တာတွေ ရှိပါတယ်၊ အဲဒီလို မဆင်မခြင် အထင်မှားမှုတွေဟာ သွယ်ရဲ့ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာကို အမည်းစက်တွေ စွန်းထင်းစေခဲ့ပါတယ်၊ ဒီအတွက် အစ်ကို့အပေါ်မှာ ခွင့်လွှတ်ပေးပါကွယ်"

ဟု ခင်မျိုးသွယ်၏လက်ကလေးကို ဆုပ်ကိုင်ကာ တောင်းပန်လိုက်လေသည်။

"ကျွန်မကို တောင်းပန်စရာ မလိုပါဘူး အစ်ကိုရယ်၊ ကျွန်မ





ရင်ထဲမှာ အစကတည်းက အစ်ကို့ရဲ့အပေါ်မှာ အပြစ်မယူခဲ့ပါဘူး၊ အစ်ကို ကျွန်မရဲ့အပေါ်မှာ အခုလို သံသယ ကင်းရှင်းသွားတာကိုပဲ ဝမ်းသာလှပါပြီ"

ဒေါက်တာကျော်စွာက ပြုံးပြရင်း ခင်မျိုးသွယ် ရင်ခွင်ထဲမှာ ပွေ့ချီထားသော ကလေးကို လက်ပြောင်းယူလိုက်သည်။

သံသယအမှောင်များ ကင်းရှင်းသွားသောအခါမှ မူလက အသားမည်းနေသော သားလေး၏မျက်နှာအရိပ်သည် အသည်းနှလုံးသို့တိုင်အောင် အဖြူရောင်များ ထင်ဟပ်လာလေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(စိတ်တစ္ဆေ) အမည်ရှိ ပရလောက ဂမ္ဘီရဝတ္ထုရှည်မှာလည်း ဤနေရာ၌ နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိဿယာဟောတု သုခိအတ္တာနံ ပရိဟာရန္တု။

ပညာဒီပ

တပြီးချိန် ။ ။ (၂၀၀၈)ခုနှစ်၊ ဩဂုတ်လ(၄)ရက်။
တနင်္ဂနွေ၊ ည(၉)နာရီ။



www.burmeseclassic.com